BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစဉ်

ပြည်သူ့လွှတ်တော်
ကိုယ်စားပြုကော်မတီကို
ထောက်ခံကြ

The Lightning Newsletter

အမှတ် (၈၁) ခရစ်နှစ်၊ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ | မြန်မာသက္ကရာဇ် (၁၃၆၈) | ( ၁၅–၁–၉၉ ) ရက်နေ့တွင်စတင်တည်ထောင်သည်။

## လွတ်လပ်ရေးရပြီးသော်လည်း ဘာကြောင့်ဒီမိုကရေစီမရသလဲ တကယ်ကောလွတ်လပ်ရေးရခဲ့ပါသလား အဲန်အယ်လ်ဒီကမေးခွန်းထုတ်



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရုံးချုပ်တွင် ကျင်းပသော လွတ်လပ်ရေးနေ့အခမ်းအနားသို့တက်ရောက်လာသော အဖွဲ့ချုပ်အဖွဲ့ဝင်များ

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၉) ကြိမ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ၂၀၀၇ ခုနှစ် ဇန်နဝါရီလ (၄) ရက်နေ့က အနောက်ရွှေဂုံတိုင်လမ်းရှိ အဖွဲ့ချုပ်ရုံးတွင်ကျင်းပရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင်များ၊ အဖွဲ့ဝင်များ၊ စီအာရ်ပီပီအဖွဲ့ဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ မျိုးဆက်သစ်ခေါင်းဆောင်များနှင့် ရန်ကုန်မြို့ရှိသံရုံးများမှ သံတမန်များအပါအဝင် စုစုပေါင်း ပြည်သူလူထု (၉၀၀) ကျော် တက်ရောက်ခဲ့သည်။

ယင်းအခမ်းအနားတွင် သဘာပတိ ဦးအောင်ရွှေက "ဒီနေ့ ကျနော်တို့စဉ်းစားရမှာက လွတ်လပ်ရေးရပြီးသော်လည်း ဘာ့ကြောင့် ဒီမိုကရေစီမရဘဲဖြစ်နေပါသလဲ။ တကယ်တော့ လွတ်လပ်ရေးရခဲ့ပါသလားဟု စဉ်းစားဖွယ်ဖြစ်နေပါတယ်" ဟု သဘာပတိမိန့်ခွန်းတွင် ထည့်သွင်းပြောဆိုခဲ့သည်။ ထို့အပြင်ပြည်တွင်းရှိ ပြည်သူလူထုအပေါ် အခွန်ငွေ အဆမတန် တိုးမြှင့်ကောက်ခံနေခြင်းနှင့်စပ်လျဉ်း၍ အခွန်ထမ်းများ၏ ရပိုင်ခွင့်ကို အလေးအနက်ထားတောင်းဆိုခဲ့ပြီး ဥပဒေ၏အထက်တွင် မည်သူမျှမရှိရဆိုသည့်အချက်ကို ထပ်မံအခိုင်အမာပြု မိန့်ကြားခဲ့ကြောင်း သတင်းများအရသိရှိရသည်။

ထို့အပြင်လွတ်လပ်ရေးနေ့ ကြေညာချက်အဖြစ် အဲန်အယ်လ်ဒီမှ စာမျက်နှာ (၇) မျက်နှာပါ ကြေညာချက်အမှတ် ၁/ ၀၁/ ၀၇ အားထုတ်ပြန်ခဲ့သည်။ ယင်းကြေညာချက်တွင် အချက် (၇) ချက်ပါ နိုင်ငံရေးပတ်ဝန်းကျင်အခြေအနေကောင်းများ ဖန်တီးပေးရန် တောင်းဆိုထားသည်။ အထူးသဖြင့် ယင်းတောင်းဆိုချက်တွင် ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည် ခွန်ထွန်းဦး၊ စိုင်းညွန့်လွင်၊ မင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုဌေးကြွယ်၊ ကိုမင်းဇေယျနှင့် ကိုပြုံးချိုတို့အား ဖမ်းဆီးထားခြင်းမှ ချွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးရန် လွှတ်တော်ကိုယ်စားလှယ်များအားလည်းကောင်း၊ အခြားနိုင်ငံရေးအကျဉ်းသားများအားလည်းကောင်း လွှတ်ပေးရန်၊ အဖွဲ့ချုပ်ရုံးများ ပြန်လည်ဖွင့်လှစ်ခွင့်ပေးရန်နှင့် အဖွဲ့ချုပ်အဖွဲ့ဝင်များအား မတရားနုတ်ထွက်စေခြင်းမှ ရပ်ဆိုင်းပေးရန်တို့ပါဝင်သည်။

ယင်းကြေညာချက်တွင် အဖွဲ့ချုပ်၏ မူဝါဒသဘောထားများကို ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းကောက်နုတ်ချက်များအား ကိုးကား၍ ထပ်မံအတည်ပြု ဖော်ပြထားသည် အထူးသဖြင့်အပြန်အလှန် ဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းသည် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြန်လည်တည်ဆောက်ရေးအတွက် အသင့်လျော်ဆုံးကျင့်စဉ်ဖြစ်ကြောင်း ဖော်ပြထားလျက် တွေ့ဆုံဆွေးနွေးအဖြေရှာရေးအတွက် ထပ်မံတောင်းဆိုထားသည်။ ❖

## ကျောင်းသားခေါင်းဆောင် (၅) ဦးစလုံး ပြန်လည်လွတ်မြောက်ပြီ

ဇန်နဝါရီ (၁၁)

ရှစ်လေးလုံးမျိုးဆက်ကျောင်းသားခေါင်းဆောင်များဖြစ်သော ကိုမင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုဌေးကြွယ်၊ ကိုမင်းဇေယျာနှင့် ကိုပြုံးချိုတို့ကို အာဏာပိုင်များက ယနေ့နံနက် (၁) နာရီခွဲတွင် ပြန်လွှတ်ပေးလိုက်သည်။

ပြီးခဲ့သည့် စက်တင်ဘာလ (၂၇) ရက်နှင့် (၃၀) ရက်နေ့များတွင် ဆက်တိုက်ဖမ်းဆီးခံလိုက်ရသော ကျောင်းသားခေါင်းဆောင်များအားလုံး ကျန်းမာရေးကောင်းမွန်ကြောင်း ပြန်လည်လွတ်မြောက်လာသူတဦးဖြစ်သော ကိုဌေးကြွယ်က အေပီသတင်းဌာနသို့ပြောကြားသည်။

ဖမ်းဆီးထားစဉ်ကာလအတွင်း ကျောင်းသားခေါင်းဆောင်များကို ပြည်ပအဖွဲ့အစည်းများနှင့်အဆက်အသွယ်ရှိမရှိ၊ နိုင်ငံခြားမှအထောက်အပံ့ငွေများ လက်ခံယူခြင်း ရှိမရှိနှင့်ပတ်သက်၍ မေးမြန်းခဲ့ကြောင်း ကိုဌေးကြွယ်ကပြောသည်။

ကိုဖီအာနန်နေရာတွင်ဆက်ခံသော ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်သစ် ဘန်ကီမွန်း၏ မြန်မာနိုင်ငံတွင် မတရားဖမ်းဆီးခံနေရသော နိုင်ငံရေးအကျဉ်းသားများ အားလုံးပြန်လွှတ်ပေးရေးတောင်းဆိုပြီး (၂) ရက်အကြာတွင် ကျောင်းသားခေါင်းဆောင်များ ယခုကဲ့သို့ ပြန်လည်လွတ်မြောက်လာခြင်းဖြစ်သည်။

အမေရိကန်ပြည်ထောင်စုကလည်း ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလုံးကို ခြွင်းချက်မရှိ ပြန်လွှတ်ပေးရန်တောင်းဆိုထားသော လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်မူကြမ်းတခုကို လုံခြုံရေးကောင်စီအဖွဲ့ဝင်များထံ အဆိုပြုနေသည်။ ၎င်းဆုံးဖြတ်ချက်မူကြမ်းတွင် နိုင်ငံသားများ၏ နိုင်ငံရေးအခွင့်အရေးများ အပြည့်အဝရရှိရေးနှင့် တိုင်းရင်းသားနယ်မြေမှ နအဖ၏ထိုးစစ်များရပ်တန့်ပေးရန် အချက်များလည်းပါဝင်သည်။ အမေရိကန်သည် ယခုနှစ်ဆန်းပိုင်းအတွင်း မြန်မာနိုင်ငံကို လုံခြုံရေးကောင်စီက အရေးယူရန်အတွက် ကြိုးပမ်းသွားမည်ဟု ကတိပြုထားသည်။

ကျောင်းသားခေါင်းဆောင်များ မလွတ်မြောက်ခင် နာရီအနည်းငယ်ကပင် ဖိလစ်ပိုင်နိုင်ငံ၊ ဆီးဘူးမြို့တွင်ကျင်းပနေသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေး

စာမျက်နှာ (၇) ကော်လံ (၄) သို့



ပြန်လည်လွတ်မြောက်လာသော ရှစ်လေးလုံးမျိုးဆက်ကျောင်းသားခေါင်းဆောင်များ

ကနေ့တိုင်းပြည်တွင် တိုးတက်များပြားလာနေသော လူဦးရေကိုအခြေခံထားပြီး စဉ်းစားရန်လိုပါတယ်။ တချိန်က နယ်ချဲ့တို့၊ ဖက်ဆစ်တို့ စိုးမိုးမှုခံနေရစဉ်က ကျွန်ဘဝထက်သာသော လူနေမှုဘဝသို့ အခုရောက်နေပါပြီလား။ အများကတော့ အဲဒီတုန်းကဘဝအခြေအနေထက် ဆိုးတယ်လို့မြင်နေကြတယ်ဟု ကြားရပါတယ်။ ဘာပဲဖြစ်ဖြစ် ဒီဘဝတွေကလွန်မြောက်ဖို့ဆိုရင် နိုင်ငံတော်အစိုးရသာမက တိုင်းရင်းသားလူမျိုးစုများအပါအဝင် ကျနော်တို့ နိုင်ငံရေး၊ လူမှုရေးအဖွဲ့အစည်းများမှ ဝိုင်းဝန်းကြိုးစားကြပါစို့ဟု ယနေ့လွတ်လပ်ရေးနေ့အခမ်းအနားတွင် ဆုတောင်းလိုက်ပါတယ်။

သဘာပတိမိန့်ခွန်းကောက်နုတ်ချက်မှ
၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်။

ပင်းဆိုးကို … ပစ်ပြီ

# အယ်ဒီတာ့အာဘော်

## ကိုယ့်အကျိုးဖြစ်ထွန်းအောင်လုပ်ကြဖို့ လိုပြီ

နိုင်ငံတကာအစိုးရများကျင့်သုံးသော နိုင်ငံခြားရေးမူဝါဒကို လေ့လာကြည့်ပါက အကြမ်းဖျဉ်းအားဖြင့် ဝီလဆင်ဝါဒနှင့် မက်ခရာဗယ်လီဝါဒဟူ၍ နှစ်မျိုးသာရှိကြောင်း ကျွမ်းကျင်သူများက ဝိဂြိုလ်ပြုကြသည်။ ပထမအခေါ်အဝေါ်က လူ့အခွင့်အရေးစသည့် စံတန်ဖိုးများကို ကိုယ်စားပြုပြီး ဒုတိယအခေါ်အဝေါ်က ကိုယ်ကျိုးစီးပွားကိုသာ ပဓာနပြုသည်ဟုဆိုကြသည်။

ပြီးခဲ့သည့် ဇန်နဝါရီလ (၁၂) ရက်နေ့က လုံခြုံရေးကောင်စီ၌ မြန်မာ့အရေး (Situation in Myanmar) ဟူသော အာဂျင်တာဖြင့် အဆိုပြုချက်မူကြမ်း ၅၊ ၂၀၀၇၊ ၁၄ အား မဲခွဲဆုံးဖြတ်ကြသည်။ အဆိုပြုချက်မူကြမ်းတွင် အရေးယူရန်လုံးဝမပါ။ ငြိမ်းချမ်းသောနည်းလမ်းဖြစ်သည့် တွေ့ဆုံဆွေးနွေးခြင်းဖြင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ရန် ဦးတည်ထားသည်။ သို့သော် ...

ဗီတိုအာဏာကိုင်စွဲထားသော် တရုတ်နှင့်ရုရှားတို့က ကန့်ကွက်မဲပေးခြင်းအားဖြင့် အဆိုပြုချက်မူကြမ်းမှာ အတည်ပြုချက်ဖြစ်မလာခဲ့။ လုံခြုံရေးကောင်စီအဖွဲ့ဝင် (၁၅) နိုင်ငံအနက် (၉) နိုင်ငံထောက်ခံသဖြင့် ပုံမှန်အားဖြင့် အတည်ပြု ရမည်ဖြစ်သော်လည်း ဗီတိုအာဏာကိုင်စွဲသောနိုင်ငံများ၏ ပယ်ချမှုကြောင့် ရှုံးနိမ့်ခဲ့ရသည်။ မည်သို့ပင်ဖြစ်စေ တဒင်္ဂအားဖြင့် စစ်အာဏာရှင်တို့အတွက် အားတက်ဖွယ်ဖြစ်သည်။

ဘာ့ကြောင့် တရုတ်နှင့်ရုရှားတို့က ကန့်ကွက်မဲပေးခဲ့ကြသနည်း။ ရှင်းပါသည်။ သူတို့၏အကျိုးစီးပွားနှင့် မကိုက်ညီသောကြောင့်ဖြစ်သည်။ အမေရိကန်နှင့်အခြားနိုင်ငံများကကော အဘယ့်ကြောင့် ထောက်ခံပါသနည်း။ တူညီသောအဖြေကိုသာထုတ်စရာရှိပါသည်။ မြန်မာကိစ္စသည် သူတို့အကျိုးစီးပွားနှင့် တိုက်ရိုက်မဟုတ်စေကာမူ သွယ်ဝိုက်၍ ဆက်နွယ်နေသောကြောင့်ဖြစ်သည်။ ပြီးခဲ့သည့်ဒီဇင်ဘာလကုန်ခါနီးတွင် အီရန်နျူကလီးယားကိစ္စ၌ အမေရိကန်၊ ရုရှား၊ တရုတ်တို့သဘောတူသော အရေးယူမှု (Sanction) တခုကို ချမှတ်ခဲ့သည်။ ရှင်းပါသည်။ သူတို့အားလုံး၏ အကျိုးစီးပွားတူညီမှုကြောင့်ဖြစ်သည်။

ယနေ့ ကမ္ဘာ့သစ်အစီစဉ်ကို ကျနော်တို့လေ့လာမှ ပိုမိုနားလည်သဘောပေါက်ပါမှ နိုင်ငံကြီး (Super Powers) များနှင့် ပခုံးချင်းယှဉ်၍ ကျနော်တို့ပြည်သူအကျိုးသယ်ပိုးနိုင်မည်။ တရုတ်လူ၊ ရုရှားလူ၊ အမေရိကန်လူ၊ အင်္ဂလိပ်တပည့် စသည့် စသည့် ယနေ့ဆူပါပါဝါများ (တရုတ်၊ အမေရိကန်၊ ရုရှား) ဘယ်ကဲ့သို့ အချင်းချင်း အပြန်အလှန်အကျိုးပြုမှုတို့ တည်ဆောက်ကြမည်ဆိုသည့်အချက်မှာ၊ နှစ်ဆယ့်တစ်ရာစု၏ အဓိကစိန်ခေါ်ချက်ဟု ပညာရှင်များက သတ်မှတ်နေချိန်၌ ကျနော်တို့က မြေဇာပင်ဖြစ်ချင်နေ၍မဖြစ်။ အတိတ်သမိုင်းတွေက ခါးသီးလှပါသည်။ ယနေ့တိုင် အနာမကျက်သေး။ အငြင်းပွားနေခြင်းက အင်မတန် အန္တရာယ်ကြီးသည်။ ဒါဆိုရင်ကျနော်တို့ လုပ်ရမည်က ဘာပါနည်း။ ရှင်းပါသည်။ ကျနော်တို့သည် ကျနော်တို့ပြည်သူလူထု၏လူ၊ တနည်းအားဖြင့် ပြည်သူလူထု၏ကျွန်သာဖြစ်သည်။ ကျနော်တို့ပြည်သူလူထု အကျိုးစီးပွားကိုသာ ဦးထိပ်ထားရမည်။ လက်တွေ့ အကျိုးသယ်ပိုးနိုင်ရန်အတွက်လည်း ကျနော်တို့က ကမ္ဘာမှာ ဘာဖြစ်နေသည်၊ ဘာတွေဖြစ်တော့မည်ကို လေ့လာရမည်။ ယင်းပကတိအခြေအနေများကို ကျနော်တို့လူထုအကျိုးအတွက် အသုံးချနိုင်မည့် ပညာပြည့်ဝနှလုံးလှသည့် အနာဂတ်ခေါင်းဆောင်ကောင်းများကို မွေးထုတ်ရမည်။ တနည်းအားဖြင့် တိုင်းချစ် ပြည်ချစ်စိတ်ဓါတ်ကို ဖော်ထုတ်ကြရပေမည်။ ဤစိတ်ဓာတ်ကိုအခြေပြု၍ အမျိုးသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်ရပေမည်။

ဇန်နဝါရီ (၁၂) ရက် လုံခြုံရေးကောင်စီမြင်ကွင်းက ကျနော်တို့ကို တန်ဖိုးရှိလှသောသင်ခန်းစာတရပ် ပို့ချလိုက်သည်။ "မည်သူတို့ကိုမျှ တပည့်မခံနှင့်၊ အင်အားကြီးနိုင်ငံများကြား နေတတ်အောင်နေ။ ကိုယ့်ပြည်သူအကျိုး ဖြစ်ထွန်းအောင်လုပ်၊ ကိုယ့်အားကိုယ်ကိုး၍ အများလေးစားရမည့် ဂုဏ်သိက္ခာရှိသောလူမျိုးဖြစ်အောင်လုပ်၊ ဒါမှ (၂၁ ) ရာစုမှာ ကျနော်တို့မျိုးဆက်များ မျက်နှာမငယ်ဖြစ်မည်" ဟူသတည်း ...။

## ဒေါ် အောင်ဆန်းစုကြည်ကို အိန္ဒိယဖောင်ဒေးရှင်းတခုက ဆုချီးမြှင့်ရန်ရွေးချယ်



၂၀၀၇ နှစ်သစ်တွင် အိန္ဒိယနိုင်ငံ၏ ပထမဆုံးအကြိမ်ပေးအပ်မည့် ဆူဘတ်ချန်ဒရာဘို့စ်ဆုရှင်အဖြစ် ဒေါ်အောင်ဆန်းစုကြည်ကိုရွေးချယ်ကြောင်း အိန္ဒိယနိုင်ငံ၊ ကာလကတ္တားအခြေစိုက် ဆူဘတ်ချန်ဒရာဘို့စ်ဖောင်ဒေးရှင်းက ဒီဇင်ဘာ (၂၆) ရက်နေ့တွင် ဆုံးဖြတ်လိုက်သည်။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင်၏ ဒီမိုကရေစီအရေးကြိုးပမ်းမှုများနှင့် စစ်အာဏာစနစ်အောက်မှ မြန်မာပြည်သူများလွတ်မြောက်ရေးအတွက် အနစ်နာခံကြိုးပမ်းမှုများကိုဂုဏ်ပြုသည့်အနေဖြင့် အိန္ဒိယနိုင်ငံ၏ လွတ်လပ်ရေးခေါင်းဆောင်ဖြစ်သူ ဆူဘတ်ချန်ဒရာဘို့စ်ဆုကို ချီးမြှင့်ခြင်းဖြစ်ကြောင်း ဘို့စ်ဖောင်ဒေးရှင်းကဆိုသည်။

အိန္ဒိယနှင့်မြန်မာပြည်သူများသည် သမိုင်းကြောင်းအရ နီးနီးကပ်ကပ် ဆက်ဆံမှုများရှိခဲ့ပြီး အိန္ဒိယနိုင်ငံ၏ ဗြိတိသျှကိုလိုနီလက်အောက်မှ လွတ်မြောက်ရေး ရုန်းကန်မှုများတွင် မြန်မာပြည်သူများ၏ အားပေးရိုင်းပင်းမှုများရှိခဲ့ခြင်းသည် မြန်မာ့လူထုကိုကိုယ်စားပြုသော ဒီမိုကရေစီခေါင်းဆောင်အား ဆုချီးမြှင့်ရန်အကြောင်း တချက်ဖြစ်ခဲ့သည်ဟု ဘို့စ်ဖောင်ဒေးရှင်း၏ အတွင်းရေးမှူး ဒေဗရာဂျမ်ကပြောသည်။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင်သည် ၁၉၉၃ ခုနှစ်ကလည်း အိန္ဒိယနိုင်ငံ၏ အကြီးအကျယ်ဆုံးဆုတဆုဖြစ်သော ဂျဝါဟာနေရူးဆုချီးမြှင့်ခြင်းခံခဲ့ရသည်။ ဆူဘတ်ချန်ဒရာဘို့စ်ဆုကို ၁၉၆၇ ခုနှစ်ကလည်း ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်ကို ချီးမြှင့်ခဲ့သဖြင့် ဒေါ်အောင်ဆန်းစုကြည်သည် ၎င်းဆုကိုလက်ခံယူမည့် ဒုတိယမြောက် မြန်မာနိုင်ငံသားဖြစ်သည်။

ဆုပေးပွဲကို ဇန်နဝါရီလ (၂၃) ရက်နေ့၊ ဆူဘတ်ချန်ဒရာဘို့စ်၏ အသက် (၁၁၀) ပြည့်မွေးနေ့တွင် ကာလကတ္တားမြို့၌ အခမ်းအနားနှင့်ချီးမြှင့်မည်ဖြစ်ပြီး ဆုချီးမြှင့်ရေးအဖွဲ့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ထံ အကြောင်းကြားထားပြီးဟုလည်းသိရသည်။ ❖

## ဒေါက်တာစင်သီယာမောင်ကို ကမ္ဘာ့ကလေးအခွင့်အရေးဆိုင်ရာဆုချီးမြှင့်

ကလေးအခွင့်အရေးဆိုင်ရာဆုအတွက် ယခုနှစ် အမည်တင်သွင်းခြင်းခံရသူများတွင် ထိုင်းမြန်မာနယ်စပ် မဲဆောက်မြို့ရှိ မြန်မာတိုင်းရင်းသားဒုက္ခသည်များနှင့် အလုပ်သမားများ၏ကျန်းမာရေးအပြင် ကလေးသူငယ်များ၏ ကျန်းမာရေးနှင့်ပညာရေး စောင့်ရှောက်ကူညီမှုပေးနေသော ဒေါက်တာစင်သီယာမောင်လည်းပါဝင်သည်။

ဆွီဒင်အခြေစိုက်အဖွဲ့ (WCPRC) က ချီးမြှင့်သောဆုအတွက် အမည်စာရင်းတင်သွင်းခံရသူများတွင် ထိုင်းမြန်မာနယ်စပ်တွင် အကူအညီမဲ့နေသော ရွှေ့ပြောင်းမြန်မာများနှင့် ဒုက္ခသည်များ၏ကျန်းမာရေးအတွက် နှစ်ပေါင်း (၂၀) နီးပါး စောင့်ရှောက်မှုပေးနေသော ဒေါက်တာစင်သီယာမောင်၊ (၁၁) နှစ်ကြာ အဆင်းရဲဆုံးအကာကွယ်မဲ့ ကလေးများအတွက် အရေးပေါ် တယ်လီဖုန်းလိုင်းဖွင့်ထားပေးပြီး၊ ကျောင်းရာပေါင်းများစွာဖွင့်လှစ်ပေးခဲ့သော အိန္ဒိယနိုင်ငံက (Inderjit Khurana) နှင့် သူကိုယ်တိုင်ငယ်စဉ်တောင်ကျေးဘဝက အစော်ကားခံရပြီး မိန်းကလေးငယ်များနှင့် ကလေးအခွင့်အရေးအတွက် ရုန်းကန်ပေးခဲ့သူ ဇင်ဘာဘွေနိုင်ငံက (Betty Makoni) တို့ပါဝင်သည်။

ဆွီဒင်ဘုရင်မ ဆီလ်ဗီယာ၊ တောင်အာဖရိကခေါင်းဆောင် နယ်လ်ဆင်မင်ဒဲလ်လား၊ အရှေ့တီမောခေါင်းဆောင် ဇာနာနာဂုမ်မာအိုနှင့် စီးပွားရေးနိုဘယ်လ်ဆုရှင် ဂျိုးဇက်စတစ်လစ်တို့က နာယကအဖြစ်ဆောင်ရွက်သော WCPRC အဖွဲ့သည် ကမ္ဘာတဝှမ်းကလေးများနှင့် လူငယ်များကို ထောက်ခံအားပေးပြီး ကုလသမဂ္ဂကလေးများဆိုင်ရာ သဘောတူညီချက်အရ ကလေးများအခွင့်အရေးကို နိုင်ငံတကာက ရိုသေလေးစားပြီး ကလေးများ၏အသံကို ကြားရအောင် ဆောင်ရွက်ပေးနေသောအဖွဲ့ကြီးလည်းဖြစ်သည်။

ဆုကို အမည်စာရင်းတင်သွင်းခံထားရသူ (၃) ဦးစလုံးကို ချီးမြှင့်မည်ဖြစ်ပြီး ဆုရသူများကို စုစုပေါင်း အမေရိကန်ဒေါ်လာ (၁၄၀,၀၀၀) နှင့်ညီမျှသော ဆွီဒင်ခရိုနာ (၁) သန်းချီးမြှင့်မည်ဖြစ်သည်။ ဆုရှင်ကို ဧပြီလ (၁၃) ရက်နေ့ နေ့လည် (၁၂) နာရီတွင် ဆွီဒင်နိုင်ငံစတော့ဟုမ်းမြို့တွင် သတင်းစာရှင်း လင်းပွဲဖြင့်ကြေညာမည်ဖြစ်ပြီး ဧပြီလ (၁၆) ရက်နေ့တွင် ဆွီဒင်နိုင်ငံ၊ မာရီဖရက်မြို့ရှိ ဂရစ်ရှမ်းရဲတိုက်၌ ဆုချီးမြှင့်မည်ဖြစ်သည်။ အဆိုပါ ဆုပေးပွဲအခမ်းအနားသို့ ဆွီဒင်ဘုရင်မကြီးဆီးလ်ဗီတာလည်း တက်ရောက်မည်ဖြစ်သည်။



ကမ္ဘာတဝှမ်းတွင် ကလေးအခွင့်အရေးနှင့်ဒီမိုကရေစီအတွက် ပညာရေးအခြေခံသောအရေးယူဆောင်ရွက်မှုများ လုပ်ဆောင်ပေးနေသောအဖွဲ့သည် နိုင်ငံပေါင်း (၈၂) နိုင်ငံမှ ကျောင်းပေါင်း (၂) သောင်းနှင့် ကလေးငယ်ပေါင်း (၁၁) သန်းတို့ ပါဝင်လှုပ်ရှားနေသောအဖွဲ့ဖြစ်သည်။

❖



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ (၁၁) ရက်
၁၃၆၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၉) ရက်။

အထူးကြေညာချက် ၁/ ၀၁/ ၀၇

ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံအရေးနှင့်စပ်လျဉ်း၍ အဆိုပြုချက်တရပ်အပေါ် ဆွေးနွေးနေသည်ဟု ကြားသိရပါသည်။ ထိုအဆိုပြုချက်မူကြမ်းတွင် အရေးယူမှုများ လုံးဝမပါကြောင်း ကြားသိရပါသည်။ ထို့အပြင် ငြိမ်းချမ်းသောနည်းလမ်းဖြစ်သည့် တွေ့ဆုံဆွေးနွေးခြင်းဖြင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ရန်အတွက်သာ အဓိကထားကြောင်း ကြားသိရပါသည်။

သို့ပါသဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများအားလုံးက ထောက်ခံကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၁၁၊ ၁၊ ၀၇ ရက်နေ့တွင်ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ....

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ (၁၅) ရက်
၁၃၆၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁၃) ရက်။

အထူးကြေညာချက်–၂/၀၁/၀၇

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် မြန်မာနိုင်ငံ၏ အမှန်တကယ်လိုအပ်ချက်ဖြစ်သော အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် တွေ့ဆုံဆွေးနွေးရေးကို အစဉ်တစိုက်ကြိုးပမ်းလျှက်ရှိပါသည်။ သို့သော်လည်း နိုင်ငံတော်အာဏာကိုရယူထားသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက လစ်လျူရှုလျှက်ရှိပါသည်။ ထို့ကြောင့် ကုလသမဂ္ဂအထွေထွေညီလာခံများတွင် အကြိမ်ကြိမ်အခါခါ တင်ပြဆွေးနွေးခဲ့ပြီး ဖြစ်ပါသည်။ ကုလသမဂ္ဂအထွေထွေညီလာခံကလည်း အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် တွေ့ဆုံဆွေးနွေးရေးတို့အတွက် ဆုံးဖြတ်ချက်များ အကြိမ်ကြိမ်ချမှတ်ခဲ့ပြီးဖြစ်ပါသည်။ သို့သော်လည်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက လိုက်နာခြင်းမရှိပဲ မျက်ကွယ်ပြုလျှက်ရှိပါသည်။ သို့ပါ၍ မြန်မာအရေးကိစ္စသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ရောက်ရှိလာခြင်းဖြစ်ပါသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံအရေးနှင့်စပ်လျဉ်း၍ ဗီတိုအာဏာသုံးစွဲနိုင်ခွင့်ရှိသော အမြဲတမ်းအဖွဲ့ဝင်နှစ်နိုင်ငံက ဗီတိုအာဏာသုံးခဲ့ကြောင်း သိရှိရပါသည်။ မြန်မာပြည်သူများ အမှန်တကယ်တွေ့ကြုံနေရသော အကြပ်အတည်းအခက်အခဲများကိုသိရှိလျက်နှင့် ဗီတိုအာဏာသုံးစွဲခဲ့သော ထိုနှစ်နိုင်ငံသည် နိုင်ငံတကာအရေးများတွင် တာဝန်ရှိသည့်အားလျော်စွာ အထူးစဉ်းစားဆောင်ရွက်သင့်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က သဘောထားပါသည်။ လူသားခြင်းစာနာထောက်ထားမှုစေတနာများဖြင့် ထောက်ပံ့ခဲ့ကြသော နိုင်ငံ (၉) နိုင်ငံများကို ကျေးဇူးတင်ရှိပါသည်။ မြန်မာနိုင်ငံအရေးသည် နိုင်ငံအရေးဖြစ်လာပါသဖြင့် မည်သည့်အခြေအနေတွင်မဆို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် မိမိတို့ရပ်တည်လျှက်ရှိသောမူအရ အကြမ်းမဖက်ဘဲ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် တွေ့ဆုံဆွေးနွေးရေးကို ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း မြန်မာပြည်သူလူထုနှင့်တကွ ကမ္ဘာ့နိုင်ငံအသီးသီးမှ ပြည်သူပြည်သားများကို အထူးအသိပေးကြေညာလိုက်ပါသည်။

၁၅၊ ၁၊ ၀၇ ရက်နေ့တွင်ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ....

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ရန်ကုန်မြို့

# စစ်အာဏာရှင်နအဖ၏ ညောင်နှစ်ပင်ညီလာခံ တစခန်းရပ်ပြန်

ဒီဇင်ဘာ (၃၀)

ပြီးခဲ့သည့် အောက်တိုဘာလ (၁၀) ရက်နေ့က ပြန်လည်ကျင်းပခဲ့သော နအဖ၏ ညောင်နှစ်ပင်ညီလာခံကို ယမန်နေ့က ထပ်မံဆိုင်းငံ့ထားလိုက်သည်။

ညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ကိုယ်စားလှယ်တော်ကြီးများအားလုံးအတွက် အဆင်ပြေမည့်အချိန်ကျမှ ညီလာခံကို ပြန်လည်ကျင်းပမည်ဟုပြောသည်။

ပြန်လည်ကျင်းပမည့် ရက်၊ အချိန် အတိအကျမသိရသော်လည်း ၂၀၀၇ ခုနှစ်ဆန်းပိုင်းတွင်ဖြစ်နိုင်သည်ဟု ညီလာခံကိုယ်စားလှယ်များက ခန့်မှန်းသည်။ ညီလာခံကိုယ်စားလှယ်တဦးကိုကိုးကားသော ရိုက်တာသတင်းတွင် ညီလာခံကို လာမည့်နှစ် မေလအတွင်း ပြန်လည်ကျင်းပမည်ဟု ရေးသားထားသည်။

ညီလာခံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း၊ နိုင်ငံရေးပါတီများအခန်း၊ နိုင်ငံတော်အလံ၊ နိုင်ငံတော်သီချင်း၊ မြို့တော်ရွေးချယ်ခြင်း၊ အသွင်ကူးပြောင်းရေးကာလဆိုင်ရာပြဋ္ဌာန်းချက်များ စသော အခန်း (၈) ခု၏ ခေါင်းစဉ်များနှင့် အသေးစိတ်အခြေခံမူများချမှတ်နိုင်ခဲ့ပြီး ကျန်ရှိသောအခန်း (၇) ခန်းကိုလည်း အခန်းလိုက်ဆွေးနွေးနိုင်ခဲ့ပြီးဖြစ်သဖြင့် အခန်းအလိုက် ခေါင်းစဉ်များအားလုံး ပြီးပြတ်သွားပြီဖြစ်ကြောင်း ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ကပြောသည်။ ကျန်ရှိနေသေးသော အသေးစိတ်အခြေခံမူများကို ညီလာခံပြန်လည်ကျင်းပသည့်အချိန်တွင် ဆက်လက်ချမှတ်သွားမည်ဟုလည်း သူကဆိုသည်။



၂၀၀၇ ခုနှစ် မေလအတွင်း ပြန်လည်ကျင်းပမည့် နအဖ၏ အမျိုးသားညီလာခံ

ညီလာခံသို့ အပစ်အခတ်ရပ်ထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များအပါအဝင် အလုပ်သမား၊ လယ်သမား၊ ဝန်ထမ်း၊ ပညာရှင်၊ စသော နအဖစိတ်တိုင်းကျဖိတ်ကြားထားသော ကိုယ်စားလှယ် (၁,၀၈၀) ဦး တက်ရောက်ခွင့်ရှိသည့်အနက် (၁,၀၇၀) ဦး တက်ရောက်သဖြင့် ညီလာခံ အထမြောက်ကြောင်း ဗိုလ်ချုပ်သိန်းစိန်ကပြောသည်။

ညီလာခံတွင် ကိုယ်စားလှယ်တော်များ တင်ပြသော ဆွေးနွေးချက်များအားလုံး လျစ်လျူရှုခံရသဖြင့် ညီလာခံကိုယ်စားလှယ်များ၏ မကျေမနပ်ပြောဆိုမှုများရှိနေသည်။

ယခုညီလာခံသည် ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလအတွင်းက ရာထူးမှဖယ်ရှားခံလိုက်ရသော နအဖဝန်ကြီးချုပ်ဟောင်း ကြေညာသော စည်းကမ်းပြည့်ဝသောဒီမိုကရေစီသို့ သွားရာလမ်းပြမြေပုံပါ အဆင့် (၇) ဆင့်၏ ပထမလုပ်ငန်းစဉ်ဖြစ်သည်။

အနောက်တိုင်းသံတမန်များနှင့် သုံးသပ်သူများက ဒေါ်အောင်ဆန်းစုကြည်နှင့် အတိုက်အခံခေါင်းဆောင်များကို ဖမ်းဆီးထားစဉ်တွင်ကျင်းပသော နအဖ၏ညီလာခံသည် ဗိုလ်ချုပ်ကြီးများ အာဏာလက်မလွှတ်ရေး ကြိုးပမ်းမှုတရပ်အဖြစ်သာ မြင်ကြသည်။ ညီလာခံ၏ အခြေခံမူ (၆) ချက်အနက် အနာဂတ်နိုင်ငံတော်၏ နိုင်ငံရေးဦးဆောင်မှုတွင် တပ်မတော်ကပါဝင်ရေးဆိုသည့် အချက်ကို ပညာရှင်များက ထောက်ပြကြသည်။

၂၀၀၃ ခုနှစ်က ကြေညာထားသော လမ်းပြမြေပုံအရ အမျိုးသားညီလာခံအပြီးတွင် ဆက်လက်လုပ်ဆောင်ရန်ရှိသော လူထုဆန္ဒခံယူပွဲနှင့် ရွေးကောက်ပွဲအသစ်ကျင်းပရေးအတွက် နအဖဘက်က ကြိုတင်အကွက်ချပြင်ဆင်နေသည်ဟု သတင်းများလည်းထွက်ပေါ်နေသည်။ ❖

# စစ်အုပ်စု၏ရွှေတူးဖော်ရေးလုပ်ငန်းကြောင့် ဟူးကောင်းချိုင့်ဝှမ်းအမှောင်ကျ

နအဖ၏ ရွှေတူးဖော်မှုလုပ်ငန်းဒဏ်ကို ကချင်လူထုအတွင်းကြီးအကျယ်ခံနေရသည်ဟု ကချင်ဖွံ့ဖြိုးရေးအဖွဲ့တခုဖြစ်သော Kachin Development Networking Group-KDNG က ဇန်နဝါရီလ (၁၀) ရက်နေ့တွင် ထုတ်ဖော်ပြောဆိုလိုက်သည်။

ကချင်ပြည်နယ်နေ့တွင်ထုတ်ပြန်သော အဖွဲ့၏ အမှောင်ထုချိုင့်ဝှမ်း (Valley of Darkness) အစီရင်ခံစာတွင် ရွှေတွင်းများတူးဖော်ခြင်းကြောင့် သစ်တောပြုန်းတီးမှု၊ မြစ်ချောင်းအင်းအိုင်တိမ်ကောမှု စသည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများအပြင် ရွှေထုတ်လုပ်မှုနှင့်ဆက်စပ်နေသော ကချင်ပြည်နယ်အတွင်းက မူးယစ်ဆေးဝါး၊ လောင်းကစားနှင့်လိင်မှုဆိုင်ရာ နောက်ဆက်တွဲဆိုးကျိုးများပါ ထင်ဟပ်ဖော်ပြထားသည်။

ရွှေတွင်းတခုတွင် ဘိန်းမည်းစွဲသူ (၈၀) ရာနှုန်းနှင့် ဘိန်းဖြူနှင့် စိတ်ကြွဆေးသုံးစွဲသူ (၃၀) ရာနှုန်းခန့်ရှိကြောင်း အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါမှာလည်း ကချင်လူထုအတွင်း စိုးရိမ်ဖွယ်ဖြစ်လာနေသော်လည်း ဒေသခံအာဏာပိုင်များသည် မူးယစ်ဆေးဝါးရောင်းချသူများနှင့် ပြည့်တန်ဆာလုပ်ငန်းများလုပ်သူများနှင့် ငွေကြေးအပေးအယူလုပ်ကာ အားပေးအားမြှောက်လုပ်နေသည်ဟု အစီရင်ခံစာကဆိုသည်။ ။

၎င်းအပြင် ကချင်အမျိုးသားလွတ်မြောက်ရေး (ကေအိုင်အို) အဖွဲ့အပစ်အခတ်ရပ်စဲရေးပြုလုပ်ခဲ့သည့် ၁၉၉၄ ခုနှစ်နောက်ပိုင်း ကချင်ပြည်နယ်၊ ဟူးကောင်းချိုင့်ဝှမ်းဒေသသို့ ပုဂ္ဂလိကရွှေတူးဖော်ရေးကုမ္ပဏီများနှင့်အတူ စစ်အစိုးရတပ်များလည်း တိုးမြှင့်ဝင်ရောက်လာကြောင်း၊ ၁၉၉၄ ခုနှစ်မှ ၂၀၀၆ ခုနှစ်အတွင်း တပ်ရင်း (၂၆) မှ (၄၁) ရင်းသို့ များပြားလာကြောင်း၊ စစ်တပ်အင်အားတိုးများလာခြင်းနှင့်အတူ လူ့အခွင့်အရေးချိုးဖောက်မှုများလည်း များပြားလာကြောင်း အစီရင်ခံစာတွင်ရေးသားထားသည်။

အမေရိကန်အခြေစိုက် တောရိုင်းတိရစ္ဆာန်များထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (Wildlife Conservation Society) နှင့် စစ်အစိုးရတို့က ဟူးကောင်းချိုင့်ဝှမ်းဒေသကို ကမ္ဘာ့အကြီးဆုံးကျားမျိုးများ စောင့်ရှောက်ထိန်းသိမ်းရေးဒေသအဖြစ် ၂၀၀၁ ခုနှစ်က သတ်မှတ်ထားသည်။

အစီရင်ခံစာ၏ဖော်ပြချက်အရ ၂၀၀၂ ခုနှစ်တွင် ကချင်ပြည်နယ်တဝန်းရှိ မြေအကျယ်အဝန်းအားလုံး၏ (၁၈) ရာနှုန်းကို ရွှေတူးဖော်ရေးအတွက် စစ်အစိုးရက ပုဂ္ဂလိကကုမ္ပဏီ (၈) ခုသို့ရောင်းချခဲ့ကြောင်း၊ ရွှေတွင်းလုပ်ကိုင်သည့်ကုမ္ပဏီများတွင် ဆီးဆန်းစတား (Sea Sun Star) နှင့် အေးရှားဝေါလ် (Asia World) ကုမ္ပဏီတို့ပါဝင်ကြောင်းသိရသည်။

၁၉၉၄ ခုနှစ်က ရွှေတွင်း (၁၄) ခုရှိရာမှ ၂၀၀၆ ခုနှစ်တွင် (၃၁) ခုရှိလာခဲ့သည်။ ၂၀၀၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် လူဦးရေ (၇၀,၀၀၀) ခန့်နေထိုင်သည့် မြေဧရိယာ (၂၁,၈၉၀) ကီလိုမီတာကျယ်ဝန်းသော ဟူးကောင်းချိုင့်ဝှမ်းတွင်း ဟိုက်ဒရောလစ်ရွှေမိုင်းများနှင့် မြေတွင်းရွှေမိုင်းပေါင်း (၁၀၀) ခန့်ရှိလာသည်ဟုလည်း ဖော်ပြထားသည်။

ရွှေတွင်းကုမ္ပဏီများက ရွှေတွင်းများမှ နှစ်ပတ်လည်ဝင်ငွေ၏ (၃၅) ရာနှုန်းမှ (၅၀) ရာနှုန်းကို သတ္တုတွင်းဝန်ကြီးဌာနသို့ အခွန်ပေးဆောင်ရသည့်အပြင် စစ်အစိုးရထိပ်ပိုင်းခေါင်းဆောင်များ၊ သတ္တုတွင်းဝန်ကြီးနှင့် ဒေသဆိုင်ရာအာဏာပိုင်များကိုလည်း လာဘ်ငွေပေးရသည်ဟု အစီရင်ခံစာတွင်ဖော်ပြထားသည်။ ❖



မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေလျင်စီမှ ထုတ်ဝေသည်

# ပတာနီလမ်းစဉ်




**အပြောင်းအလဲမြန်ပြီး ဝရုန်းသုန်းကားနဲ့ ဖြစ်ချင်ရာဖြစ်နေတဲ့ ဒီနေ့ကမ္ဘာကြီးမှာ ဘာကိုမှ ကြိုတင်ဟောကိန်းထုတ်လို့မရနိုင်တာကြောင့် ဒီပတာနီလမ်းစဉ်ဟာ ရှေ့လျှောက်ဘာဖြစ်လာမယ်ကို ပြောနိုင်ဖို့အင်မတန်ကို ခက်ခဲနေပါတယ်။**

ထိုင်းနိုင်ငံတောင်ပိုင်းက ပတာနီဒေသဟာ လွန်ခဲ့တဲ့နှစ်တရာကျော်က လွတ်လပ်တဲ့ အစ္စလာမ်စော်ဘွားနိုင်ငံတနိုင်ငံဖြစ်ပါတယ်။ ဒီနယ်မြေဟာ ဘုရင်နာရစ်စွမ်လက်ထက်ကစပြီး ယိုးဒယားလက်အောက်ခံတပိုင်းဖြစ်နေခဲ့ပါတယ်။ ဒါပေမဲ့ ၁၇၆၇ ခုမှာ အယုဒ္ဓယမြို့တော်ကို ဗမာဘုရင့်တပ်တွေ သိမ်းပိုက်ဖျက်ဆီးလိုက်တဲ့အခါ ပတာနီနိုင်ငံလည်း ယိုးဒယားလက်အောက်က လွတ်မြောက်သွားခဲ့ပါတယ်။ ဗမာပြည်မှာ ကရင်နီပြည်ဟာ ၁၈၇၅ ခု အင်္ဂလိပ်–မြန်မာစာချုပ်အရ လွတ်လပ်ရေးရခဲ့ပေမဲ့ ပတာနီပြည်ကတော့ အဲဒီအဖြစ်နဲ့ပြောင်းပြန် ၁၉၀၉ ခုနှစ် အင်္ဂလိပ်–ထိုင်းစာချုပ်အရ ထိုင်းက ပြန်သိမ်းပိုက်တာခံခဲ့ရတယ်။

ထိုင်းအစိုးရဟာ နရာသီဝတ်နဲ့ယာလားနယ်မြေတွေကို ပတာနီနယ်ထဲကခွဲထုတ်ပြီး သီးခြားပြည်နယ်တွေအဖြစ် သတ်မှတ်ခဲ့တယ်။ ဒီလို သိမ်းသွင်းလိုက်ပြီးနောက်မှာ ပြည်မကဗုဒ္ဓဘာသာဝင် ထိုင်းလူမျိုးတွေကို အစ္စလာမ်ဘာသာဝင် ဒေသခံမလေးလူမျိုးတွေက တောက်လျှောက်ဆန့်ကျင်ခဲ့ကြတယ်။ ထိုင်းအစိုးရတချို့ကလည်း မဟာလူမျိုးကြီးဝါဒကျင့်သုံးပြီး ဒေသခံတွေရဲ့ မလေးဘာသာစကား၊ အစ္စလာမ်ယဉ်ကျေးမှုတွေကို ချုပ်ချယ်ပိတ်ပင်တာတွေလုပ်ခဲ့ကြတယ်။ အဆိုးဆုံးကတော့ ဒေသခံတွေကို ကိုယ်ပိုင်အုပ်ချုပ်ရေးမပေးဘဲ ပြည်မရဲ့ ဗဟိုဦးစီးစနစ် အုပ်ချုပ်ရေးချတဲ့အထိလုပ်လို့ ပဋိပက္ခပိုကြီးခဲ့တာတွေရှိတယ်။

ဒီလိုနဲ့ ၁၉၆၀–၇၀ ခုနှစ်များမှာ လက်နက်ကိုင်တော်လှန်ရေးလှုပ်ရှားမှုတွေ ပေါက်ကွဲလာခဲ့တယ်။ ဒီတော်လှန်ရေးတွေကို ပတာနီညီညွတ်ရေးလွတ်မြောက်ရေးအဖွဲ့ PULO၊ အမျိုးသားတော်လှန်ရေးတပ်ဦး BRN စတဲ့ အဖွဲ့အစည်းတွေက ဦးဆောင်ဆင်နွှဲခဲ့တာဖြစ်ပါတယ်။ ထိုင်းအစိုးရက ဒီပုန်ကန်မှုတွေကို တဖက်က စစ်ရေးနည်းလမ်းနဲ့ နှိမ်နင်းပြီး တဖက်က ဖွံ့ဖြိုးရေးလုပ်ငန်းတွေ တကယ်လုပ်ပေးတဲ့ စည်းရုံးရေးနည်းလမ်းနဲ့ဆွဲဆောင်လို့ ၁၉၈၀ ခုနှစ်များမှာ ပြိုကွဲသွားခဲ့ပါတယ်။ သူပုန်တွေအားလုံးလည်း ထိုင်းဘုရင်ရဲ့ လွတ်ငြိမ်းချမ်းသာခွင့်အစီအစဉ်နဲ့ လက်နက်ချသွားကြပါတယ်။

နောက်ပိုင်းမှာတော့ ဒီဒေသဟာအရင်လို အပစ်ပယ်ခံ၊ လျစ်လျူရှုခံ ပြန်ဖြစ်သွားခဲ့တယ်။ အခု အာဏာသိမ်းခံခဲ့ရတဲ့ သက်ဆင်ရဲ့ပေါ်လစီတွေဟာ ပတာနီမွတ်စလင်တွေကို မကျေနပ်မှုတွေ ပိုကြီးထွားစေခဲ့တယ်။ ဒီအနေအထားအောက်မှာ ၉–၁၁ တိုက်ခိုက်မှုကလည်းဖြစ်သွားတော့ လွန်ခဲ့တဲ့သုံးနှစ်လောက်ကစလို့ မလေးရှားနယ်စပ်က ထိုင်းမွတ်စလင်ပြည်နယ်သုံးခုမှာ လက်နက်ကိုင်တိုက်ခိုက်မှုတွေ ပြန်ပေါ်လာပါတယ်။ ပြန်လည်ဆန်းသစ်လာတဲ့ ပတာနီတော်လှန်ရေးဟာ အရင်တုံးကနဲ့ ပုံစံအများကြီးကွဲသွားပါတယ်။

အခုခေါင်းဆောင်နေတဲ့အဖွဲ့က PULO၊ BRN စတဲ့အဖွဲ့ဟောင်းတွေမဟုတ်ပါဘူး။ ပုံစံဟောင်းဗဟိုဦးစီးစနစ်နဲ့ ခေါင်းဆောင်နေတဲ့အဖွဲ့အစည်း ရှိကိုမရှိပါဘူး။ ဒါကြောင့်လည်း လက်ရှိထိုင်းအစိုးရက ငြိမ်းချမ်းရေးကမ်းလှမ်းပြီး ဘယ်သူနဲ့ဆွေးနွေးရမှန်း မသိဖြစ်နေပါတယ်။ ဒါပေမဲ့ အခုတော်လှန်ရေးထဲမှာ အသက် ၅၀–၆၀ အရွယ်တွေ ရောက်နေတဲ့၊ လက်နက်ချထားတဲ့ အရင်ပတာနီရဲဘော်ဟောင်းတချို့တော့ ခေါင်းဆောင်တွေအဖြစ် တပ်မှူးတွေအဖြစ် ပြန်ပါဝင်ကြတယ်။ အဓိက အင်အားစုတွေကတော့ အသက် (၃၀) အောက်လူငယ်တွေ ဖြစ်ပါတယ်။ ဒီလူငယ်တွေဟာ ပုံစံဟောင်းအဖွဲ့အစည်းထီးတခုခုအောက်မှာ အတိအလင်း ပါဝင်ပတ်သက်ဖို့၊ ဖွဲ့ဖွဲ့စည်းစည်းလုပ်ဖို့ ငြင်းဆန်ကြတယ်။ ကွန်ယက်ဖွဲ့စည်းမှုအတိုင်း ဗဟိုမရှိ၊ စစ်ဦးစီးမထားဘဲ ကိုယ်ပိုင်လွတ်လပ်မှုရှိရှိ လှုပ်ရှားကြတယ်။ ဗဟိုဦးစီးဖွဲ့စည်းမှုမရှိလို့ ဘယ်သူခေါင်းဆောင်နေသလဲဆိုတာ ဘယ်လည်ဝယ်ပြီး ကတုံးပေါ်ထိပ်ကွက်နိုင်ဖို့ လိုအပ်သလို စစ်တပ်နဲ့ရဲလှုပ်ရှားမှုတွေကိုလည်း ထောက်လှမ်းသိရှိနိုင်ဖို့ ပိုလွယ်တဲ့အကျိုးကျေးဇူးလည်းရှိတယ်။ အရေးကြီးဆုံးကတော့ ကိုယ့်ပတ်ဝန်းကျင်ကလူထုကို စည်းရုံးထားနိုင်တာပဲဖြစ်ပါတယ်။ ဒါ့အပြင် ကိုယ့်သတင်း ရန်သူ့ဆီရောက်စေတဲ့လူဆိုရင် မွတ်စလင်ဗလီဆရာဘဲဖြစ်ပစေ ရက်ရက်စက်စက်ပြတ်ပြတ်သားသား သုတ်သင်ပစ်တဲ့နည်းနဲ့လည်း ပတ်ဝန်းကျင်ကိုထိန်းထားတယ်။

တိုက်ခိုက်ရေးသမား လူသစ်တွေကို စတင်စည်းရုံး လူသစ်စုဆောင်းပုံကတော့ အပတ်စဉ် စနေ၊ တနင်္ဂနွေ ဘာသာရေးခေါ် အမှည့်ချွေတိုက်ခိုက်ဖျက်ဆီးရေးလုပ်ငန်းဖြစ်ပါတယ်။

နောက်ဆုံးမှာတော့ တကယ့်တိုက်ခိုက်သတ်ဖြတ်မှုအဆင့်ရောက်သွားပါတယ်။ ဒီအဆင့်ထဲမှာလည်း အစပိုင်းမှာ သူများတွေပြောက်ကျားပစ်၊ ဗုံးထောင်နေတုန်း ကင်းစောင့်ပေးတာ၊ ကားလမ်းကို သစ်ပင်လှဲပိတ်ဆို့တာ၊ ကားတာယာမီးရှို့ပိတ်ဆို့တာမျိုးလုပ်ရပြီး နောက်ပိုင်းမှာတော့ ကိုယ်တိုင်ကိုယ်ကျ ဗုံးထောင်ရတယ်။ ဒါပေမဲ့ ထောင်ရုံပဲထောင်ရပြီး အဝေးထိန်းခလုတ်နှိပ်တာကိုတော့ တခြားလူကလုပ်ပါတယ်။ နောက်ဆုံးအဆင့်မှာတော့ သူများထောင်ထားတဲ့ ဗုံးကိုသူမှမသိကြဘူး။ ထိုင်းထောက်လှမ်းရေးလည်းမသိ၊ စီအိုင်အေလည်း မသိပါဘူး။

အခုတော်လှန်ရေးသစ်မှာ ဟိုတုန်းကလို တောင်မြင့်မြင့် တောခေါင်ခေါင်မှာ စခန်းချပြီး သူပုန်လုပ်တာမျိုး မရှိပါဘူး။ အခုသူပုန်က တောတွင်းလက်နက်ကိုင်သူပုန်မဟုတ်တဲ့ မြို့တွင်းလက်နက်ကိုင် ယူဂျီသူပုန်တွေဖြစ်ပါတယ်။ တောတောင်မရှိတဲ့ အီရတ်နဲ့ပါလက်စတိုင်းက တော်လှန်ရေးတွေပုံစံမျိုးဖြစ်ပါတယ်။ စစ်သင်တန်းတက်တာလောက်ဘဲ တောထဲသွားလုပ်ပြီး ကျန်တဲ့အချိန် ရွာထဲမြို့ထဲမှာဘဲ နေကြတာဖြစ်ပါတယ်။ တော်လှန်ရေးသမားလို့ နာမည်မခံဘဲ 'တိုက်ခိုက်ရေးသမား'လို့ နာမည်ခံထားတဲ့ ဒီလူငယ်တွေဟာ တခြား ထိုင်းနိုင်ငံသားလူငယ်တွေလို ဂျင်းဘောင်းဘီနဲ့တီရှပ်ဝတ်ပြီး မြို့တွေရွာတွေထဲမှာ ပြည်သူလူထုကြားမှာဘဲ ပုန်းကွယ်နေကြတယ်။

တောင်ပိုင်းပြည်နယ်သုံးခုမှာရှိတဲ့ ကျေးရွာအားလုံးရဲ့ (၈၀) ရာခိုင်နှုန်းမှာ တရွာကိုအနည်းဆုံး ကလပ်စည်းတခုရှိတယ်။ ချောင်ကျတဲ့ရွာတွေဆိုရင် ထိုင်းစစ်တပ်နဲ့ပုလိပ်မလာရဲတဲ့ လွတ်မြောက်ဒေသလိုမျိုးဖြစ်နေတယ်။ တိုက်ခိုက်ရေးသမားတွေဟာ ကလပ်စည်းတွေထဲကနေ တိုက်ခိုက်ဖို့လိုအပ်ချိန်မှာ ထွက်လာတာဖြစ်ပါတယ်။ မြို့တွေရွာတွေထဲမှာဘဲနေတဲ့အတွက် အလွယ်တကူ အဖမ်းမခံရအောင် ထိုင်းစစ်တပ်နဲ့ရဲထက် ပိုပါးနပ်သင်တန်းကျောင်းတွေက စပါတယ်။ အဲဒီကျောင်းတွေမှာ အမျိုးသားရေးစိတ်ဓာတ်၊ ပတာနီသမိုင်းနဲ့ ဘာသာရေးယုံကြည်ချက်တွေပို့ချပြီး အတွေးအခေါ် တည်ဆောက်ပေးတယ်။ တရားဝင်သိမ်းသွင်းပွဲတွေကို ညဖက်မှာလုပ်တယ်။ လူသစ်တယောက်ချင်းကကိုရန်ကျမ်းကိုကိုင်ပြီး မိမိကလပ်စည်းကို သစ္စာဆိုရတယ်။ ဒီနောက် အာရဗီစာနဲ့ရေးထားတဲ့ သစ္စာအဓိဌာန် (၂၄) ချက်ပါတဲ့ စာရွက်ကိုဝါးစားပြီး ဗလီဆရာဆီက တောင်းထားတဲ့ ပရိတ်ရေစင်နဲ့မျိုချရတယ်။ ဒါပြီးရင်တော့ ကိုယ့်ကိုယ်ကိုယ် ပြီးဆေးစားလိုက်ရသလိုမျိုး ခံစားမိပြီး ဘာမဆိုလုပ်ရဲကိုင်ရဲဖြစ်လာတယ်။ ရန်သူ့လက်မှာ ဘယ်လောက်ညှဉ်းပန်းနှိပ်စက်ခံရပစေ တလုံးမှမဖော်တဲ့ သတ္တိမျိုးတောင် ရသွားတယ်လို့ဆိုတယ်။

ကလပ်စည်းဝင်ဖြစ်လာပြီးတဲ့အခါ ပထမဆုံးလုပ်ရတာက စာရွက်စာတမ်းဖြန့်တာ၊ ထိုင်းလူမျိုး ဗုဒ္ဓဘာသာဝင်တွေ၊ ရန်သူ့ဒေါက်တိုင် မလေးလူမျိုးမွတ်စလင်တွေကို ခြိမ်းခြောက်စာတွေ၊ ရာဇသံပေးတာတွေ ဖြန့်ရတယ်။ အဲဒီအဆင့်ကနေ သိတ်မကြာလိုက်ဘဲ လက်တွေ့ဖျက်ဆီးနှောင့်ယှက်မှုအဆင့်ကို တက်သွားတယ်။ ဒီအဆင့်မှာတော့ အနိမ့်ဆုံးအားဖြင့် ထိုင်းနိုင်ငံတော်အလံတွေ မီးရှို့တာကနေ ထိုင်းအစိုးရရုံးတွေ၊ ထိုင်းစာသင်ကျောင်းတွေမီးရှို့တာ၊ ရထားလမ်း၊ ကားလမ်းဖျက်ဆီးတာအထိပါဝင်တဲ့ Sabotage ကိုယ်ကိုယ်တိုင် အဝေးထိန်းခလုတ်နှိပ်ခွင့်ရလာတယ်။ အများသိကြတဲ့အတိုင်း ပတာနီသူပုန်တွေဟာ ပစ်တာခတ်တာထက် ဗုံးခွဲတာကို ပိုလုပ်ကြပါတယ်။ ဒါပေမဲ့ ပါလက်စတိုင်း၊ အီရတ်တော်လှန်ရေးသမားတွေလို အသေခံဗုံးခွဲတာမျိုးတော့ အခုထိ မရှိသေးပါဘူး။ ပစ်ခတ်သုတ်သင်တာကိုတော့ သင်းကွဲထိုင်းစစ်သားတွေ၊ ရဲတွေအပေါ် လျှပ်တပျက်လုပ်ကြတယ်။ ထိုင်းအစိုးရက ဆဲလ်ဖုံးတွေကို မှတ်ပုံတင်ပြဝယ်ရတဲ့စနစ်လုပ်ပေမဲ့လည်း ပတာနီတိုက်ခိုက်ရေးသမားတွေကတော့ ဆဲလ်ဖုံးတွေနဲ့ အဝေးထိန်းဗုံးတွေ တခြိမ်းခြိမ်းခွဲနေဆဲပါဘဲ။

ကလပ်စည်းတခုစီဟာ ကိုယ်ပိုင်စစ်ဆင်ရေးလွတ်လပ်ခွင့် ကြီးကြီးမားမားရှိကြတယ်။ ဘယ်အချိန်၊ ဘယ်နေရာမှာ ဘယ်သူ့ကို တိုက်ခိုက်မယ်ဆိုတာကို ကလပ်စည်းခေါင်းဆောင်က ဆုံးဖြတ်ပါတယ်။ ထိုင်းစစ်တပ်နဲ့ ပုလိပ်ကို အဓိကထားတိုက်ခိုက်ပေမဲ့ လူမျိုးရေးအမြင်အခြေခံတာဖြစ်လို့ ဗုဒ္ဓဘာသာဘုန်းတော်ကြီးတွေ၊ ဗုဒ္ဓဘာသာဝင်ကျောင်းဆရာတွေ၊ အစိုးရဝန်ထမ်းတွေကိုပါ ရက်ရက်စက်စက် သတ်ဖြတ်ကြတယ်။ ဒါ့အပြင် စီးပွားရေးအဓိကထားတဲ့ ထိုင်းတွေရဲ့အသားနုစီးပွားရေးပစ်မှတ်တွေဖြစ်တဲ့ ဘဏ်တိုက်တွေ၊ စတိုးဆိုင်တွေ၊ လေဆိပ်တွေကိုလည်း ဗုံးခွဲတိုက်ခိုက်ကြတယ်။ ထိုင်းလူမျိုးတွေတင်မကဘဲ မလေးနွယ် မွတ်စလင်တွေထဲက ထိုင်းနဲ့ပေါင်းသူတွေ၊ သူကြီးတွေ၊ ကောင်စီတွေ၊ သတင်းပေးအင်ဖော်မာတွေကိုပါ သတ်ကြတယ်။

ဒီအကြမ်းဖက်လုပ်ငန်းတွေကို ဘာသာရေးအစွန်းရောက် မွတ်စလင်အမျိုးသားလူငယ်တွေကဘဲ လုပ်တာမဟုတ်ပါဘူး။ အစ္စလမ်ဘာသာဟာ အမျိုးသမီးတွေကို အင်မတန်ခွဲခြားဆက်ဆံတယ်။ အင်မတန်နှိမ်တယ်ဆိုပေမဲ့ တိုက်ပွဲတွေမှာ အမျိုးသမီးတွေကလည်း ကိုယ်ပိုင်အသိစိတ်နဲ့ တတပ်တအားပါဝင်ကြပါတယ်။ ပြီးခဲ့တဲ့ဇူလိုင်လထဲတုန်းက နရာသီဝတ်ပြည်နယ်က ရွာတရွာမှာ ရွာသားလူငယ်တချို့ကို အကြမ်းဖက်အဖွဲ့ဝင်လို့မသင်္ကာတာကြောင့် ထိုင်းစစ်တပ်က ဖမ်းဆီး သွားခဲ့ပါတယ်။ ဒီအခါမှာ အဲဒီရွာသားလူငယ်တွေရဲ့ ဆွေမျိုးသားချင်း အမျိုးသမီး (၃၀) လောက်ဟာ ကျေးရွာမူကြိုကျောင်းဆရာမလုပ်နေတဲ့ ထိုင်းမ (၂) ယောက်ကို ဓားစာခံဖမ်းပြီး၊ မိမိတို့ရွာသားတွေကို ပြန်လွှတ်ပေးဖို့ တောင်းဆိုကြတယ်။ ဖမ်းထားတဲ့အထဲက ဆရာမတယောက်ကို ထိုင်းစစ်တပ်သတင်းပေးဆိုပြီး ဝိုင်းဝန်းရိုက်နှက်ကြလို့ သေသွားတယ်။ အမျိုးသမီးတချို့က မူကြိုကျောင်းထဲမှာ ဆရာမတွေကို ဖမ်းချုပ်ထိန်းသိမ်းနေရိုက်နှက်နေတုံး တခြားအမျိုးသမီးတွေက အဲဒီမူကြိုကျောင်းဆီကို ထိုင်းစစ်တပ်၊ ရဲနဲ့ ဒေသအုပ်ချုပ်ရေးဝန်ထမ်းတွေ မလာနိုင်အောင် လမ်းတွေပိတ်ဆို့ထားပေးတယ်။ ဒီလုပ်ငန်းတခုလုံးကို အမျိုးသမီးတွေချည်းဘဲ လုပ်သွားတာဖြစ်ပါတယ်။

အခုလို အရပ်သားတွေ၊ ဘုန်းကြီးတွေ ပစ်မှတ်ထားတာကို PULO၊BRN အဖွဲ့ဝင်ဟောင်းတွေက မနှစ်မြို့ကြပါဘူး။ တိုက်ခိုက်ရေးသမားလူငယ်မျိုးဆက်သစ်တွေကတော့ မွတ်စလင်တယောက်သေရင် ဗုဒ္ဓဘာသာဝင်ဆယ်ယောက်သေရမယ်ဆိုပြီး ကြိမ်းဝါးကြတယ်။ ကြိမ်းဝါးတဲ့အတိုင်းလည်း တကယ်လုပ်ကြတယ်။ သူတို့က အောင်မြင်မှုမရခဲ့တဲ့ PULO၊BRN တို့ဟာ ရာဇဝင်ထဲမှာကျန်ခဲ့ပြီ လို့ အထင်အမြင်သေးတဲ့လေသံနဲ့ ပြောကြတယ်။ မျိုးဆက်ဟောင်း PULO၊BRN အဖွဲ့ဝင်တွေဟာ မျိုးဆက်သစ်တိုက်ခိုက်ရေးသမားတွေအပေါ် သိတ်ဩဇာမညောင်းနိုင်ပါဘူး။ "အခုခေတ် တိုက်ခိုက်ရေးသမားတွေဟာ ဘယ်သူနဲ့မှ စေ့စပ်ဆွေးနွေးဖို့ သဘောထားမရှိဘူး။ ဘာဒိုင်ယာလော့မှ စိတ်မဝင်စားဘူး။ သူတို့ဟာချရေးဘဲ စိတ်ဝင်စားတယ်"လို့ BRN ပြောက်ကျားဟောင်း တယောက်က ပြောပါတယ်။ မျိုးဆက်ကွာဟချက်ဟာ ပတာနီအမျိုးသားရေး လှုပ်ရှားမှုထဲမှာ သိသာထင်ရှားစွာဖြစ်ပေါ်နေပါတယ်။

အပြောင်းအလဲမြန်ပြီး ဝရုန်းသုန်းကားနဲ့ ဖြစ်ချင်ရာဖြစ်နေတဲ့ ဒီနေ့ကမ္ဘာကြီးမှာ ဘာကိုမှ ကြိုတင်ဟောကိန်းထုတ်လို့မရနိုင်တာကြောင့် ဒီပတာနီလမ်းစဉ်ဟာ ရှေ့လျှောက်ဘာဖြစ်လာမယ်ကို ပြောနိုင်ဖို့ အင်မတန်ကို ခက်ခဲနေပါတယ်။ လောလောဆယ်မှာတော့ ထိုင်းအစိုးရအဖို့ ဘယ်လိုမှဖြေရှင်းမရနိုင်တဲ့ အကျပ်အတည်းဖြစ်နေတာကသေချာမှုတခုပါဘဲ။

(ရည်ညွှန်း။ ။တိုင်းမ်မဂ္ဂဇင်း ၂၀၀၆ ဒီဇင်ဘာ ၄ ရက်ထုတ်)

ဂါမဏီ

# ကလေးငယ်များရောင်းစားခံရမှု တနေ့တခြားပိုများလာ ပိုမိုပူးပေါင်းတိုက်ဖျက်ကြရန်လိုအပ်

ဒီဇင်ဘာ (၁၂)

ထိုင်း–မြန်မာနယ်စပ်တလျှောက်တွင် ကလေးကူးသန်းရောင်းဝယ်မှု တနေ့တခြား ပိုများလာသဖြင့် အဖွဲ့အစည်းအားလုံးနှင့် မိဘများ ပူးပေါင်းလုပ်ဆောင်ရန် လိုအပ်သည်ဟု မြန်မာရွှေ့ပြောင်းအလုပ်သမားများပညာရေးကော်မတီဝင်တဦးက ပြောကြားသည်။

ထိုင်း–မြန်မာနယ်စပ်ရှိ ဆာသူလေး အထက်တန်းကျောင်းတွင် ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ''ကလေးသူငယ်များကူးသန်းရောင်းဝယ်မှု ပပျောက်ရေးနေ့'' အခမ်းအနား၌ မြန်မာရွှေ့ပြောင်းအလုပ်သမားများ ပညာရေးကော်မတီအဖွဲ့မှ ကျောင်းကျန်းမာရေးတာဝန်ခံ စောနေဦးက''ထိုင်း–မြန်မာနယ်စပ်တလျှောက်မှာ ကလေးကူးသန်းရောင်းဝယ်မှု တနေ့တခြားပိုမိုများပြားလာတယ်။ မြန်မာနိုင်ငံသားတွေဟာ စားဝတ်နေရေးမပြေလည်တဲ့အတွက်ကြောင့် မိသားစုနဲ့အတူ ကလေးအများအပြားဟာ ထိုင်းနိုင်ငံထဲကို တနေ့တခြား ပိုမိုဝင်ရောက်လာလို့ဖြစ်တယ်''ဟု ပြောသည်။

အခမ်းအနားကျင်းပရသည့်ရည်ရွယ်ချက်နှင့်ပတ်သက်၍ မြန်မာရွှေ့ပြောင်းအလုပ်သမားများ ပညာရေးကော်မတီဥက္ကဋ္ဌ ဆရာမကြီး နော်ဖောရယ်က ''ကလေးသဘာဝအတိုင်း သာယာပြီးတော့ ကလေးတွေ ရသင့်ရထိုက်တဲ့အခွင့်အရေးတွေ ရရှိအောင် ပညာပေးဖို့ရည်ရွယ်ပြီးတော့ အခမ်းအနားကို ကျင်းပတာဖြစ်ပါတယ်''ဟု ပြောသည်။

လူ့အခွင့်အရေးပညာပေးဌာန မဲဆောက်တာဝန်ခံနန်းမူက ကလေးအလုပ်သမားများသည် လုပ်အားခဈေးပေါသဖြင့် လူကုန်သည်များနှင့်အလုပ်ရှင်များကြား အရောင်းအဝယ်ဖြစ်နေကြောင်း၊ ထို့အပြင် ကလေးပြည့်တန်ဆာအဖြစ်စေခိုင်းခြင်းနှင့် မူးယစ်ဆေးဝါးသယ်ယူဖြန့်ဖြူးသည့်နေရာတို့တွင်လည်း ကလေးများ အသုံးချခံနေကြကြောင်း ပြောသည်။

ယနေ့အခမ်းအနားကို မယ်တော်ဆေးခန်း၊ မြန်မာရွှေ့ပြောင်းအလုပ်သမားများ ပညာရေးကော်မတီ၊ ကရင်ကျောင်းသားလူငယ်များအဖွဲ့နှင့် လူ့အခွင့်အရေးပညာရေးဌာနတို့က ဦးဆောင်ကျင်းပခဲ့ပြီး မဲဆောက်ဒေသရှိ မြန်မာကျောင်း (၁၆) ကျောင်းမှ ကျောင်းသူကျောင်းသား (၁၀၀၀) ခန့်တက်ရောက်ကာ ကျောင်းအသီးသီးက ကလေးကူးသန်းရောင်းဝယ်မှု ပပျောက်ရေးဆိုင်ရာ ပညာပေးပြဇာတ်များနှင့် အဆိုအကများ တင်ဆက်သည်။

အခမ်းအနားတက်ရောက်လာသူ အလယ်တန်းကျောင်းသူ မမေဒါလီမော်က ''ဒီကိစ္စကို အရင်တုန်းက သေသေချာချာ မသိခဲ့ဘူး။ ဒီနေ့အခမ်းအနားကို မတက်ရောက်တဲ့သူငယ်ချင်းတွေ၊ သမီးတို့လို မသိတဲ့လူတွေကို သမီးတို့ပြန်ပြောပြမယ်။ ဒီလိုမျိုးသွေးဆောင်ခေါ်ယူတာတွေ၊ နည်းလမ်းအမျိုးမျိုးနဲ့ ပိုက်ဆံရမယ်။ အလုပ်ကောင်းကောင်းရမယ်ဆိုပြီး ခေါ်တဲ့လူတွေ၊ ဒီလိုကလေးကူးသန်းရောင်းဝယ်မှုတွေ ပပျောက်အောင် သမီးတို့ကျောင်းသားတွေအနေနဲ့ ကူညီနိုင်မယ်''ဟု ပြောသည်။

ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) နှင့် နိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ် (ILO) တို့၏ ၂၀၀၅ ခု အစီရင်ခံစာများတွင် ကမ္ဘာပေါ်တွင် နှစ်စဉ်ကလေး (၁ ဒသမ ၂) သန်းခန့် ရောင်းဝယ်ခံနေရသည်ဟုပါရှိသည်။

အရှေ့တောင်အာရှ၌ နှစ်စဉ်အမျိုးသမီးနှင့်ကလေးငယ် (၂) သိန်းမှ (၂၅၅,၀၀၀)အထိရောင်းဝယ်ခံနေရပြီး အဆိုးဆုံးနေရာမှာ မြန်မာ၊ ထိုင်း၊ လာအို၊ ဗီယက်နမ်၊ တရုတ်နိုင်ငံတို့နှင့် ထိစပ်နေသော မဲခေါင်မြစ်ဝှမ်းဒေသဖြစ်သည်ဟုဖော်ပြသည်။ ❖



**ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့နှင့် နိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ်တို့၏ ၂၀၀၅ ခု အစီရင်ခံစာများတွင် ကမ္ဘာပေါ်တွင် နှစ်စဉ် ကလေး (၁ ဒသမ ၂) သန်းခန့် ရောင်းဝယ်ခံနေရသည်ဟုပါရှိသည်။**

# ကမ္ဘာ့ရွှေ့ပြောင်းအလုပ်သမားများနေ့ အခမ်းအနား မဲဆောက်တွင်ကျင်းပ



ထိုင်းနိုင်ငံ မဲဆောက်မြို့တွင်ကျင်းပသော ကမ္ဘာ့ရွှေ့ပြောင်းအလုပ်သမားများနေ့အခမ်းအနား

ဒီဇင်ဘာ (၂၀)

ဒီဇင်ဘာလ (၁၈) ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့ရွှေ့ပြောင်းအလုပ်သမားနေ့အထိမ်းအမှတ် အခမ်းအနားကို ထိုင်း–မြန်မာနယ်စပ် မယ်ကုကျေးရွာရှိ စက်ရုံအလုပ်သမားများက ဦးဆောင်ကျင်းပကြသည်။

မြန်မာနိုင်ငံအလုပ်သမားများအဖွဲ့ချုပ် (FTUB)၊ အလုပ်သမားသွေးစည်းညီညွတ်ရေးအဖွဲ့ (BLSO)၊ မြန်မာပြည်သူများအရေး ပူးတွဲလှုပ်ရှားမှုကော်မတီ (JAC) တို့မှ ပူးပေါင်းစီစဉ်သော အခမ်းအနားသို့ စက်ရုံအလုပ်ရုံ အလုပ်သမားပရိတ်သတ် (၃၀၀) ခန့်တက်ရောက်သည်။

အလုပ်သမားများအဖွဲ့ချုပ်မှ ကိုမင်းလွင်က ကမ္ဘာပေါ်တွင် ရွှေ့ပြောင်းအလုပ်သမား သန်းပေါင်း (၁၅၀) ခန့်ရှိပြီး မြန်မာရွှေ့ပြောင်းအလုပ်သမား (၂) သန်းခန့်ရှိနေကြောင်း၊ ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများ ဆုံးရှုံးမှု နည်းနိုင်သမျှနည်းရအောင်၊ မျှတသောကုန်သွယ်မှုစနစ် ပေါ်ပေါက်လာစေရန်ရည်ရွယ်၍ ဒီဇင်ဘာလ (၁၈) ရက်နေ့ကို အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်း အလုပ်သမားနေ့အဖြစ် ကုလသမဂ္ဂမှ သတ်မှတ်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ထို့အတူ ကမ္ဘာ့ရွှေ့ပြောင်းအလုပ်သမားများအရေးကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်ကိုယ်တိုင် စာတမ်းတင်သွင်းခဲ့ရသည်အထိ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရွှေ့ပြောင်းအလုပ်သမားများပြားလာနေသည်ဟု BLSO မှ တာဝန်ခံကိုသံဒုတ်မှ ပြောကြားခဲ့သည်။

မိမိနိုင်ငံမဟုတ်ဘဲ အခြားနိုင်ငံ၏ အရင်းရှင်များလက်အောက်တွင် အလုပ်သမားအခွင့်အရေးများ၊ နိုင်ငံသားအခွင့်အရေးများဆုံးရှုံးရခြင်းမှာ ကိုယ့်မိခင်နိုင်ငံ၏ နိုင်ငံရေးအခြေအနေပေါ်တွင် မူတည်နေကြောင်း၊ အခုထိုင်းနိုင်ငံတွင် အလုပ်သမားအခွင့်အရေးတိုက်ပွဲဝင်နေကြခြင်းသည် ဆေးမြီးတိုသာဖြစ်ပြီး တကယ်အစစ်အမှန်မှာ မြန်မာနိုင်ငံရှိစစ်အာဏာရှင်စနစ် ပြုတ်ကျအောင်တိုက်မှသာ ကိုယ့်တိုင်းပြည်တွင်း ကိုယ့်အလုပ်ကိုယ်လုပ်နိုင်မည်ဖြစ်ကြောင်း သူကဆက်လက်ပြောကြားသွားသည်။

အခမ်းအနားတွင် အခြားစက်ရုံများမှ အလုပ်သမားများလည်း တက်ရောက်ခဲ့ကြပြီး ၎င်းတို့၏ ကိုယ်တွေ့အတွေ့အကြုံများကို ဆွေးနွေးခဲ့ကြသည်။

အခမ်းအနားပြီးနောက် FUPO (အက်ဖ်အာရ်) သိုးမွှေးစက်ရုံမှ စက်ရုံအလုပ်သမားများက အလုပ်ဆင်းရရေးအတွက် ၎င်းတို့စက်ရုံရှေ့တွင် ဆန္ဒပြတောင်းဆိုပွဲပြုလုပ်သည်။

၎င်းစက်ရုံသည် လွန်ခဲ့သော (၅) လခန့်က လုပ်ခအပြည့်ရရေးတိုက်ပွဲဝင်ခဲ့ရာ အောင်မြင်မှုရှိသော်လည်း စက်ရုံတွင်းမှ အဆောင်တွင် နေထိုင်လျှင် တနေ့ (၆၉) ဘတ်နှုတ်မည်ကို အလုပ်သမား (၂၇၀) ခန့်က လက်မခံဘဲ စက်ရုံပြင်ပတွင် ငှားရမ်းနေထိုင်ခဲ့သည်။ ထို့အပြင် ပြင်ပနေသူများကို အလုပ်ရှင်က အလုပ်မပေးဘဲ စက်ရုံတွင်းကျန်နေရစ်သူများကိုသာ အလုပ်လုပ်ခိုင်းထားသဖြင့် ပြင်ပတွင်နေထိုင်သူများက အခွင့်အရေးတန်းတူရရေးအတွက် ယခုကဲ့သို့ ဆန္ဒပြကြခြင်းဖြစ်သည်။

ဘန်ကောက်မြို့တွင်လည်း မြန်မာအလုပ်သမားများအပါအဝင် ရောင်ခြည်ဦးအလုပ်သမားအဖွဲ့နှင့် နှစ်ဒါဇင်ခန့်ရှိသော ထိုင်းအလုပ်သမားအဖွဲ့များပူးပေါင်း၍ အစိုးရလွှတ်တော် အဆောက်အဦးရှေ့တွင် အလုပ်သမားရပိုင်ခွင့်များအတွက် တောင်းဆိုဆန္ဒပြခဲ့ကြသည်။

လူအင်အား (၅၀) ခန့်ပါဝင်သည့် ဆန္ဒပြတောင်းဆိုပွဲကို နံနက် (၉) နာရီတွင် စတင်ပြီး ထိုင်းဥပဒေနှင့်အညီ ရွှေ့ပြောင်းအလုပ်သမားများကို ထိုင်းအလုပ်သမားများနှင့် တန်းတူညီမျှအခွင့်အရေးပေးရန်၊ အလုပ်သမားအခွင့်အရေးကို အကာအကွယ်ပေးရန်၊ အလုပ်သမားသမဂ္ဂဖွဲ့စည်းခွင့်ပေးရန်၊ အလုပ်သမား မိသားစုများ၏လုံခြုံရေးနှင့် ပညာရေးခံစားခွင့်များကို ဆန္ဒပြသူများက တောင်းဆိုခဲ့ကြသည်။ ❖

# လှိုင်သာယာအထည်ချုပ်စက်ရုံတရုံမှ အလုပ်သမားများ ပထမဆုံးအကြိမ်နစ်နာကြေးရရှိ

ဒီဇင်ဘာ (၂၉)

ရန်ကုန်မြို့၊ လှိုင်သာယာစက်မှုဇုံရှိ မြန်မာ–ဗြိုးတက်ကုမ္ပဏီလီမိတက် အထည်ချုပ်စက်ရုံမှ အလုပ်သမားများနှင့် အလုပ်ရှင်အကြားတွင် ပြဿနာပေါ်ပေါက်ခဲ့ရာ အလုပ်သမားဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအာဏာပိုင်များ၏ ကြားဝင်ဆောင်ရွက်ပေးမှုဖြင့် အလုပ်သမားများ နစ်နာကြေးရရှိခဲ့ကြောင်း သိရှိရသည်။

တရုတ်–မြန်မာဖက်စပ်ကုမ္ပဏီသည် စက်ရုံပိတ်ရန် အကြံအစည်ရှိနေသော်လည်း အလုပ်သမားများကို နစ်နာကြေးပေးရမည်စိုးသဖြင့် အလုပ်သမားကို အလုပ်မှမထုတ်ဘဲ မိမိသဘောအလျောက်အလုပ်ထွက်သွားသည့်ပုံစံမျိုးဖြစ်အောင် နည်းလမ်းမျိုးစုံသုံးခဲ့ရာ အလုပ်သမား (၁,၀၀၀) ကျော်ရှိသော စက်ရုံအတွင်း အလုပ်သမား (၁၅၀) သာ ကျန်ခဲ့သည်။

စက်ရုံတွင် (၁၀) နှစ်နီးပါးလုပ်သက်ရှိသူ အဆိုပါ အလုပ်သမား (၁၅၀) က မိမိတို့ရသင့်ရထိုက်သော နစ်နာကြေးမရဘဲ အလုပ်မှ မထွက်နိုင်ကြောင်းကို အလုပ်သမားဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအာဏာပိုင်များထံအကြောင်းကြားသဖြင့် ထိုက်သင့်သော နစ်နာကြေးပေးမည်ဖြစ်ကြောင်း ဒီဇင်ဘာလ (၂၆) ရက်နေ့က အလုပ်သမားဝန်ကြီးဌာနမှ အကြောင်းပြန်ကြားခဲ့သည်။

၎င်းကုမ္ပဏီမှ အလုပ်သမားများသည် ယခင်က အချိန်ပိုကြေးအပါအဝင် ပျမ်းမျှလစာက (၃၀,၀၀၀) ကျော်ရရှိခဲ့သော်လည်း လွန်ခဲ့သောလများအတွင်း စက်ရုံတွင် အလုပ် မယ်မယ်ရရမရှိဘဲ အလုပ်ချိန်တွင် အိပ်နေရကြောင်း အလုပ်သမားများက ပြောသည်။

''အလုပ်လည်းမရှိတော့ဘူး။ ပြည်ပက နေလာတဲ့ အထည်တွေလည်းမရှိတော့ဘူး။ ဘာမှမရှိတော့ဘူး။ မရှိတဲ့ဟာကို လူတွေကို အလုပ်မရှိတဲ့အချိန်မှာ အိပ်ခိုင်းတယ်။ သူတို့က လျော်ကြေးမပေးဘူးတဲ့၊ အပြင်ကနေပြီးတော့ အော်ဒါရှာပေးမယ်ပေါ့နော်။ လောလောရဆယ် အော်ဒါမရှာပေးတဲ့အပြင် စက်ရုံမှာရှိတဲ့ပစ္စည်းတွေကိုလည်း အကုန်ရောင်းစားနေတယ်။ အဲဒီဟာနဲ့ လစာပေးတယ်'' ဟု ပြဿနာဖြစ်ပွားနေစဉ်က အလုပ်သမားတဦးကပြောသည်။

အလုပ်သမားများ၏ ယခု အောင်မြင်မှုကို ကြည့်ခြင်းအားဖြင့် အလုပ်သမားဝန်ကြီးဌာနတွင် မူဝါဒအသစ် ဖြစ်ထွန်းလာပြီဟု ယူဆရကြောင်း (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင်တဦးဖြစ်သူ ကိုဂျင်မီက ပြောသည်။

လှိုင်သာယာစက်မှုဇုံတွင် စက်ရုံ (၅၀၀) ကျော်ရှိပြီး အလုပ်သမား (၁၅၀,၀၀၀) ခန့်ရှိကြောင်းသိရသည်။ ❖

(၁)

၂၀၀၆ ခုနှစ် ကုန်ပြီ။

၂၀၀၇ ခုနှစ်လည်း ဆန်းခဲ့ပြီ။

၂၀၀၆ ခုနှစ်မှာ နအဖစစ်အုပ်စုက ဘာတွေလုပ်နိုင်ခဲ့ပြီး၊ ကျနော်တို့ အတိုက်အခံအင်အားစုတွေဖက်က ဘာတွေလုပ်နိုင်ခဲ့ပါသလဲ။

အဲဒီ နိဂုံးချုပ်ချက်က တော်တော်ပဲ အရေးကြီးလိမ့်မယ်။

အဲဒီ နိဂုံးချုပ်ချက် မှန်ကန်ပါမှ ....

၂၀၀၇ ခုနှစ်မှာ နအဖစစ်အုပ်စုက ဘာတွေလုပ်လာနိုင်ပြီး၊ ကျနော်တို့ အတိုက်အခံအင်အားစုများဖက်က ဘာတွေလုပ်ကြရမယ်ဆိုတာတွေကို အကဲဖြတ်နိုင်၊ စနစ်တကျ ချမှတ်နိုင်လိမ့်မယ်လို့ ကျနော် မှန်းဆကြည့်မိတယ်။

(၂)

“ယခုအခါ အခန်းလိုက်ခေါင်းစဉ် (၁၅) ခုအနက် အခန်းလိုက်ခေါင်းစဉ် ရှစ်ခုကို အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်နိုင်ခဲ့ပြီး၊ ကျန် အခန်းလိုက်ခေါင်းစဉ် ခုနှစ်ခုကိုလဲ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန်အတွက် ကိုယ်စားလှယ်တော်ကြီးများရဲ့ ဆွေးနွေးအကြံပြုချက်များကို ၂၀၀၆ ခုနှစ် နိုဝင်ဘာလ (၂၇) ရက်မှ ဒီဇင်ဘာလ (၇) ရက်အထိ ကျင်းပြုလုပ်ခဲ့တဲ့ စုံညီအစည်းအဝေးမှာလည်းကောင်း၊ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ (၂၁) ရက်မှ ယနေ့ ဒီဇင်ဘာလ (၂၉) ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့တဲ့ စုံညီအစည်းဝေးမှာလည်းကောင်း အစု အဖွဲ့လိုက်ရှင်းလင်းဆွေးနွေးပြီး သီးခြား အကြံပြုချက်အချို့ကိုလည်း တင်ပြသွားခဲ့ပြီးဖြစ်ပါတယ်”

၂၀၀၆ ခုနှစ် ဒီဇင်ဘာ (၂၉) ရက်နေ့၊ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာပြောသွားတဲ့ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ရဲ့ မိန့်ခွန်းပါ။

သူကဆက်ပြီးပြောဆိုတာက ....

“ဒါကြောင့် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီအနေနဲ့ ကိုယ်စားလှယ်တော်ကြီးများ ဆွေးနွေးအကြံပေးရန်အတွက် အခန်းလိုက်ခေါင်းစဉ်များ ချမှတ်ပေးရန်မရှိတော့ပဲ ပြီးပြတ်သွားပြီဖြစ်ပါတယ်”

“သဘာပတိအဖွဲ့က ပြုစုတင်ပြလာတဲ့ စာတမ်းအပေါ် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်နဲ့ လုပ်ငန်းကော်မတီတို့က အသေးစိတ်ပြန်လည်ဆန်းစစ်ပြီး နောက်တကြိမ် အမျိုးသားညီလာခံ စုံညီအစည်းဝေးမှာ ကိုယ်စားလှယ်တော်ကြီးများရဲ့သဘောတူညီချက် ထပ်မံရယူပြီးမှ အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သွားမှာဖြစ်ပါတယ်”

ဒါဟာ ဘာကိုပြောဆိုနေတာလဲဆိုရင်

“၁၉၉၆ ခုနှစ်ကစတင်၍ ယာယီအားဖြင့် ဆိုင်းငံ့ထားလျှက်ရှိသော အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပခြင်း”ဆိုတဲ့ နအဖစစ်အုပ်စုရဲ့ လမ်းပြမြေပုံ ပထမအဆင့်ကို ချောမောအောင်မြင်စွာ အဆုံးသတ်နိုင်တော့မယ်လို့ ပြောဆိုလိုက်တာပဲဖြစ်ပါတယ်။

(၃)

အကွက်ကတော့ စေ့ပါတယ်။

ရွေးကောက်ပွဲအနိုင်ရပါတီတွေကို လှုပ်လို့မရလောက်အောင်ကို ချုပ်နှောင်ထားတယ်။

ပါတီခေါင်းဆောင်များကို ဖမ်းဆီးထားတယ်။

ပါတီရုံးခန်းများကို ဖွင့်ခွင့်၊ လှုပ်ရှားခွင့်တွေ ပိတ်ပင်ထားတယ်။

ဒီကြားထဲ .... ပါတီကို မတရားသင်းကြေညာဖို့ အချက်အလက် အထောက်အထားအပြည့်အစုံရှိနေပြီလို့ ခြိမ်းခြောက်ပြန်တယ်။ ဒါတင် အားမရသေးဘူး။ အနိုင်ရပါတီတွေရဲ့ မှန်ကန်သောတောင်းဆိုချက်တွေကို ထောက်ခံဝန်းရံပေးနေတဲ့ ကျောင်းသားခေါင်းဆောင်တွေကိုပါ အဲဒီပါတီတည်ထောင်ခြင်း (၁၈) နှစ်ပြည့်မှာ ဖမ်းဆီးထိန်းသိမ်းလိုက်တယ်။

(၄)

ပြီးတော့ တပိုင်နက်တည်းမှာပဲ ရှစ်ဆယ့်ရှစ်မျိုးဆက်ကျောင်းသားခေါင်းဆောင်တွေကို ပုံဖျက်ဖို့ ကိုအေးလွင်ဆိုတဲ့ ရှစ်ဆယ့်ရှစ် သံတူကြောင်းကွဲတယောက်ကို ပွဲထုတ်လာတယ်။

မင်္ဂလာဒုံမြို့နယ်မဲဆန္ဒနယ်က အမတ်ကိုကြည်ဝင်းဆိုတာကို စင်တင်လာတယ်။

မန္တလေးအနောက်တောင်မြို့နယ် မဲဆန္ဒနယ်ကအမတ် ဒေါက်တာစိုးလင်းဆိုတဲ့လူကို ကြေညာချက်တွေ ဘာတွေထုတ်ခိုင်းပြီး ဂိုဏ်းတဂိုဏ်း ထောင်ခိုင်းလာတယ်။

ဒီအကွက်တွေကတော့ အတော်ရိုးတယ်။ တကယ့်ကို ကလေးကွက်တွေပါ။

အကွက်စုံအောင် လိုက်လုပ်ကြည့်တဲ့သဘော၊ (၉) လုံးကျည်၊ (၁၂) လုံးကျည်နှင့် ပစ်ကြည့်လိုက်တဲ့သဘောလို့ ကျနော်ထင်တယ်။ ‘တချက်မမှန် တချက်မှန်ရောကွာ’ ဆိုပြီး ရှိတဲ့ယမ်းထုပ် အကုန်ထုတ်သုံးလာရတဲ့အဖြစ်ပါ။

ဒါပေမယ့် (၉) လုံးကျည်ရော (၁၂) လုံးကျည်ရော သူ့ကျည်တွေက အကုန်လုံးကျည်အတွေချည့်ပဲ။

မှန်ဖို့နေနေသာသာ မီးတောင် တချက်ပွင့်သွားပုံမရဘူး။

ကြည့်ဦးလေ .... ကိုအေးလွင်ဆိုတဲ့လူက ဘယ်သူကမှအယုံအကြည်မရှိပါဘူးဆိုတဲ့ညီလာခံကို နအဖက တက်ခွင့်ပြုရင်တက်ချင်ပါတယ်။ တက်ပါရစေဆိုတာနဲ့ စတယ်။

ပြီးတော့ Sanction (နအဖစစ်အုပ်စုနဲ့ ကုန်သွယ်တာ၊ ရင်းနှီးမြှုပ်နှံတာတွေ မလုပ်ရေး ဆုံးဖြတ်ချက်) ဟာ လူထုကို ထိခိုက်စေတယ်ဆိုပြီး နအဖစစ်ခေါင်းဆောင်များဖက်က ရှေ့နေထွက်လုပ်တယ်။ ဖိုရမ်တွေလုပ်လို့ လုပ်၊ ရှင်းလင်းပွဲတွေကျင်းပလို့ ကျင်းပ၊ တတ်သမျှ မှတ်သမျှ ကြိုးရာမရနဲ့ လာသမျှ ကားတွေကို စတစ်ကာတွေ လိုက်ကပ်လို့ လိုက်ကပ် စတာတွေ အကုန်လိုက်လုပ်နေတော့တာပါ။

မင်္ဂလာဒုံအမတ် ကိုကြည်ဝင်းကျပြန်တော့လည်း ကြည့်ပါဦး။

နအဖရဲ့ အမျိုးသားညီလာခံမှာ လွတ်လွတ်လပ်လပ် တင်ပြဆွေးနွေးခွင့်ရပါတယ်တဲ့။

အဲဒီလိုဆွေးနွေးခွင့်ရတဲ့ကိစ္စတွေဟာ သူ့အတွက်တော့ အဖိုးမဖြတ်နိုင်တဲ့ ပတ္တမြားကြီးတလုံး ကောက်ရသလိုပါပဲတဲ့။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တခုလုံးက လွတ်လွတ်လပ်လပ်ဆွေးနွေးတင်ပြခွင့်မရှိကြောင်း ထောက်ပြထွက်ခွာလာခဲ့တဲ့ အမျိုးသားညီလာခံဟာ သူ့ကျမှ ပတ္တမြားကြီး ဘယ်လိုဖြစ်သွားရတာလဲ။ အတော်အံ့သြဖို့ကောင်းတဲ့ပုဂ္ဂိုလ်။

နောက်တယောက်က မန္တလေးအနောက်တောင်မြို့နယ်က သူရဲကောင်း ဒေါက်တာစိုးလင်းတဲ့။ ဒီပုဂ္ဂိုလ်ကလည်း သူ့ထက်သူ လူစွမ်းကောင်းဆိုတဲ့ အထဲကပါ။

၁၉၉၀ ဂန္ဒီဟော အခင်းအကျင်းတွေ အပြီးမှာ စင်ပြိုင်အစိုးရဖွဲ့ရေးအစီအမံတွေမှာ တစုံတရာတက်ကြွခဲ့ဖူးသူ။

အဲဒီအမှုနဲ့ပဲ နအဖစစ်အုပ်စုက (၂၅) နှစ်နှင့်တူသော တသက်တကျွန်းဆိုတဲ့ပြစ်ဒဏ်အပြစ်ပေးခံရဖူးသူ။

သမိုင်းစာမျက်နှာရဲ့အစကတော့ တော်တော်လေး လှပခဲ့ပါရဲ့။ ဒါပေမယ့် သူ့စာရွက်က လေဒဏ်နေဒဏ်ခံပုံမရဘူး။

လေခပ်ကြမ်းကြမ်းလေး တချက်နှစ်ချက်ဝှေ့လိုက်တယ်ဆိုရင်ပဲ စာရွက်ဟာ တွန့်လိမ်ကျေမွသွားပြီး အစုလိုက်အပြုံလိုက် အဲန်အယ်လ်ဒီက ထွက်ပြ၊ ဒေါ်အောင်ဆန်းစုကြည်ကို အာဏာရှင်ဆန်တယ် ဘာဆန်တယ် ညာဆန်တယ်ဆိုပြီး ဆန့်ကျင်ပြ။

နအဖစစ်အုပ်စုက ကြိုးဆွဲလိုက်တိုင်း ထ,ထကရတဲ့ ရုပ်သေးဘဝ လုံးလုံးရောက်သွားရတယ်။

အခုလည်း ဇာတ်ဆရာအလိုကျ ထအော်ရပြန်ပြီ။ စာမျက်နှာ (၁၂) မျက်နှာပါကြေညာချက်ဆိုတာထုတ်ပြီး သူ့ကိုယ်သူ ဝံသာနုအဲန်အယ်လ်ဒီတဲ့။ သူ့မှာ သူ့ကိုထောက်ခံသူ (၁,၇၀၀) ရှိသတဲ့။ သူဟာ အဲန်အယ်လ်ဒီနဲ့မတူတဲ့ အန်အယ်လ်ဒီတမျိုးတဲ့။

သူ့နယ်ကို (သူပိုင်တယ်လို့ သူပြောတဲ့နယ်ကို) အန်အယ်လ်ဒီကင်းမဲ့ဇုံ လုပ်ပြမယ်တဲ့။ တကယ့်ကို ကျားသားမိုးကြိုးပါပဲ။

ဒေါက်တာစိုးလင်းပြောဆိုနေပုံကို ကြားရတဲ့အခိုက်မှာ သပိတ်ကျင်းနယ်မှာ ရွှေတောတွေခေတ်ထတုန်းက ရွှေတောထဲက ဗီဒီယိုရုံရဲ့ကြော်ငြာသင်ပုန်းမှာ ဖတ်ခဲ့ဖူးတဲ့ စာသားလေးကို သွားအမှတ်ရမိတယ်။

‘ဘရုစ္စလီအစစ်ထက် ပိုကောင်းသော၊ ဘရုစ္စလီအတုပါဝင်တဲ့ ညတိုက်ပွဲမှာ ရဲရင့်သူ ဇာတ်ကားကြီး ပြပြီ’တဲ့။

‘ဒေါက်တာစိုးလင်းရယ် အဲဒီကြော်ငြာကို အတုမှ ခိုးမှခိုးတတ်ပလေတယ်’လို့ အနောက်တောင်မြို့နယ်သားတွေ ရယ်ကျဲကျဲနှင့် ပြောဆိုနေမှာကို ကျနော်မြင်ယောင်မိတယ်။

ရှုးလည်း ရှုးတဲ့ သုံးဦးပါပဲ။

ဒီစကားတွေ၊ ဒီလုပ်ရပ်တွေကို လူထုက လက်ခံမှာမို့လို့လား။ နည်းနည်းလေးများ ဦးနှောက်သုံးကြည့်ပါဦးလား။

မြှောက်တဲ့သူက မြှောက်ပေးပါဦးတော့၊ ဒီလောက်ရှုးသွပ်အောင် ညှို့ဖျင်းသွားလိုက်ကြပုံက တကယ့်ကို အောချလောက်တယ်။

လူထုကမထောက်ခံဘူးဆိုရင် အခွင့်အရေးတချို့ပေးပြီး စုဝေးထားတဲ့ လူစု လူဝေးဆိုတာတွေကရော ဘာဖြစ်မှာမို့လို့လဲ။

(၅)

ဒါပေမယ့်လို့လဲ ဟန်ကိုယ့်ဖို့ဆိုတဲ့စကားကိုတော့ နအဖက ကျကျနနကိုပဲ သုံးတတ်ပါတယ်။

စောစောက ညီလာခံစုံညီအစည်းအဝေးမိန့်ခွန်းမှာပဲ ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ....

*“အမျိုးသားညီလာခံကြီးမှာ နေရာဒေသတိုင်းက တိုင်းရင်းသားကိုယ်စားလှယ်တော်ကြီးများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာတဲ့ တိုင်းရင်းသားကိုယ်စားလှယ်တော်ကြီးများ ကိုယ်စားလှယ်အသီးသီးမှပုဂ္ဂိုလ်ကြီးများ အစုံညီဆုံး တက်ရောက်ခဲ့ကြတာဖြစ်တဲ့အတွက် အမျိုးသားညီလာခံကြီး ပျက်စီးရာပျက်စီးကြောင်း ကြံစည်နေကြသူတွေရဲ့ တွေ့ဆုံဆွေးနွေးရေးဆိုတဲ့တောင်းဆိုချက်ဟာလည်း အနှစ်သာရပြည့်ဝလှတဲ့ အမျိုးသားညီလာခံကြီးရဲ့ မှန်ကန်တဲ့အရှိန်အဝါအောက်မှာ သေးသိမ်ပျောက်ကွယ်သွားပြီဖြစ်ကြောင်း”*တဲ့။ ရဲတင်းပုံ ပြောပါတယ်။

သူလည်းမရှက်မရွံ့ မျက်နှာပြောင်တိုက်ပြီး ပြောဝံ့သူထဲမှာပါတယ်။

ဒါဟာလည်း နအဖတို့ရဲ့ မရှိမဖြစ်သောအရည်အချင်းတွေထဲမှာ ပါပုံရတယ်။

တွေ့ဆုံဆွေးနွေးရေးဆိုတာ ပျက်စီးရာပျက်စီးကြောင်း ကြံစည်နေသူတွေရဲ့စကားတဲ့။

သူ့အမျိုးသားညီလာခံကြီးက အနှစ်သာရပြည့်ဝပြီး အရှိန်အဝါကလည်း ကြီးလှပါသတဲ့။

အရှိန်အဝါတွေကြောင့် တွေ့ဆုံဆွေးနွေးရေးဆိုတဲ့အသံဟာ သေးသိမ်ပျောက်ကွယ်သွားရပါသတဲ့။

ကျနော်စဉ်းစားကြည့်မိတယ်။

အဲဒါ သူတကယ်ယုံလို့ပြောတာလား။

ဒါမှမဟုတ် သူ့စစ်တပ်ကိုယုံအောင် သူကိုယ်တိုင်ယုံချင်ယောင်ဆောင်ပြီး ဇွတ်ပြောနေရတာလား။

လူတွေမှာ စဉ်းစားတွေးခေါ်တတ်တဲ့၊ အမှားအမှန် ချင့်ချိန်တတ်တဲ့ ဦးနှောက်ရှိကြတယ်ဆိုတာလောက်တော့ သတိထားမိဖို့ကောင်းပါတယ်။

(၆)

လမ်းပြမြေပုံ ပထမအဆင့်ပြီးရင် ဒုတိယအဆင့်၊ တတိယအဆင့်၊ စတုတ္ထအဆင့်၊ ပဥ္စမအဆင့်၊ တခုပြီးတခု လာတော့မယ်ဆိုတဲ့အဆင်တွေ ဆင်ထားပြီးပါပြီ။

နှေးမလား၊ မြန်မလား။

၂၀၀၇ ထဲမှာလား။ ၂၀၀၈ ကျမှလား။

ဘယ်တော့လဲ။ ဘယ်လိုလဲ။ ချောချောမောမော လွယ်လွယ်ကူကူနဲ့ တခုပြီးတခု ခုန်ကူးကျော်လွှားသွားနိုင်မလား။

တဆင့်တိုင်း တဆင့်တိုင်းမှာ အမောဖောက်မတတ် အကြောက်ကြည့်ပြီး၊ တလှမ်းချင်းထိန်းပြီး ခြေတုန်တုန်လက်တုန်တုန်နဲ့ လျှောက်ရမလားဆိုတာတွေကတော့ ကျနော်တို့ အတိုက်အခံအင်အားစုများအပေါ်မှာ၊

စာမျက်နှာ ( ၇) ကော်လံ (၄) သို့

# လျှောက်တတ်ရင် လမ်းဖြစ်တယ် ...



# ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သစ် ဘန်ကီမွန်းစတင်တာဝန်ယူပြီ မြန်မာ့နိုင်ငံရေးအကျဉ်းသားအားလုံးလွှတ်ရန် ကြေညာချက်ထုတ်ပြန်

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တာဝန်ကို ဇန်နဝါရီလ (၂) ရက်နေ့မှာ စတင်ထမ်းဆောင်တဲ့ တောင်ကိုးရီးယားနိုင်ငံခြားရေးဝန်ကြီးဟောင်း မစ္စတာဘန်ကီမွန်းသည် ဇန်နဝါရီလ (၈) ရက်နေ့မှာ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် မြန်မာပြည်တွင် စစ်အစိုးရကထိန်းသိမ်းထားသော နိုင်ငံရေးအကျဉ်းသားအားလုံးလွှတ်ပေးရန် တောင်းဆိုတိုက်တွန်းသော ကြေညာချက်တစောင်ထုတ်ပြန်ခဲ့ကြောင်း သတင်းများအရသိရှိရသည်။

အတွင်းရေးမှူးချုပ်သစ်၏ ပြောခွင့်ရပုဂ္ဂိုလ် မစ္စတာဖာရင်ဟက်ဇ်၏ ပြောကြားချက်အရ ဇန်နဝါရီလဆန်းပိုင်းအတွင်း စစ်အစိုးရက အကျဉ်းသား (၃,၀၀၀) နီးပါးလွှတ်ပေးခဲ့သည့်အနက် နိုင်ငံရေးအကျဉ်းသား (၃၀) ပါဝင်သည်ကို ကြိုဆိုကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်နှင့် အခြားနိုင်ငံရေးအကျဉ်းသားတွေအားလုံး လွှတ်ပေးရေးအပြင် အခြားခိုင်မာသည့်တိုးတက်မှုများကို လုပ်ဆောင်ပေးရန် အတွင်းရေးမှူးချုပ်၏ ကြေညာချက်တွင် ပါရှိသည်ဟုသိရသည်။

အကျဉ်းသားထောင်ဂဏန်းမျှကို နအဖအစိုးရက လွှတ်ပေးလိုက်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ယခင် မဆလပါတီဗဟိုကော်မတီဝင်ဟောင်းတဦးကို မေးမြန်းကြည့်ရာ၌ “ဒါထောင်ရှင်းတာပေါ့ဗျာ။ ရှင်းရှင်းလေးပဲ။ သူတို့ကလူထုလှုပ်ရှားမှုဖြစ်လာခဲ့ရင် အကြမ်းဖက်ဖို့ အသင့်ပြင်ထားတယ်။ ဖြစ်လာရင်ဖမ်းပြီးထောင်ထဲထည့်ဖို့ ထောင်ရှင်းထားတာပဲ။ အရင်ကလည်း သည်လိုပဲလုပ်နေတဲ့ဟာ”ဟု သူ့အမြင်ကို ပြောကြားသွားသည်။ ❖



ကုလအတွင်းရေးမှူးချုပ်သစ် ဘတ်ကီမွန်း

## စာမျက်နှာ (၆) လျောက်တတ်ရင်လမ်းဖြစ်တယ်ဆောင်းပါးမှ

လူထုတွေရဲ့ အလှုပ်အရှားတွေအပေါ်မှာ တည်လိမ့်မယ်လို့ ကျနော်ထင်တယ်။

(၇)

သူ့ရဲ့လမ်းပြမြေပုံတွေ အဆင့်တိုင်းမှာ အလဲလဲအကွဲကွဲဖြစ်ပြီး၊ သူ့တို့ရင်ထဲမှာ အူလှိုက်သဲလှိုက်ကို သေးသိမ်ပျောက်ကွယ်သွားစေချင်တဲ့ တွေ့ဆုံဆွေးနွေးအဖြေရှာရေးဆိုတဲ့လမ်းစကို ကျနော်တို့အားစိုက်ပြီး ဖောက်ကြရလိမ့်မယ်။

ဘာနဲ့ဖောက်မှာလဲ။

ဘယ်အားကိုသုံးပြီး ဖောက်မှာလဲ။

၁၉၈၈၊ ဩဂုတ်လ (၂၈) ရက်နေ့က သမဂ္ဂမြက်ခင်းပြင်ပေါ်မှာ၊ ဗကသများအဖွဲ့ချုပ်ပြန်လည်ဖွဲ့စည်းခဲ့တဲ့ အခမ်းအနားမှာ ဗကသများအဖွဲ့ချုပ်ဥက္ကဋ္ဌ ကိုမင်းကိုနိုင်ပြောကြားခဲ့တဲ့ ဟောဒီစကားကို ကျနော်တို့ ပြန်ပြီးနှလုံးသွင်းကြရလိမ့်မယ်။

“ကျနော်တို့မှာ အင်အားရှိတယ်။

ဘာရှိလည်းဆိုတော့ ညီညွတ်ခြင်းရဲ့ အင်အားရှိတယ်။

ပြည်သူတရပ်လုံးကို ကျနော်တို့ အားကိုးတယ်။ ယုံကြည်တယ်။ လေးစားတယ်။

ပြည်သူမပါဘဲနဲ့ ကျောင်းသားချည်းဘဲ တိုက်လာတဲ့ပွဲတွေမှာ ဘယ်ပွဲမှ မအောင်မြင်ခဲ့ကြဘူး။ ၆၂ ခုအရေးအခင်း၊ ဦးသန့်အရေးအခင်း၊ မှိုင်းရာပြည့်အရေးအခင်း။ ကျနော်တို့ ညီအကိုတော်တွေ၊ အကိုတော်တွေများပေါ့ခင်ဗျာ။ ကျဆုံးခဲ့ရတယ်။ သူတို့ရဲ့ သင်ခန်းစာတွေကို ကျနော်တို့အများကြီးယူခဲ့ရဖူးပါတယ်။ ဒီကနေ့အောင်မြင်တယ်ဆိုတာမှာလဲ လူထုအင်အားပါလာလို့ပါ။ အခုနပြောသလို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဆိုတဲ့ ကျနော်တို့နိုင်ငံရဲ့ တိုးတက်ဖွံ့ဖြိုးမှုကို လောင်းရိပ်ပေးနေတဲ့ သစ်ပင်ကြီးပေါ့ ခင်ဗျား။

အဲ့ဒီသစ်ပင်ကြီးဟာ အမြစ်ကနေလဲသွားအောင် ကျနေ့ာ်တို့အားလုံးဝိုင်းပြီးတော့ တိုက်ဖျက်ရမယ်”

ကဲ ဘယ်လိုသဘောရသလဲ။

ကျနော်မြင်တာကတော့ တွေ့ဆုံဆွေးနွေးအဖြေရှာရေးဆိုတဲ့လမ်းကို လူထုလှုပ်ရှားမှု၊ လူထုတိုက်ပွဲဆိုတဲ့နည်းနဲ့ ဖောက်ကြရလိမ့်မယ်။

အဲ့ဒီလမ်းကိုဖောက်ဖို့ အဓိကအားထားရမယ့်အင်အားဟာလည်း လူမျိုးပေါင်းစုံလူထုကြီးကိုယ်တိုင်ပဲ ဖြစ်ပါတယ်။

ကျနော် ယုံကြည်တယ်။

ကိုမင်းကိုနိုင်ရဲ့ ဒီစကားဟာ ၂၀၀၇ ခုနှစ်အတွက်၊ ကျနော်တို့အားလုံးအတွက် အလုပ်လမ်းညွှန် အသေအချာဖြစ်ပါတယ်။

ဇွန်မိုင်း

၁၀၊ ၁၊ ၂၀၀၇

❖

# အကျဉ်းသား ( ၃၀၀၀ ) ကျော်ပြန်လွှတ်ပေး၊ နိုင်ငံရေးအကျဉ်းသား ( ၃၀ ) သာပါဝင်



အင်းစိန်ထောင်ဖူးဝမှစောင့်ဆိုင်းနေကြသော အကျဉ်းသားတို့၏ မိသားစုဝင်များ

လွတ်လပ်ရေးနေ့ကို ကြိုဆိုသည့်အနေဖြင့် နအဖက အကျဉ်းသား (၂,၈၃၁) ဦးကို ဇန်နရဝါရီလ (၃) ရက်နေ့ကပြန်လွှတ်ပေးလိုက်ရာတွင် နိုင်ငံရေးအကျဉ်းသား (၃၀) ဦးပါဝင်သည်ဟု ထိုင်းအခြေစိုက် အေအေပီပီ (ဓါ) နိုင်ငံရေးအကျဉ်းသာများကူညီစောင့်ရှောက်ရေးအသင်းကဆိုသည်။

ပြန်လည်လွတ်မြောက်လာသည့် နိုင်ငံရေးအကျဉ်းသားများမှာ အင်းစိန်ထောင်မှ (၁၁) ဦး၊ သာယာဝတီထောင်မှ (၈) ဦး၊ ကလေးထောင်မှ (၃) ဦး၊ မန္တလေးထောင်မှ (၄) ဦးနှင့် သရက်ထောင်မှ (၄) ဦးဖြစ်သည်ဟု သိရသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးသန်းဌေး၊ အဲန်အယ်လ်ဒီ (လှိုင်သာယာမြို့နယ်) မှ ဒုဥက္ကဋ္ဌ ဦးလှအေး၊ အတွင်းရေးမှူး သန့်ဇင်မျိုး၊ ဦးတင်ဆန်း၊ ဦးစိုးနိုင်၊ ဦးဖိုးအောင်၊ ကိုသန့်ဇင်မျိုး၊ ဒေါ်ပပနှင့် ကိုအောင်နိုင်သူတို့လည်း လွတ်မြောက်လာသူများတွင်ပါဝင်သည်။

အဲန်အယ်လ်ဒီအဖွဲ့ဝင်မဟုတ်သော အခြားနိုင်ငံရေးအကျဉ်းသားများထဲမှ ကိုမိုးကျော်၊ ကိုဇော်မင်းလေး၊ ကိုခင်ဇော်ဦး၊ ကိုကျော်ရွှေ၊ ကိုဝင်းနိုင်၊ ဦးတင်ရွှေတို့လည်း ပြန်လည်လွတ်မြောက်လာသည်။

စာရေးဆရာ သန်းဝင်းလှိုင်နှင့် ကဗျာဆရာငြိမ်းသစ်တို့လည်း ပြန်လည်လွတ်မြောက်လာသူများတွင်ပါဝင်သည်။

အေအေပီပီအတွင်းရေးမှူး ကိုတိတ်နိုင်က နိုင်ငံရေးအကျဉ်းသားများ ပြန်လွတ်လာခြင်းသည် အပေါင်းလက္ခဏာဆောင်သည်ဟုယူဆနိုင်သော်လည်း အရေးကြီးသောခေါင်းဆောင်များကို ဆက်လက်ဖမ်းဆီးထားသဖြင့် သတိဖြင့်စောင့်ကြည့်ရန်လိုအပ်သည်ဟုဆိုသည်။

အသက်အရွယ်ကြီးပြီဖြစ်သော ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်၊ ခွန်ထွန်းဦး၊ ဦးဝင်းတင်နှင့် မတရားထောင်ဒဏ် နှစ် ရှည်ချမှတ်ခံနေရသော တိုင်းရင်းသားခေါင်းဆောင်များ ဆက်လက်ဖမ်းဆီးထားသည့်ကိစ္စကို ကိုတိတ်နိုင်ကထောက်ပြသည်။

မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသား (၁,၀၀၀) ကျော် ဆက်လက်အဖမ်းခံနေရသည်ဟု အေအေပီပီကဆိုသည်။

၂၀၀၄ ခုနှစ် နိုဝင်ဘာမှစ၍ ယနေ့အထိ အကျဉ်းသား စုစုပေါင်း (၂၃,၁၄၇) ဦး လွှတ်ပေးခဲ့ကြောင်း နအဖကသတင်းထုတ်ပြန်သည်။ ❖

## စာမျက်နှာ (၁) ကျောင်းသားခေါင်းဆောင်များသတင်းမှ

တွင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက မြန်မာနိုင်ငံ၏ ဒီမိုကရေစီဆိတ်သုဉ်းမှုများအပေါ်ဝေဖန်ပြောဆိုခဲ့ကြပြီး နိုင်ငံရေးအကျဉ်းသားများ အားလုံးပြန်လွှတ်ပေးရေးအတွက်တောင်းဆိုခဲ့သည်။

နအဖသည် လွန်ခဲ့သော ယခုလ (၃) ရက်နေ့ကလည်း နိုင်ငံရေးအကျဉ်းသား (၃၀) အပါအဝင် အကျဉ်းသား (၃,၀၀၀) ကို လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ဖြင့် ပြန်လွှတ်ပေးခဲ့သည်။ သို့သော် လူ့အခွင့်အရေးအဖွဲ့များ၏အဆိုအရ နအဖအကျဉ်းထောင်တွင် မတရားအဖမ်းခံထားရသော နိုင်ငံရေးအကျဉ်းသား (၁,၀၀၀) ကျော် ကျန်နေသေးသည်ဟု သိရသည်။

ဤအတောအတွင်း ကိုမြအေး၊ ကိုဂျင်မီတို့ဦးဆောင်သော (၈) လေးလုံးမျိုးဆက်ကျောင်းသားများသည် ရင်ဖွင့်သံအမည်ဖြင့် လှုပ်ရှားမှုတရပ်ကို အကောင်အထည်ဖော်လျက်ရှိသည်။ ၎င်းလှုပ်ရှားမှုတွင် နအဖအကြီးအကဲထံသို့ အသင့်လိပ်မူထားသော စာရွက်တွင် ပြည်သူများကိုယ်တိုင် မိမိတို့၏ နာကျည်းခံစားချက်များကို ရင်ဖွင့်ရေးသားကြရန်လှုံ့ဆော်ထားသည်။ ယခုလ (၄) ရက်နေ့မှ စတင်သော အဆိုပါလှုပ်ရှားမှုသည် တလတိတိ ကြာမြင့်မည်ဖြစ်သည်။

(၈) လေးလုံးမျိုးဆက်များသည် ကိုမင်းကိုနိုင်နှင့် ခေါင်းဆောင်းများ အဖမ်းခံရပြီးနောက်ပိုင်း၊ အောက်တိုဘာလအတွင်းကလည်း အဖမ်းဆီးခံနေရသော ခေါင်းဆောင်များနှင့် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် လူထုဆန္ဒလက်မှတ်ထိုးလှုပ်ရှားမှု၊ ဘာသာပေါင်းစုံဆုတောင်းပွဲများနှင့် အဖြူရောင်ဖော်ပြချက်လှုပ်ရှားမှုများကို ဆက်တိုက်လုပ်ဆောင်ခဲ့ပြီး ၎င်းလှုပ်ရှားမှုများတွင် လူသိန်းချီလိုက်ပါဆောင်ရွက်ခဲ့သည်။ ❖

# အာဏာပိုင်များ၏မတရားမှုကို တက္ကသိုလ်ကျောင်းသားများက ဖော်ထုတ်တော့မည်

အာဏာပိုင်များ၏မတရားမှုများကို ပြည်သူလူထုသိအောင်ဖော်ထုတ်ရန် တက္ကသိုလ်ကျောင်းသားများက တရားမျှတမှုဖော်ထုတ်သူများအဖွဲ့ကို ဒီဇင်ဘာလ (၁၇) ရက်နေ့ကဖွဲ့စည်းလိုက်ပြီး ၎င်းအဖွဲ့၏လုပ်ငန်းများနှင့်ပတ်သက်၍လည်း ကြေညာချက်တစောင်ထွက်ပေါ်လာသည်။

ကြေညာချက်တွင် “အာဏာပိုင်အဖွဲ့အစည်းများ၏ လုပ်ပိုင်ခွင့်နှင့်ဝတ္တရားများ၊ ပြည်သူလူထုအပေါ် ထားရှိရမည့်ကျင့်ဝတ်များကို ပြည်သူတရပ်လုံး လက်တွေ့ကျကျ သိရှိနားလည်ရန် ပညာပေးဆောင်ရွက်သွားမည်ဟုပါရှိသည်။

အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေး စသည့်နယ်ပယ်အသီးသီးအားစောင့်ကြည့်ပြီး အဖွဲ့၏တွေ့ရှိချက်များကို သက်ဆိုင်ရာမှတဆင့် ပြည်သူထံအသိပေးသွားမည်ဟုလည်းဆိုသည်။

၎င်းအဖွဲ့တွင် ဥပဒေကျောင်းသားများအပြင်မိမိတို့၏သဘောဆန္ဒဖြင့် လာရောက်ပူးပေါင်းသော တက္ကသိုလ်ကျောင်းသားများဖြင့် ပါဝင်ဖွဲ့စည်းထားပြီး ယခုအခါ အဖွဲ့ဝင် (၂၃) ဦးရှိသည်ဟုသိရသည်။ အဖွဲ့၏မူအရ ပြည်သူလူထုအကြားတွင် ထင်ထင်ပေါ်ပေါ် ရပ်တည်သွားမည်ဖြစ်ပြီး မတရားမှုကို ဖော်ထုတ်ရာတွင် တရားဥပဒေတွင်းတိုက်ပွဲများကိုသာ လုပ်ဆောင်သွားမည်ဟု သိရသည်။

ယခုနှစ်ဆန်းပိုင်းတွင် ရန်ကုန်မြို့ လူနေထူထပ်ရာမြို့နယ် (၂) ခုတွင် အခြေခံလူထုအား ဥပဒေပိုင်းဆိုင်ရာအသိပညာပေးခြင်းဖြင့် စတင်မည့်အစီအစဉ်တွင် လူထုအား ဥပဒေကြောင်းအရ လိုအပ်သောအကူအညီများပေးနိုင်အောင် လုပ်ငန်းများတိုးချဲ့လုပ်ဆောင်သွားရန်အထိ ပါဝင်ကြောင်း သိရသည်။

သို့သော် စစ်အာဏာရှင်စနစ်အောက်တွင် ဥပဒေကျောင်းသားများ၏ ရည်မှန်းချက်နှင့် လုပ်ငန်းများ မည်မျှအကောင်အထည်ပေါ်လာမည်ကို စောင့်ကြည့်ရန်သာရှိသည်ဟု သုံးသပ်သူများကဆိုသည်။ ❖

# မြန်မာ့စီးပွားရေးအချိန်မရွေးပြိုကွဲနိုင်

နအဖလက်ထက် မြန်မာပြည်သည် စီးပွားရေးအချိန်မရွေးပြိုကွဲသွားနိုင်သော ကမ္ဘာ့နိုင်ငံ (၂၆) နိုင်ငံစာရင်း တွင်ပါဝင်ကြောင်း လွတ်လပ်သောစီးပွားရေး အကဲဖြတ်အဖွဲ့တဖွဲ့က အစီရင်ခံသည်။

အိုင်အီးဂျီခေါ် တသီးပုဂ္ဂလအကဲဖြတ်လေ့လာရေးအဖွဲ့၏ နောက်ဆုံးထုတ်ပြန်လိုက်သော အစီရင်ခံစာတွင် အချိန်မရွေးပြိုကွဲသွားနိုင်သော နိုင်ငံ (၂၆) နိုင်ငံတွင် မြန်မာကိုလည်း ထည့်သွင်းထားသည်။ အဆိုပါစီးပွားရေးမတည်ငြိမ်သော နိုင်ငံများသည် ဆင်းရဲတွင်းနက်သောနိုင်ငံများဖြစ်ပြီး နိုင်ငံရေးအရလည်း တည်ငြိမ်မှုမရှိကြောင်း အစီရင်ခံစာကဆိုသည်။

အဖွဲ့ကြီး၏ စံသတ်မှတ်ချက်များတွင် ကမ္ဘာ့ဘဏ်အဖွဲ့ကြီး၏ စံသတ်မှတ်ချက်ဖြစ်သော ညံ့ဖျင်းသောအစိုးရ အုပ်ချုပ်မှုရှိသောနိုင်ငံဖြစ်ခြင်း၊ အခြေခံဖွဲ့စည်းပုံနှင့် မူဝါဒညံ့ဖျင်းသောနိုင်ငံများကို ထည့်သွင်းထားခြင်းဖြစ်သည်။

အိုင်အီးဂျီအဖွဲ့၏ မြန်မာနိုင်ငံနှင့်ပတ်သက်သောအကဲဖြတ်ချက်တွင် နိုင်ငံရေးပြဿနာတွင်အခြေခံပြီး တိုင်းပြည်၏ အခြေခံအဆောက်အအုံ စီမံခန့်ခွဲမှုညံ့ဖျင်းမှုနှင့် အဂတိလိုက်စားမှုများလည်း အရေးပါသောအခန်းကပါဝင်နေသည်ဟု ဆိုသည်။ ❖

# ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ တွဲဖက်အထွေထွေအတွင်းရေးမှူး (၁)
# ဦးမြင့်သိန်းနှင့် တွေ့ဆုံမေးမြန်းခန်း



*၁။ ဒီမိုကရေစီအောင်ပွဲနဲ့ နီး,မနီးဆိုတာ လူတိုင်းသိချင်နေတဲ့မေးခွန်းဖြစ်မှာပါ။ အမျိုးသားကောင်စီရဲ့ အထွေထွေအတွင်းရေးမှူးက ကျနော်ကိုလွန်ခဲ့တဲ့လတွေက ပြောပါတယ်။ အချိန်တိုင်းဟာ နိုင်ငံရေးအရ အရေးကြီးနေတယ်။ အရင်ထက်စာရင် အခုပိုပြီးအရေးကြီးလာနေပြီလို့။ ၂၀၀၇ ဟာ အဆုံးအဖြတ်ပေးမယ့်နှစ်လား။*

မှန်ပါတယ်။ အချိန်တိုင်းဟာ နိုင်ငံရေးအတွက် အရေးကြီးပါတယ်။ အချိန်တိုင်းမှာ မြန်မာနိုင်ငံမှာရှိကြတဲ့ တိုင်းရင်းသားပေါင်းစုံပြည်သူတရပ်လုံးဟာ စစ်အုပ်စုရဲ့ လက်နက်ကိုင်ခြိမ်းခြောက် ဖိနှိပ်မှုများအောက်မှာ အလူးအလိမ့်ခံစားနေကြရလို့ဖြစ်တယ်။ ဒီမိုကရေစီရေးတွေဆုံးရှုံးနေလို့ဖြစ်တယ်။ တရားဥပဒေစိုးမိုးရေးတွေပျက်စီးနေလို့ဖြစ်တယ်။ အကျင့်ပျက်ခြစားမှုတွေ တိုးမြင့်ကျယ်ပြန့်နေလို့ဖြစ်တယ်။ နောက်ပြီး ဒီနေ့ နအဖစစ်အုပ်စုလုပ်နေတာက ကျနော်တို့ကြိုးပမ်းနေတဲ့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကိုဦးတည်တဲ့ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးဆိုတာတွေနဲ့ ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေတယ်။ ၁၉၉၀ပြည့်နှစ်က သူတို့ကိုယ်တိုင် ဦးဆောင်လုပ်ခဲ့တဲ့ တိုင်းရင်းသားပြည်သူတရပ်လုံးရဲ့ ရင်တွင်းဆန္ဒတွေကိုလည်း ဆန့်ကျင်နေရုံမက၊ လုံးဝကိုအသိအမှတ်ပြုမှု မရှိတော့ဘူးလို့မြင်တယ်။ တချိန်တည်းမှာ မြန်မာနိုင်ငံရဲ့အနာဂတ်အတွက် စစ်မှန်ကောင်းမွန်တဲ့ အုပ်ချုပ်မှုပုံစံတရပ် (Good Governance) ပေါ်လာဖို့ဆိုတာ လမ်းစပျောက်နေပြီဖြစ်တယ်။ ဒီမိုကရေစီအောင်ပွဲနဲ့ နီး,မနီးဆိုတာကိုတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့အဆိုအမိန့်အပေါ် ကိုးကားချင်တယ်။ ဒီမိုကရေစီအောင်ပွဲရအောင် ကျနော်တို့ ဘယ်လောက်နည်းမှန်လမ်းမှန်နဲ့ ကြိုးပမ်းလုပ်ဆောင်သလဲဆိုတဲ့ အပေါ်မှာ တည်လိမ့်မယ်လို့ပြောချင်တယ်။ အခု သက္ကရာဇ် ၂၀၀၇ ခုနှစ်ဟာ အဆုံးအဖြတ်ပေးမယ့်နှစ်လားဆိုတာကလည်း တကယ်လက်တွေ့ကျတဲ့ အဆုံးအဖြတ်အခြေအနေတွေ ဖြစ်ပေါ်လာအောင် ကျနော်တို့ဘယ်လောက်လုပ်နိုင်မလဲဆိုတဲ့အချက်နဲ့ တိုင်းတာရမှာဖြစ်တယ်လို့ယုံကြည်ပါတယ်။ ကျနော်တို့ဟာ ဖြစ်ပေါ်လာတဲ့အခြေအနေတွေအပေါ်မှာ ခန့်မှန်းသုံးသပ်ချက်တွေနဲ့ဘဲ နစ်မွန်းနေကြတယ်လို့မြင်တယ်။ ဒီနေ့ကာလဖြစ်ပေါ်နေတဲ့နိုင်ငံရေးဖြစ်စဉ်တွေဟာ ထင်သာမြင်သာ အခြေအနေတွေအပေါ်မှာ အရောင်းအဝယ် အပေးအယူလုပ်သလို လုပ်ဖို့ဆိုတာထက်၊ ကိုယ့်ရဲ့ယုံကြည်မှု၊ အနစ်နာခံမှု၊ စွန့်လွှတ်စွန့်စားပြီး လုပ်ဆောင်မှုတွေကသာ စစ်မှန်တဲ့အဆုံးအဖြတ် အခြေအနေတွေကို ဖန်တီးပေးနိုင်လိမ့်မယ်လို့ အလေးအနက်ယုံကြည်ပါတယ်။ ဘာဘဲဖြစ်ဖြစ် ကျနော်တို့ အမျိုးသားကောင်စီအနေနဲ့တော့ ချမှတ်ထားရှိပြီးဖြစ်တဲ့ လမ်းစဉ်တွေနဲ့အညီ၊ ပေးအပ်ထားတဲ့တာဝန်တွေကို ကြိုးပမ်းလုပ်ဆောင်သွားမှာဖြစ်ပါတယ်။ အဆုံးအဖြတ်အဆင့်ကိုရောက်အောင် အမြဲပဲ ကြိုးပမ်းလုပ်ဆောင်နေတာဖြစ်လို့ ပေါ်ပေါက်လာတဲ့ အခွင့်အလမ်းတွေကို အသုံးပြုပြီး အဆုံးအဖြတ်အဆင့်ကိုရောက်နိုင်အောင် လုပ်ဆောင်သွားမှာပဲဖြစ်ပါတယ်လို့ ပြောချင်ပါတယ်။

*၂။ လွန်ခဲ့တဲ့ရက်တွေကပဲ လုံခြုံရေးကောင်စီမှာ တရုတ်နဲ့ရုရှက ဗီတိုအာဏာသုံးလိုက်တော့ ဒီမိုကရေစီအင်အားစုတွေက ဒါဟာ နိုင်ငံကြီးတွေရဲ့ တာဝန်မဲ့မှုဖြစ်တယ်။ လူထုရဲ့ခံစားချက်တွေကို လျစ်လျူရှုပြီး သူတို့ဩဇာထူထောင်ရေးကိုပဲ လုပ်သွားတယ်လို့ ဝေဖန်ကြတယ်။ ဒီမိုကရေစီအင်အားစုတွေအတွက် ကြီးမားတဲ့ဆုံးရှုံးမှုလား။*

ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ တရုတ်နဲ့ရုရှက ဗီတိုအာဏာသုံးလိုက်တဲ့ကိစ္စအပေါ် ဒီမိုကရေစီအင်အားစုများရဲ့ အမြင်သဘောထား၊ ခံစားချက်များကို ဖော်ထုတ်ခဲ့ကြတာတွေဟာ မှန်ကန်တဲ့လုပ်ရပ်တွေလို့ ကျနော်မြင်ပါတယ်။ ဒါဟာ သူတို့ရဲ့တာဝန်ရှိမှုအရနဲ့ ဖြစ်ပေါ်နေတဲ့ပကတိအနေအထားအပေါ်မှာ ဖြစ်သင့်တာတွေ မဖြစ်လာတဲ့အတွက် အခုလိုဖေါ်ထုတ်ခဲ့ကြတာဖြစ်ပါတယ်။ ဒါပေမဲ့ တဖက်မှာလည်း ကျနော်တို့ အလေးအနက်ပြုသင့်တာက ကမ္ဘာ့သမိုင်းစဉ် အဆင့်ဆင့်မှာ အင်အားကြီးနိုင်ငံများရဲ့ လုပ်ဆောင်ခဲ့မှုတွေဘဲဖြစ်တယ်။ သူတို့ရဲ့အကျိုးစီးပွားအပေါ် အခြေပြု ဆုံးဖြတ်သွားတာဘဲဖြစ်တယ်လို့လဲသုံးသပ်နိုင်တယ်။ သူတို့ဘက်ကကြည့်ရင်လည်း သဘာဝကျတယ်လို့ပြောရမှာဘဲ။ အဲဒီအချက်ဟာ ဒီနေ့ကမ္ဘာကြီးပေါ်မှာ ကျင့်သုံးနေတဲ့ နိုင်ငံတကာဆက်ဆံရေးရဲ့ အဓိကကျတဲ့ အခြေခံမှုတရပ်ဖြစ်နေလို့ပါဘဲ။ ဒီကိစ္စဟာ ဒီမိုကရေစီအင်အားစုတွေအတွက် ကြီးမားတဲ့ ဆုံးရှုံးမှုတရပ်လို့တော့ ကျနော့်အနေနဲ့မမြင်ပါဘူး။ ဘာကြောင့်လဲဆိုရင် ကျနော်တို့ နိုင်ငံရေးသမားတွေရဲ့ လက်သုံးစကားဖြစ်တဲ့ တကယ့်အင်အားဟာ ပြည်တွင်းမှာသာရှိတယ်။ ကိုယ့်ကံကြမ္မာ ကိုယ်သာဖန်တီးရမှာဖြစ်တယ်ဆိုတဲ့အခြေခံနဲ့ တိုင်းတာရင် အဓိကတာဝန်ရှိမှုနဲ့ တကယ့်ဆုံးရှုံးမှုမဖြစ်ပေါ်ရအောင် ကြိုးပမ်းလုပ်ဆောင်ရမှာက ကျနော်တို့တာဝန်လို့ပဲ နားလည်လက်ခံထားပါတယ်။ ဒါကြောင့် ကျနော်တို့ရဲ့တာဝန်ရှိမှုအပေါ်မှာ တကယ်တမ်း တာဝန်ကျေအောင်နဲ့ အမှန်တကယ်ကြီးမားတဲ့ ဆုံးရှုံးမှုတွေ မဖြစ်ပေါ်ဖို့အတွက် စနစ်တကျရှိတဲ့ ပြင်ဆင်အစားထိုးလုပ်ဆောင်မှုတွေကို လုပ်ဆောင်နိုင်ဖို့ကိုသာကြိုးပမ်းသွားရမှာ ဖြစ်တယ်လို့ယုံကြည်ပါတယ်။

**နအဖစစ်အုပ်စုရဲ့ လုပ်ရပ်များအပေါ် မှာ အထင်ကြီးနေရင်တော့၊ အသိအမှတ်ပြုမှုတွေရှိနေရင်တော့ နိုင်ငံရေးပြဿနာတွေကို စစ်မှန်တဲ့ နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းနိုင်မယ့်အခြေအနေတွေ လျော့ပါးလာပြီလို့ သုံးသပ်မိမှာပါ။**

*၃။ လုံခြုံရေးကောင်စီရဲ့ ဆုံးဖြတ်ချက်နောက်ပိုင်းမှာ နအဖရဲ့မိုက်တွင်းနက်မှုတွေ၊ လက်ရဲဇက်ရဲလုပ်မှုတွေ ပိုများလာမယ်လို့ သုံးသပ်ကြတာရှိတယ်။ ဒီမိုကရေစီလှုပ်ရှားမှုတွေကို ပိုပြီးဖိနှိပ်လာမယ်လို့ဆိုကြတယ်။ ဒီကိစ္စအပေါ်မှာအမျိုးသားကောင်စီက သုံးသပ်ထားတာရှိလား။*

ဒီသုံးသပ်ချက်ဟာလုံးဝကို မမှားနိုင်တဲ့သုံးသပ်ချက်တရပ်ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် အခုလိုလုံခြုံရေးကောင်စီရဲ့ ဆုံးဖြတ်ချက်မျိုးမရှိခင်ကတည်းက နအဖစစ်အုပ်စုဟာ အကြီးမားဆုံးမှားယွင်းမှုတွေကျူးလွန်ခဲ့ကြလို့ဖြစ်တယ်။ သူတို့ရဲ့ စစ်အာဏာရှင်စနစ် တည်ဆောက်ရေးယန္တရားကို အဟန့်အတားဖြစ်စေမဲ့ အခြေအနေအားလုံးကို နည်းမျိုးစုံနဲ့ချေမှုန်းနေလို့ဖြစ်တယ်။ ထာဝရအာဏာ တည်ဆောက်နိုင်ရေးလမ်းကြောင်းကို အခိုင်အမာတည်ဆောက်နေလို့ဖြစ်တယ်။ မြန်မာနိုင်ငံတွင်းမှာသာမကဘဲ၊ တကမ္ဘာလုံးကို စိန်ခေါ်လုပ်ဆောင်နေလို့ဖြစ်တယ်။ နအဖစစ်အုပ်စုအနေနဲ့ဘယ်တော့မှ နောက်ဆုတ်မှာမဟုတ်တော့ဘူးလို့ ကျနော်တို့သုံးသပ်ထားပြီးဖြစ်ပါတယ်။ တဆက်တည်းမှာလည်းပဲ ဒီနေ့ နအဖစစ်အုပ်စု သွားနေတဲ့လမ်းကြောင်းဟာ သူတို့ပြောနေတဲ့ စစ်မှန်တဲ့ ဒီမိုကရေစီရေးလမ်းကြောင်း၊ တရားဥပဒေစိုးမိုးရေးလမ်းကြောင်း၊ ဖွံ့ဖြိုးတိုးတက်တဲ့ ကမ္ဘာ့အဆင့်အတန်းမှီဖြစ်စေမဲ့ ကောင်းမွန်တဲ့ အုပ်ချုပ်မှုပုံစံတရပ်ကို လက်တွေ့အကောင်အထည်ဖော်နိုင်မဲ့ အစိုးရတရပ် ဘယ်လိုမှဖြစ်လာနိုင်စရာ အခြေအနေမရှိဘူးလို့လည်း အခိုင်အမာသုံးသပ်ထားပါတယ်။

*၄။ အခုနောက်ဆုံး ညောင်နှစ်ပင် ညီလာခံပိတ်တဲ့အခမ်းအနားမှာလည်း ဗိုလ်ချုပ်သိန်းစိန်က တွေ့ဆုံဆွေးနွေးရေးတောင်းဆိုချက်က ညီလာခံရဲ့အရှိန်အောက်မှာ မှေးမှိန်ပျောက်ကွယ်သွားပြီးလို့ဆိုတယ်။ အမျိုးသားကောင်စီရဲ့သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးဆိုတဲ့ နိုင်ငံရေးရည်မှန်းချက်က တကယ်ပဲလမ်းမမြင်တော့ဘူးလား။*

နအဖစစ်အုပ်စုအမြင်နဲ့ ကျနော်တို့အမြင် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတယ်လို့ ပြောချင်ပါတယ်။ သူတို့အနေနဲ့ ဘယ်လောက်ဘဲ ဥပဒေမဲ့ဖိနှိပ်မှုတွေလုပ်နေနေ ဒီနေ့ ပြည်တွင်းမှာရှိနေတဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေက သက်သေခံနေပါတယ်။ ဒီအတုအယောင် ညီလာခံရဲ့အပေါ် တိုင်းရင်းသားပြည်သူတရပ်လုံးနဲ့ နိုင်ငံတကာအသိပညာရှင်များရဲ့ အမြင်သဘောထားတွေက ရှင်းလင်းနေပြီးဖြစ်တယ်။ အခုအချိန်အခါလို တိုးတက်နေတဲ့ ကမ္ဘာကြီးရဲ့ နိုင်ငံရေးရေစီးကြောင်းအောက်မှာ ခေတ်မီဖွံ့ဖြိုးတိုးတက်နေတဲ့ အယူအဆတွေနဲ့အတူ လက်တွေ့တည်ရှိနေတဲ့ စံချိန်စံညွှန်းတွေနဲ့ ဆန့်ကျင်ကွဲလွဲနေတဲ့ ညောင်နှစ်ပင်ညီလာခံနဲ့ ထွက်ပေါ်လာမဲ့ ရလာဒ်များအပေါ် အားလုံးက ရှင်းလင်းစွာလက်ခံသုံးသပ်ထားကြပြီးဖြစ်ပါတယ်။ ဒီနေရာမှာ အလေးအနက်ပြောချင်တာကတော့ နအဖစစ်အုပ်စုရဲ့လုပ်ရပ်များအပေါ်မှာ အထင်ကြီးနေရင်တော့၊ အသိအမှတ်ပြုမှုတွေရှိနေရင်တော့ နိုင်ငံရေးပြဿနာတွေကို စစ်မှန်တဲ့ နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းနိုင်မဲ့ အခြေအနေတွေ လျော့ပါးလာပြီလို့ သုံးသပ်မိမှာပါ။ အမျိုးသားကောင်စီရဲ့ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးဆိုတဲ့ နိုင်ငံရေးရည်မှန်းချက်ဟာ မှန်ကန်တယ်။ အနှစ်သာရအားဖြင့် လေးနက်မှုရှိတယ်။ လက်တွေ့အခြေအနေနဲ့ ကိုက်ညီမှုရှိတယ်။ မဖြစ်မနေလုပ်ရမှာဖြစ်တယ်။ လက်တွေ့ဖြစ်ပေါ်လာအောင်လဲ ကျားကုတ်ကျားခဲကြိုးပမ်းလုပ်သွားဖို့ လိုအပ်မှာဖြစ်တယ်လို့ အခိုင်အမာယုံကြည်ထားမယ်ဆိုရင် ဖြစ်အောင်လုပ်နိုင်မဲ့နည်းလမ်းတွေကို ရှာဖွေလုပ်ဆောင်သွားရပါလိမ့်မယ်။ ကျနော်တို့မြင်တာတော့ နည်းလမ်းတွေရှိနေပါသေးတယ်။ တွေ့ဝေမှုမရှိဘူးဆိုရင် လုပ်နိုင်မဲ့နည်းလမ်းကိုရှာတွေ့မှာဖြစ်ပါတယ်။ ကျနော်တို့အားမလျော့ပါဘူး။ လုပ်သင့်လုပ်ထိုက်တဲ့နည်းလမ်း၊ အားလုံးလိုက်ပါနိုင်မဲ့နည်းလမ်း၊ လက်တွေ့တိုက်ပွဲဝင်နိုင်မဲ့နည်းလမ်းများကို ရှာဖွေလုပ်ဆောင်သွားပါ့မယ်။

*၅။ (၅၇) နှစ်မြောက် လွတ်လပ်ရေးနေ့၊ အမျိုးသားကောင်စီရဲ့ကြေညာချက်မှာ ဖက်ဒရယ်ဖွဲ့စည်းပုံဥပဒေကို လက်ခံကျင့်သုံးပြီး၊ အဋ္ဌမအကြိမ်ညီလာခံကြီးက ချမှတ်ထားတဲ့ မဟာဗျူဟာ ရည်မှန်းချက်နှစ်ရပ်နှင့် လိုက်လျောညီထွေစွာ ဆက်လက်တိုက်ပွဲဝင်သွားမယ်ဆိုတာ ဖတ်ရတယ်။ လူတိုင်းနားလည်အောင်ရှင်းပြနိုင်မလား။*

ဟုတ်ကဲ့ခင်ဗျ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီမှာ ခိုင်ခိုင်မာမာချမှတ်ကိုင်စွဲထားတဲ့ နိုင်ငံရေးရည်မှန်းချက်ကတော့ *“သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ ပေါ်ထွန်းရေးနဲ့ ၁၉၉၀ ပြည့် ပါတီစုံအထွေထွေရွေးကောက်ပွဲ ရလာဒ်ကိုအခြေခံတဲ့ ပြည်သူ့လွှတ်တော်တရပ်ပေါ်ပေါက်ရေး”* ဆိုတာဖြစ်ပါတယ်။ ဒါဟာ အမျိုးသားကောင်စီရဲ့ မဟာဗျူဟာနိုင်ငံရေးရည်မှန်းချက်ဖြစ်တယ်။ ဒီရည်မှန်းချက်ကို ခိုင်ခိုင်မာမာကိုင်စွဲထားပါတယ်။ ဒီရည်မှန်းချက်ကို အောင်မြင်နိုင်ဖို့အတွက် လတ်တလောနဲ့ ရေရှည်နိုင်ငံတည်ဆောက်ရေးမှာ မဖြစ်မနေရှိရမှာဖြစ်ပြီး၊ တိုင်းရင်းသားပေါင်းစုံ ပြည်သူတရပ်လုံးလက်ခံနိုင်မယ့် အခြေခံသဘောတူညီချက် (၈) ချက်ကို ပြီးခဲ့တဲ့ သက္ကရာဇ် ၂၀၀၅ ခုနှစ်၊ ဖေဖေါ်ဝါရီလ

စာမျက်နှာ (၁၅) ကော်လံ (၁) သို့

# အဲန်အယ်လ်ဒီ အယ်လ်အေမှ အဖွဲ့ဝင်ထုနှင့် ညှိနှိုင်းအစည်းအဝေးများကျင်းပ



အဲန်အယ်လ်ဒီအယ်လ်အေမှ အဖွဲ့ဝင်ထုနှင့် ညှိနှိုင်းအစည်းအဝေးများကျင်းပနေစဉ်

အဲန်အယ်လ်ဒီအယ်လ်အေ၏ အတွင်းရေးမှူး ဦးမြင့်သိဏ်းခေါင်းဆောင်သော မဟာဇူဟာအကောင်အထည်ဖော်ရေးကော်မတီသည် တပ်မဟာ (၆) ဒေသရှိ အဖွဲ့ချုပ်အဖွဲ့ဝင်များနှင့် ဇန်နဝါရီလ (၁၄) ရက်နေ့မှ (၁၆) ရက်နေ့အတွင်း သီးခြားစီ (၃) နေရာခွဲ၍ ပါတီရေးရာကိစ္စရပ်များအပေါ် ဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

ယင်းဆွေးနွေးပွဲများသို့ အဲန်အယ်လ်ဒီမှ လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ကဝမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမျိုးဝင်း၊ မင်းဘူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးချစ်တင်နှင့်၊ ယင်းမာပင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွန်းအောင်တို့လည်း ပါဝင်တက်ရောက် ဆွေးနွေးခဲ့ကြသည်။

အဲန်အယ်လ်ဒီ အယ်လ်အေ အတွင်းရေးမှူးနှင့်အဖွဲ့သည် တပ်မဟာ (၆) ဒေသရှိ မဟာမိတ်အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များနှင့်လည်း တွေ့ဆုံဆွေးနွေး၍ ယနေ့ကာလ အဲန်အယ်လ်ဒီနှင့် အဲန်အယ်လ်ဒီအယ်လ်အေ၏ ရပ်တည်ချက်သဘောထားများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။ ❖

# ခေါင်းမာသောစစ်အုပ်စုကို နည်းမျိုးစုံဖြင့်တွန်းလှန်ကြ

## အမျိုးသားဒီမိုကရေစီ (လွတ်မြောက်နယ်မြေ) တပ်လှန့်နှိုးဆော်

လက်ရှိစစ်အုပ်စုသည် ညှိနှိုင်းသောနည်းလမ်း၊ တောင်းပန်တိုးလျှိုးနည်းလမ်းဖြင့် ချဉ်းကပ်၍ရမည့်သူများမဟုတ်သဖြင့် လူမျိုးစုံပြည်သူလူထုအနေဖြင့် ဒုတိယလွတ်လပ်ရေးတိုက်ပွဲအတွက် နည်းလမ်းမျိုးစုံသုံး၍ တိုက်ပွဲဝင်ကြရန် (၅၉) နှစ်မြောက် လွတ်လပ်ရေးနေ့တွင် အမျိုးသားဒီမိုကရေစီ (လွတ်မြောက်နယ်မြေ) က တပ်လှန့်လိုက်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ၏ ဇန်နဝါရီလ (၄) ရက်နေ့၊ ကြေညာချက်တွင် "ခေါင်းမာသောစစ်အုပ်စုသည် ရှေ့ဆက်မည့်ခရီးကို ယတိပြတ် ပိုင်းဖြတ်ထားသည်မှာ ထင်ရှားသည်။ သို့ဖြစ်ရာ ကျွန်ုပ်တို့ လူမျိုးစုံပြည်သူတို့သည် စစ်အုပ်စုအား နည်းမျိုးစုံဖြင့် တိုက်ပွဲဝင်ကြရတော့မည်"ဟု ပါရှိသည်။

လွတ်လပ်ရေး (၅၉) နှစ်ခရီးကို ပြန်လည်မျှော်ကြည့်ပါက နိုင်ငံရေးသဘောတရားကွဲလွဲချက်အပေါ်အခြေခံသော ပြည်တွင်းစစ်မီးတောက်ခဲ့ရကြောင်း၊ စစ်အုပ်စိုးသူများသည် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန်မကြိုးစားဘဲ စစ်တပ်တန်ခိုးထွားရေးကိုသာ အလေးပေးလုပ်ဆောင်ခဲ့သဖြင့် တိုင်းပြည်မွဲပြာကျကာ ၁၉၈၈ ခုနှစ်တွင် လူထု၏ ဒုတိယလွတ်လပ်ရေးတိုက်ပွဲပေါ်ပေါက်ခဲ့ရကြောင်း ကြေညာချက်တွင်ဖော်ပြထားသည်။

ဆက်လက်၍ ၁၉၉၀ ရွေးကောက်ပွဲရလဒ်၊ ပြည်သူ့ဆန္ဒကို လျစ်လျူရှုနေသောနအဖသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏နိုင်ငံရေးပြဿနာကို နိုင်ငံရေး (သင်ပုန်းခြေ) ရေးအဆိုပြုချက်ကိုပစ်ပယ်ကာ၊ အတိုက်အခံများ၊ ကျောင်းသားခေါင်းဆောင်များကိုဖမ်းဆီးထောင်ချခြင်း၊ လူထုကို ဖိနှိပ်ခြင်း၊ စစ်တပ်အာဏာတည်မြဲရေးလုပ်ငန်းစဉ်ဖြစ်သော လမ်းပြမြေပုံကိုသာ အကောင်အထည်ဖော်ရန်ကြိုးစားခြင်းဖြင့် အတိတ်ကအမှားမျိုးကို ဆက်လက်ကျူးလွန်နေသည်ဟု ကြေညာချက်ကဆိုသည်။

"စစ်အုပ်စုလက်အောက် မြန်မာလူထုသည် ပညာရေး၊ စီးပွားရေး၊ လူမှုရေး အကျင့်စာရိတ္တအားလုံး ခြွတ်ခြုံကျနေသည်၊ ဆင်းရဲမွဲတေမှုဒဏ်ကို အလွန်အကြူးခံစားနေရသည်။ အမျိုးသားဂုဏ်သိက္ခာကျဆင်းနေသည်။ လူမှုဒုက္ခအဝဝကို အလူးအလဲခံစားနေကြလျက်ရှိသည်။ သို့သော် စစ်အုပ်စုသည် အားလုံးကိုလျစ်လျူရှုကာ စစ်အုပ်စုအာဏာတည်မြဲရေးအတွက် သက်သက်သာလုံးပန်းပြီး တရားဝင်မှုရရန် အချက် (၇) ချက်ပါ နိုင်ငံရေးလမ်းပြမြေပုံအညွှန်းအတိုင်း နောက်မဆုတ်တမ်း အကောင်အထည်ဖော်နေပေသည်"ဟု ကြေညာချက်တွင် ဖော်ပြထားသည်။

ထို့ကြောင့် "အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) သည် လူမျိုးစုံပြည်သူတို့နှင့်အတူလက်တွဲလျက် ဒီမိုကရေစီတော်လှန်ရေး (ဒုတိယလွတ်လပ်ရေးတိုက်ပွဲ) အောင်မြင်သည်အထိ ရှေ့တန်းမှနေ၍တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း"ကြေညာချက်၏ နိဂုံးပိုင်းတွင် ဖော်ပြထားသည်။ ❖

# ဖန်မီးအိမ်သို့ ဝမ်းနည်းမှတ်တမ်း



မျိုးချစ်စာဆိုတော်ကြီး ကဗျာဆရာ (ဦး) တင်မိုး (အသက်-၇၄) နှစ်သည် ဇန်နဝါရီလ (၂၂) ရက်နေ့က အမေရိကန်နိုင်ငံ၊ ကယ်လီဖိုးနီးယားပြည်နယ်၊ လော့စ်အိန်ဂျလိစ်မြို့တွင် မမျှော်လင့်ဘဲ ရုတ်တရက် ကွယ်လွန်အနိစ္စရောက်သဖြင့် မြန်မာနိုင်ငံလွတ်လပ်သည့် သတင်းအေဂျင်စီက ဆရာကြီး၏တပည့်သားသမီးများနှင့် ထပ်တူထပ်မျှဝမ်းနည်းရကြောင်း မှတ်တမ်းတင်အပ်ပါသည်။

မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# အီးအဲန်စီ အထွေထွေအတွင်းရေးမှူး ဒေါက်တာဆလိုင်းလျံမှုံး ၂၀၀၇ ခုနှစ်အတွက် မာတင်လူသာကင်းဆုချီးမြှင့်ခံရ

ထိုင်းမြန်မာနယ်စပ် အခြေစိုက် တိုင်းရင်းသားလူမျိုးများကောင်စီ အထွေထွေအတွင်းရေးမှူး ဒေါက်တာဆလိုင်းလျံမှုံးအား ဆွီဒင်နိုင်ငံအခြေစိုက် GLOBAL PEACE GROUP ကမ္ဘာ့တလွှား ငြိမ်းချမ်းရေးအဖွဲ့က ၂၀၀၇ ခုနှစ်အတွက် မာတင်လူသာကင်းဆုချီးမြှင့်ကြောင်း ဇန်နဝါရီလ (၈) ရက်နေ့က ထုတ်ပြန်ကြေညာခဲ့သည်။



ဆုရရှိသူ ဒေါက်တာဆလိုင်းလျံမှုံး

ချင်းအမျိုးသားတဦးဖြစ်ပြီး ရှစ်လေးလုံးအရေးအခင်းတွင် တက်ကြွစွာပါဝင်လှုပ်ရှားခဲ့ကာ UNLD ၏ အတွင်းရေးမှူးအဖွဲ့ဝင်တဦးဖြစ်သူ ဒေါက်တာဆလိုင်းလျံမှုံးသည် ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူးအဖြစ် ပြည်ပသို့မထွက်ခွာမီအထိ တာဝန်ယူခဲ့သူဖြစ်သည်။

ဒေါက်တာဆလိုင်းလျံမှုံးက "မာတင်လူသာကင်းဟာ အမေရိကန်မှာရှိတဲ့ နီဂရိုးလူနည်းစုတွေရဲ့ အခွင့်အရေးအတွက် တိုက်ပွဲဝင်ခဲ့သလို မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းရင်းသားလူနည်းစုတွေရဲ့ အခွင့်အရေးအတွက် တိုက်ပွဲဝင်နေတာမို့ ယင်းဆုကို ချီးမြှင့်ခံရတာဖြစ်တယ်"ဟု ပြောကြားခဲ့သည်။ ဇန်နဝါရီလ (၁၅) ရက်နေ့တွင် ကျရောက်သော ဒေါက်တာမာတင်လူသာကင်း၏ မွေးနေ့တွင် ဆွီဒင်ပါလီမန်၌ ဒေါက်တာဆလိုင်းလျံမှုံးအား ယင်းဆုချီးမြှင့်မှာဖြစ်ပြီး ဆုကြေးငွေအဖြစ်ဒေါ်လာ (၂၅,၀၀၀) လက်ခံရရှိမည်ဖြစ်သည်။ ❖

# ရှမ်းခေါင်းဆောင်များအမှု ဥပဒေကြောင်းအရတရားမျှတမှုရရေး အာရှလူ့အခွင့်အရေးအဖွဲ့ တောင်းဆို

ခွန်ထွန်းဦးအပါအဝင် ရှမ်းခေါင်းဆောင်များအား နိုင်ငံတော်ပုန်ကန်မှုဖြင့် တရားစွဲဆိုပြစ်ဒဏ်ချမှတ်ခြင်းသည် ဥပဒေကျင့်ဝတ်လုပ်ထုံးများကို သွေဖည်နေသဖြင့် ဥပဒေကြောင်းအရ တရားမျှတမှုရှိရန်လိုအပ်သည်ဟု ဟောင်ကောင်အခြေစိုက် အာရှလူ့အခွင့်အရေးကော်မရှင် AHRC က ယခုလ (၁၈) ရက်နေ့တွင်ကြေညာသည်။

AHRC ၏ကြေညာချက်တွင် ရှမ်းခေါင်းဆောင်များ၏အမှုသည် နိုင်ငံတော်ပုန်ကန်မှုမမြောက်ကြောင်း၊ တရားခွင်တွင် တရားခံဘက်ကတင်ပြသော သက်သေ (၁၈) ဦးအနက် (၆) ဦးသာ စစ်ဆေးခွင့်ပြုခဲ့ကြောင်း၊ တရားခွင်တွင်ထွက်ဆိုပြီးသော မျက်မြင်သက်သေနှစ်ဦးကိုလည်း ပြန်လည်ခေါ်ယူ စစ်ဆေးခွင့်မပြုခဲ့ကြောင်း၊ လောလောဆယ်တွင် မြန်မာနိုင်ငံတွင်အခြေခံဥပဒေမရှိ၍ နိုင်ငံတော်ပုန်ကန်မှုပြစ်မှုဆိုင်ရာ ဥပဒေသုံးပြီး အမှုဖြစ်ပွားရာရှမ်းပြည်၌ မစစ်ဆေးဘဲ အထူးခုံရုံး၌ စစ်ဆေးစီရင်ခြင်း စသည်တို့သည် ဥပဒေလုပ်ထုံးများနှင့် မကိုက်ညီဟုပါရှိသည်။

ရှမ်းခေါင်းဆောင်များ၏ အမှုစစ်ဆေးမှုမှတ်တမ်းအချက်အလက်များအပေါ် ဥပဒေပညာရှင်များနှင့် အပြန်ပြန်အလှန်လှန် စစ်ဆေးထားသော AHRC ၏ အဆိုပါသုံးသပ်ချက်ကို ယခုအခါ နိုင်ငံတကာအဖွဲ့အစည်းအသီးသီး၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် နိုင်ငံတကာသံရုံးအသီးသီးနှင့် အစိုးရများသို့ပေးပို့တင်ပြထားပြီး နိုင်ငံတကာ အဖွဲ့အစည်းများနှင့် အဖွဲ့အစည်းများအနေဖြင့် တရားမျှတရေးအတွက် တောင်းဆိုကြရန် တိုက်တွန်းထားသည်။

ခွန်ထွန်းဦးနှင့် ရှမ်းခေါင်းဆောင် (၉) ဦးသည် ရှမ်းပြည်နယ်အတိုင်ပင်ခံအဖွဲ့ ဖွဲ့စည်းရန်ကြိုပမ်းစဉ် ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် နအဖအာဏာပိုင်များက ဖမ်းဆီးပြီး ထိုနှစ်နိုဝင်ဘာလတွင် နိုင်ငံတော်ပုန်ကန်မှု၊ နိုင်ငံတော်ကို အကြည်ညိုပျက်အောင်ဆောင်ရွက်မှု၊ အသင်းအပင်းဖွဲ့စည်းခွင့်ဆိုင်ရာပြစ်မှု၊ အမျိုးသားညီလာခံအား အနှောင့်အယှက်ပေးမှု စသော စွပ်စွဲချက်များဖြင့် နှစ်ရှည်ထောင်ဒဏ်ချမှတ်ခဲ့သည်။

ထောင်ဒဏ် (၉၃) နှစ် အပြစ်ပေးခံရသည့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (အက်စ်အဲန်အယ်လ်ဒီ) ဥက္ကဋ္ဌ ခွန်ထွန်းဦးသည် ယခုအခါ ကချင်ပြည်နယ်ပူတာအိုထောင်တွင် အကျဉ်းကျခံနေရပြီး ကျန်ရှမ်းခေါင်းဆောင်များသည်လည်း နိုင်ငံအစွန်အဖျားရှိ အကျဉ်းထောင်များတွင် အသီးသီးအကျဉ်းကျခံနေရသည်။

၎င်းတို့၏အမှုများအတွက် အယူခံဝင်ရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရှေ့နေများက ကြိုးပမ်းခဲ့သော်လည်း တရားရုံးအဆင့်ဆင့်၌ ပလပ်ခံခဲ့ရပြီး နောက်ဆုံးအနေဖြင့် အထူးအယူခံဝင်ခွင့်လျှောက်ထားဆဲဖြစ်သည်။

ခွန်ထွန်းဦးနှင့်အတူ နှစ်ရှည်ထောင်ဒဏ်ကျခံနေရသည့် ရှမ်းခေါင်းဆောင်များမှာ ရှမ်းပြည်ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ဆေထင်၊ အက်စ်အဲန်အယ်လ်ဒီ အထွေထွေအတွင်းရေးမှူး စိုင်းညွန့်လွင်၊ ရှမ်းပြည်မျိုးဆက်သစ်ကျောင်းသားလူငယ်များအဖွဲ့မှ ဦးမြင့်သန်း၊ ဦးညီညီမိုး၊ စိုင်းမျိုးဝင်းထွန်း၊ ဦးထွန်းညို၊ စိုင်းလှအောင်နှင့် စဝ်သာဦး စသူတို့ဖြစ်သည်။

၎င်းတို့အနက် ဦးမြင့်သန်းမှာ ယမန်နှစ်မေလက သံတွဲထောင်တွင် ကွယ်လွန်သွားခဲ့သည်။

❖

# လက်နက်ကိုင်တော်လှန်ရေးနှင့် လူထုတိုက်ပွဲပေါင်းစပ်သွားမည်

## မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး အလေးအနက်ပြောဆို



အခမ်းအနားတွင် ဥက္ကဋ္ဌ ရဲဘော်သံခဲမှ အမှာစကားပြောကြားနေစဉ်

ဒီဇင်ဘာ (၂၀)

ဒီမိုကရေစီအကျိုးစီးပွားကို လိုလားသော ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းအသီးသီးနှင့် လူမျိုးပေါင်းစုံ ပြည်သူလူထုကြီးအားဒီမိုကရေစီတော်လှန်ရေးတွင် တက်တက်ကြွကြွ ပူးပေါင်းပါဝင် ဆင်နွှဲသွားရန် ကျောင်းသားတပ်မတော်က အလေးအနက် တောင်းဆိုလိုက်သည်။

မြန်မာနိုင်ငံဒီမိုကရေစီရရှိရေးအတွက် လက်နက်ကိုင်တော်လှန်ရေးနှင့် လူထုတိုက်ပွဲပေါင်းစပ်သွားမည်ဟု မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (မကဒတ) က ယုံကြည်သည့်အလျောက် မဟာမိတ်အဖွဲ့အစည်းများထံ ယင်းသို့ တောင်းဆိုလိုက်ခြင်းဖြစ်သည်။

ယခုလ (၇) ရက်နေ့မှ (၁၇) ရက်နေ့အထိ မကဒတဗဟိုဌာနချုပ် (ဒေါင်းဂွင်) ၌ကျင်းပသည့် (၈) ကြိမ်မြောက်ညီလာခံ အပြီးထုတ်ပြန်သည့်ကြေညာချက်တွင် "မကဒတအား မြန်မာ့ဒီမိုကရေစီတော်လှန်ရေးလက်တွေ့တွင် လက်နက်ကိုင်တော်လှန်ရေး လမ်းစဉ်ကို ခိုင်ခိုင်မာမာကိုင်စွဲချီတက်သွားမည်ဟုယုံကြည်သျှက် ဖြစ်ပေါ်လာနိုင်သည့် လူထုတိုက်ပွဲကြီးအား လက်ဦးမှုရှိရှိ ပေါင်းစပ်ပါဝင်သွားရန် လမ်းညွှန်ခဲ့သည့်အပြင် လက်နက်ကိုင်တော်လှန်ရေးနှင့် လူထုတိုက်ပွဲပေါင်းစပ်ရေးလုပ်ငန်းစဉ်ကို အတည်ပြုချမှတ်ခဲ့သည်"ဟု ပါရှိသည်။

စစ်အစိုးရလက်ထက် လက်ရှိနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးအခြေအနေသည် ကသောင်းကနင်းဖြစ်နေကြောင်း၊ ပြည်တွင်းတွင် ကျောင်းသားနှင့်ပြည်သူလူထု၏ နိုင်ငံရေးစိတ်ဓာတ်နိုးကြားတက်ကြွလာကြောင်း ညီလာခံတက်ရောက်သူများက သုံးသပ်ပြီး တိုင်းပြည်၏ပြဿနာသည် နိုင်ငံတကာပြဿနာတရပ်သဖွယ်ဖြစ်လာကာ ကုလသမဂ္ဂလုံခြုံရေးကောင်စီအထိ ရောက်ရှိနေသည်ဟုလည်း သုံးသပ်ကြသည်ဟု သိရသည်။

မကဒတဥက္ကဋ္ဌရဲဘော်သံခဲ၏ ညီလာခံမိန့်ခွန်းတွင် ၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံကြီးမှပေါက်ဖွားလာသော ကျောင်းသားတပ်မတော်သည် ဒီမိုကရေစီအရေးတော်ပုံကြီး၏ ရည်မှန်းချက်များကို ဆက်လက်သယ်ပိုးရန် တာဝန်ရှိနေသည်ဟုပါရှိသည်။

ညီလာခံတွင် ရဲဘော်သံခဲ ဦးဆောင်သည့် ဗဟိုကော်မတီ (၁၅) ဦးနှင့် အရန်ဗဟိုကော်မတီဝင် (၃) ဦးတို့ကို ရွေးချယ်တင်မြှောက်ပြီး ဥက္ကဋ္ဌရဲဘော်သံခဲနှင့် ဒုဥက္ကဋ္ဌ ရဲဘော်မျိုးဝင်းတို့က ဆက်လက်တာဝန်ထမ်းဆောင်သည်။

အထွေထွေအတွင်းရေးမှူး ရဲဘော်ကျော်ကိုနေရာ၌ ရဲဘော်ဆန်နီကို အစားထိုးခန့်အပ်ကာ ရဲဘော်ဆလိုင်းယောအောင်က တွဲဖက်အထွေထွေအတွင်းရေးမှူး (၁) နှင့် ရဲဘော်ခင်ကျော်က တွဲဖက်အတွင်းရေးမှူး (၂) အဖြစ် တာဝန်ယူသည်။ ❖



မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး အဖွဲ့ဝင်များမှ သစ္စာဓိဋ္ဌာန်ရွတ်ဆိုနေစဉ်

# တိုင်းရင်းသားလူမျိုးစုများအားလုံး ညီညွတ်ကြရန် ကေအဲန်အယ်လ်အေစစ်ဦးစီးချုပ်တိုက်တွန်း

ဒီဇင်ဘာ (၂၀)

စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေးတွင် မြန်မာနှင့်လူမျိုးစုများအားလုံး ညီညွတ်ကြရန် ယမန်နေ့ကကျရောက်သော ကရင်နှစ်သစ်ကူးနေ့တွင် ကေအဲန်ယူ၏စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး မူတူးစေးဖိုးက တိုက်တွန်းသည်။

ကေအဲန်ယူတပ်ရင်း (၁၀၁) နယ်မြေတွင်ကျင်းပသော ကရင်နှစ်သစ်ကူးနေ့အခမ်းအနားတွင် ဗိုလ်ချုပ်ကြီးမူတူးစေးဖိုးက "(၅၈) ကနေစပြီး အာဏာရှင်စနစ်ကို ဖယ်ရှားပြီး ဒီမိုကရေစီစနစ်ကို လိုလားကြတယ်။ တိုက်ပွဲဝင်ခဲ့ကြတယ်။ ဒီနေ့အထိတော့ မပြီးမြောက်သေးဘူး။ ပြီးမြောက်ဖို့အတွက်က တိုင်းရင်းသားတွေအပါအဝင် ဗမာပြည်သူလူထုတရပ်လုံးကသာ ဒီမိုကရေစီအခြေခံတဲ့ ညီညွတ်ရေးကိုတည်ဆောက်ကြဖို့ တိုက်တွန်းပါတယ်"ဟု ပြောကြားသည်။

ဆက်လက်၍ နအဖအနေဖြင့် ကေအဲန်ယူကို "လက်တဆုပ်စာ"အဖြစ် သဘောထားကာ စစ်ရေးနည်းဖြင့် "မျိုးပျောက်စစ်ဆင်ရေး"နည်းဖြင့် ချေမှုန်းရန်ကြိုးစားလာသည်မှာ နှစ်ပေါင်း (၆၀) နီးပါးရှိလာပြီဖြစ်ကြောင်း၊ နိုင်ငံရေးပြဿနာကို စစ်ရေးနည်းလမ်းဖြင့် ဖြေရှင်း၍မရနိုင်ကြောင်းကို နအဖဗိုလ်ချုပ်ကြီးများအား အလေးအနက်အသိပေးလိုကြောင်း ဗိုလ်ချုပ်မူတူးစေးဖိုးက သတင်းထောက်များအား ပြောသည်။

နအဖဘက်က ကေအဲန်ယူနှင့် ဗိုလ်ချုပ်ခင်ညွန့်လက်ထက်ကရှိခဲ့သော နှုတ်အားဖြင့် သဘောတူညီမှုကိုပယ်ဖျက်ကာ ပိုမိုကောင်းမွန်သော အစီအစဉ်သစ်ရှိသည့်ပုံစံမျိုး ပြောဆိုနေသော်လည်း လက်တွေ့တွင် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးပွဲများ ဖြစ်မြောက်ရေးတွင် ဆက်လက်ခေါင်းမာနေဆဲဖြစ်သည်ဟု ဗိုလ်ချုပ်ကြီးမူတူးစေးဖိုးကပြောသည်။

"ခင်ညွန့်လုပ်သွားတဲ့ကိစ္စမှာ အားလုံးကို ခင်ညွန့်က အထက်ကိုမတင်ပြဘူးလို့ ပြောတဲ့အပိုင်းတွေရှိတယ်။ ဒါကောင်းတယ်လို့ နည်းနည်းပြောတဲ့အပိုင်းတွေရှိတယ်။ ဒီထက်ကောင်းတဲ့ လုပ်နည်းလုပ်ဟန်လေးသူတို့မှာတွေ့ထားတယ်နဲ့တူတယ်။ ဘာတွေလဲတော့ ကျနော်တို့လည်းမသိဘူး"ဟု ဗိုလ်ချုပ်ကြီးကဆိုသည်။



ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး

နံနက် (၆) နာရီတွင် ကေအဲန်ယူတပ်များ၏ စစ်ရေးပြချီတက်ခြင်းနှင့် စတင်သော ကရင်နှစ်သစ်ကူးအခမ်းအနားသို့ ကရင်ရိုးရာ ဒုံးယိမ်းအဖွဲ့များ၊ သင်တိုင်းရောင်စုံဝတ်ဆင်ထားသော ကရင်အမျိုးသား၊ အမျိုးသမီးများ၊ ဧည့်ပရိသတ်များ၊ မဟာမိတ်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များ စုစုပေါင်း (၂,၀၀၀) ခန့် တက်ရောက်ဆင်နွှဲခဲ့ကြသည်။

ကရင်အမျိုးသားတရပ်လုံး စည်းလုံးညီညွတ်ကြရန် အလေးထားတိုက်တွန်းထားသော ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောဘသင်စိန်၏မိန့်ခွန်းနှင့်အတူ ကေအဲန်ယူဗဟိုနှင့် မဟာမိတ်အဖွဲ့အစည်းများမှ ပေးပို့သော နှစ်သစ်သဝဏ်လွှာများကို အခမ်းအနားတွင်ဖတ်ကြားခဲ့သည်။

၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာ (၁၉) ရက်သည် ကရင်ပြက္ခဒိန်အရ သက္ကရာဇ် ၂၇၄၆ ခုနှစ် သလေးလဆန်း (၁) ရက်နေ့ဖြစ်ပြီး လွတ်လပ်မှု၊ ညီညွတ်မှုနှင့် တရားမျှတမှုကို အထူးမြတ်နိုးလှသော ကရင်ပြည်သူတို့အတွက် ကရင်နှစ်သစ်ကူးနေ့ သတ်မှတ်ရယူနိုင်ရန် ကရင်အမျိုးသား ဗြဟ္မစိုရ်ဘာသာဝင် ဒေါက်တာဒီဖိုးမင်းက အင်္ဂလိပ်ကိုလိုနီအစိုးရကို အရေးဆိုတိုက်ပွဲဝင်ပြီး ရရှိခဲ့ခြင်းဖြစ်ရာ သမိုင်းတန်ဖိုးအရ၊ အမျိုးသားဂုဏ်သိက္ခာအရ အလွန်ထူးမြတ်သောနေ့တနေ့ဖြစ်ကြောင်း မဟာမိတ်အဖွဲ့အစည်းများ၏ သဝဏ်လွှာတွင် ဖော်ပြထားသည်။ ❖

# စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုပေါ် ပေါက်ရေး ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရဆက်လက်ကြိုးပမ်းမည်

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ (အဲန်စီဂျီယူဘီ) ဖွဲ့စည်းတည်ထောင်ခြင်း (၁၆) နှစ်မြောက်အထိမ်းအမှတ်ကြေညာချက်ကို ဒီဇင်ဘာလ (၁၈) ရက်နေ့နေ့စွဲဖြင့်ထုတ်ပြန်ရာတွင် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ဆက်လက်ကြိုးပမ်းသွားမည်ဟုပါရှိသည်။

ကြေညာချက်တွင် နအဖအုပ်စုအနေဖြင့် နိုင်ငံရေးအကျဉ်းသားများပြန်လွှတ်ပေးပြီး တနိုင်ငံလုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရန်၊ ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအရလေးနက်သော တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ရန်၊ တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်များပါဝင်သော မျက်နှာစုံညီဆွေးနွေးပွဲကျင်းပရန် တိုက်တွန်းထားသည်။

(၁၈) နှစ်တာဖြတ်သန်းမှုအပေါ် သုံးသပ်ရာတွင် အဲန်စီဂျီယူဘီအနေဖြင့် မြန်မာပညာရှင်များစုစည်းပြီး လက်ရှိဒီမိုကရေစီအရေးအတွက်သာမက အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ (အမ်ပီယူ) နှင့်အတူ လိုအပ်သော ကြိုတင်ပြင်ဆင်မှုများပြုလုပ်နေကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ် ပေါ်ပေါက်ရေးအတွက်လည်း ဦးဆောင်ကြိုးပမ်းနေကြောင်းဖော်ပြထားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်းက မြန်မာပြည်ပြဿနာသည် နိုင်ငံရေးပြဿနာအပေါ်တွင်အခြေခံသဖြင့် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးရေးနည်းလမ်းဖြင့်သာ အဖြေရှာနိုင်မည်ဟု ယုံကြည်ကြောင်းပြောကြားသည်။

စစ်အုပ်စုသည် ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကိုလျစ်လျူရှုကာ နိုင်ငံတဝှမ်းရှိပြည်သူလွှတ်တော်ကိုယ်စားလှယ်များကိုဖမ်းဆီးထောင်ချသဖြင့် လွှတ်တော် ကိုယ်စားလှယ်အချို့သည် ပြည်ပသို့ထွက်ခွာလာပြီး ၁၉၉၀ ခုနှစ်၊ ဒီဇင်ဘာ (၁၈)ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရကို မာနယ်ပလောဒေသတွင် စတင်ဖွဲ့စည်းခဲ့သည်။

❖



ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်း

# နှစ်ပေါင်း (၆၀) နီးပါး ကရင်အမျိုးသားများ၏ တန်းတူခွင့်နှင့် ကိုယ်ပိုင်ပြဌာန်းခွင့်အတွက် ဦးဆောင်တိုက်ပွဲဝင်ခဲ့သူ ကရင့်အမျိုးသားအစည်းအရုံး၏ခေါင်းဆောင် ဗိုလ်ချုပ်ကြီးစောဘိုမြ (၇၉ နှစ်) ကွယ်လွန်

**“... နအဖက ငါ့ကိုဆေးကုဖို့ ရန်ကုန်ကို ခေါ်တယ် ...။ ကရင်ပြည်မပေးရင် ငါမသွားနိုင်ဘူး ...”**



**“...ကရင့်တော်လှန်ရေးဟာ လက်နက်ချဖို့ မပြောနဲ့ လက်နက်ချစကားတောင် မပြောရဘူး ...”**



ကရင့်တော်လှန်ရေးသမိုင်းတွင် စောဘဦးကြီး၊ မန်းဘဇံတို့ပြီးနောက် အထင်ကရ ခေါင်းဆောင်တဦးဖြစ်သူ ဗိုလ်ချုပ်ကြီးစောဘိုမြသည် ဒီဇင်ဘာလ (၂၄) ရက်နေ့ နံနက် (၂) နာရီတွင် ထိုင်းနိုင်ငံ၊ မဲဆောက်မြို့ရှိ ပုဂ္ဂလိကဆေးရုံတွင် လူကြီးရောဂါဖြင့်ကွယ်လွန်အနိစ္စရောက်သည်။ ကွယ်လွန်ချိန်တွင် အသက် (၇၉) နှစ်ရှိပြီဖြစ်သည်။

၁၉၂၆ ခုနှစ် ဇန်နဝါရီ (၂၀) ရက်နေ့တွင် ဖာပွန်မြို့နယ်၊ ထီးမူးခီးရွာတွင်မွေးဖွားသော ဗိုလ်ချုပ်ကြီးသည် ဒုတိယကမ္ဘာစစ်အတွင်း ဗြိတိသျှစစ်တပ်၌ အမှုထမ်းခဲ့ပြီး ကရင့်တော်လှန်ရေးအစပြုချိန်မှ ကွယ်လွန်ချိန်အထိ နှစ်ပေါင်း (၆၀) နီးပါး ကရင့်အမျိုးသားများ၏တန်းတူခွင့်နှင့် ကိုယ်ပိုင်ပြဌာန်းခွင့်အတွက် ဦးဆောင်တိုက်ပွဲဝင်ခဲ့သူဖြစ်သည်။

၁၉၄၉ တွင် ကရင်တော်လှန်ရေးသို့ ရဲဘော်ဘဝမှ စတင်ဝင်ရောက်လာသူ ကရင်လူငယ်လေးသည် ဒိုက်ဦး၊ ပြွန်တန်ဆာ၊ ညောင်လေးပင်ရထားလမ်း၊ ကားလမ်းတလျှောက်တွင် တပ်စိတ်မှူးဖြစ်လာပြီး၊ ၁၉၅၀ နောက်ပိုင်းတွင် စစ်ကြောင်းမှူး၊ တပ်ရင်းမှူး၊ ၁၉၆၃ တွင် ကရင့်တော်လှန်ရေး အရှေ့တိုင်းတပ်မမှူး၊ ၁၉၆၆ ခုနှစ်တွင် စစ်ဦးစီးချုပ် စသည့် တာဝန်အဆင့်ဆင့်ဖြင့် ကရင့်တော်လှန်ရေးကြီး၏ အဆုံးအဖြတ်နေရာသို့ ရောက်လာသူဖြစ်သည်။

စကားပြောလျှင် ယုံကြည်သည့်အတိုင်း ရိုးရိုးဒဲ့ဒိုးပြောတတ်သူ ဗိုလ်ချုပ်ကြီးသည် တော်လှန်ရေးခေါင်းဆောင်တဦးပီပီ သေရေးရှင်ရေးတွင် ရှေ့ဆုံးမှဦးဆောင်တိုက်ရဲသူဖြစ်သည်သာမက ပြတ်သားသူ၊ တည်ကြည်သူ၊ လက်တွေ့ကျသူ၊ အခြားသူများ၏ အမြင်သဘောထားများကို တလေးတစားနားထောင်တတ်သူအဖြစ် တော်လှန်ရေးလက်တွဲဖော်များက မှတ်ချက်ပေးကြသည်။

၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာ၊ သမိုင်းဝင် ရန်ကုန်ဆွေးနွေးပွဲကို ဦးဆောင်ခဲ့သူ ဗိုလ်ချုပ်ကြီးသည် ကရင်အမျိုးသားအစည်းအရုံး၏ဥက္ကဋ္ဌနှင့် စစ်ဦးစီးချုပ် (၁၉၇၆–၂၀၀၀)၊ အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု၏ ဥက္ကဋ္ဌ (၁၉၇၇–၁၉၈၇)၊ မြန်မာပြည်ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ချုပ်၏ဥက္ကဋ္ဌ (၁၉၈၈–၂၀၀၄)၊ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ၏ဥက္ကဋ္ဌ (၁၉၉၂–၂၀၀၄) အဖြစ်ကြီးလေးသောတာဝန်များကို ထမ်းဆောင်ခဲ့သည်။

ကရင့်အမျိုးသားအစည်းအရုံး၏ အခက်အခဲဆုံးကာလများတွင် ဦးဆောင်မှုပေးနိုင်ခဲ့သော ဗိုလ်ချုပ်ကြီးမြသည် မြန်မာပြည်ဒီမိုကရက်တစ်မဟာမိတ် အဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ၊ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရအပါအဝင် ဒီမိုကရေစီအင်အားစုများနှင့် လက်နက်ကိုင်တပ်ပေါင်းစုများဖွဲ့စည်းရေးတွင်လည်း ဗိသုကာတဦးဖြစ်ခဲ့သည်။

ဗိုလ်ချုပ်စောဘိုမြ၏ ဘဝတသက်တာသည် ကရင်အမျိုးသားများ၏ ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးခွင့်ရရှိရေးအတွက် တိုက်ပွဲဝင်ခဲ့သည့် တသက်တာဖြစ်ရုံမက မြန်မာပြည်အတွင်း လွတ်လပ်မှု၊ တရားမျှတမှု၊ အေးချမ်းမှု၊ စည်းလုံးညီညွတ်ရေးအတွက် တိုက်ပွဲဝင်ခဲ့သည့် တသက်တာပင်ဖြစ်သည်။

သူ၏ အရေးကြီးသောစွမ်းဆောင်မှုများမှာ ၁၉၆၃ ခုနှစ်မှ ၁၉၇၅ ခုနှစ်အတွင်း (၂) ခြမ်းကွဲနေသည့် ကရင်အမျိုးသားတော်လှန်ရေးကြီး ပြန်လည်သွေးစည်းရေးအတွက် ထိုစဉ်က ဥက္ကဋ္ဌဖြစ်ခဲ့သူ မန်းဘဇံနှင့်အတူ အဆုံးအဖြတ်အခန်းမှပါဝင်ခဲ့ခြင်း၊ ၁၉၇၄ ခုနှစ်မှစတင်သည့် နအဖ၏ထိုးစစ်ကြီးများကို ရဲရင့်စွာဦးဆောင်တွန်းလှန်ရင်း ကရင့်အမျိုးသားများ၏ တရားသောစစ်ကို ပြည်တွင်းပြည်ပနှစ်ရပ်စလုံးအား သိစေခဲ့ခြင်းများသည် အထင်ကရဖြစ်သည်ဟု ၁၉၈၈ မှ ၁၉၉၅ အထိ ဗိုလ်ချုပ်မြ၏ ကိုယ်ရေးအရာရှိအဖြစ် နီးနီးကပ်ကပ် အလုပ်လုပ်ခဲ့သူ ကေအဲန်ယူ၏အထွေထွေအတွင်းရေးမှူး ပဒိုမန်းရှာလားဖန်းကသုံးသပ်သည်။

ဗိုလ်ချုပ်ကြီးသည် မြန်မာသမိုင်း၏အချိုးအကွေ့ဖြစ်သော ၁၉၈၈ အရေးတော်ပုံနောက်ပိုင်းတွင် တောတွင်းသို့ အလုံးအရင်းနှင့်ရောက်လာသော ဒီမိုကရေစီအင်အားစုများအားလုံးကိုစုစည်း၍ လက်နက်ကိုင်တော်လှန်ရေးနှင့် လူထုတိုက်ပွဲပေါင်းစပ်နိုင်ရေး ဗျူဟာကို အမြော်အမြင်ရှိရှိ အုတ်မြစ်ချခဲ့သူဖြစ်သည်။ ထိုစဉ်က တက္ကသိုလ်နယ်မြေကို စွန့်လာသော ကျောင်းသားအင်အားစုများ၏ ကျောင်းသားတပ်မတော်ပေါ်ပေါက်ရေး စိတ်ကူးကိုလည်း ရုပ်ပိုင်း၊ စိတ်ပိုင်း၊ နည်းနာပိုင်းဆိုင်ရာများစွာ အထောက်အပံ့ပေးခဲ့သည်။

၁၉၉၀ အလွန်နှစ်များအတွင်း၊ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် အခြေခံများဖြစ်လာမည့် မာနယ်ပလောသဘောတူညီချက် ၁၉၉၂၊ မဲသရောထသဘောတူညီချက် ၁၉၉၇ စသော သမိုင်းဝင် သဘောတူညီချက်များကိုလည်း အခြားတိုင်းရင်းသားအင်အားစုများ၊ ဒီမိုကရေစီအင်အားစုများနှင့် လက်တွဲအုတ်မြစ်ချနိုင်ခဲ့သည်။

၂၀၀၃ ခုနှစ်၊ ကေအဲန်ယူနှင့် နအဖတို့ကြား အပစ်အခတ်ရပ်စဲရေး နှုတ်ကတိရယူပြီး နောက်ပိုင်းနှစ်များတွင် ဗိုလ်ချုပ်ကြီး၏ ကျန်းမာရေး တစစယိုယွင်းလာခဲ့သော်လည်း သူသည် နောက်ဆုံးနေ့ရက်များအထိ သူ၏ ကိုယ်ကျိုးထက် ကရင့်တော်လှန်ရေး၏ အကျိုးကိုသာ အလေးထားရပ်တည်ခဲ့သည်။

“နအဖက ငါ့ကိုဆေးကုဖို့ရန်ကုန်ကို ခေါ်တယ်။ ကရင်ပြည်မပေးရင် ငါမသွားနိုင်ဘူး”ဟု ဝေဒနာဆိုးဆိုးရွားရွားခံနေရသော သူ့မကွယ်လွန်ခင် (၆) လက ပြောကြားခဲ့သည်။

ဗိုလ်ချုပ်ကြီးမြကွယ်လွန်ခြင်းသည် ကရင့်တော်လှန်ရေးအတွက်သာမက တိုင်းရင်းသားများ၏ ကိုယ်ပိုင်ပြဌာန်းခွင့်၊ မြန်မာပြည်၏မပြီးဆုံးသေးသော ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတို့အတွက် ကြီးမားသော ဆုံးရှုံးမှုတရပ်ပင်ဖြစ်သကဲ့သို့ အနှစ် (၆၀) ကြာ ကရင့်တော်လှန်ရေးကြီး၏ အနာဂတ်ကံကြမ္မာနှင့်လည်း ဆက်စပ်နေသည်ဟု သုံးသပ်မှုများလည်း ရှိနေသည်။

အမြောက်သံ၊ ဗုံးသံများနှင့်တဘဝလုံးနေသားကျခဲ့ရသော ရာသက်ပန်တော်လှန်ရေးသမားကြီး၏ရုပ်ကြွင်းကို ခရစ်စမတ်အပြီး နောက်တနေ့တွင် သောင်ရင်းကမ်းခြေရှိ ကေအဲန်အယ်လ်အေထိန်းချုပ်နယ်မြေတွင် အခမ်းအနားနှင့်ပြုလုပ်ခဲ့ရာ ပရိသတ် (၁) သောင်းနီးပါးတက်ရောက်ဂါရဝပြုခဲ့ကြသည်။

ကေအဲန်ယူ၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ ပဒိုမန်းရှာလားဖန်က ဗိုလ်ချုပ်ကြီးမြကွယ်လွန်သွားသော်လည်း နောင်လာနောင်သားများသည် ဗိုလ်ချုပ်ကြီးမြဆိုသော သစ်ပင်၏ ပင်စည်အတွင်းမှ အမြစ်၊ အနှစ်၊ အကာ၊ အကိုင်း၊ အခက်၊ အရွက်၊ အပွင့်၊ အသီး၊ အဆင်း၊ ရနံ့များကို ခွဲခြမ်းရှာဖွေတတ်ပါက လွတ်လပ်မှု၊ တရားမျှတမှုအတွက် လိုအပ်သော ခွန်အားများရရှိစေမည်ဟု ဗိုလ်ချုပ်မြကွယ်လွန်အပြီး တပတ်အကြာတွင်ပြုလုပ်သော ဂုဏ်ပြုအခမ်းအနားတခုတွင် ပြောကြားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ၏ ခေါင်းဆောင်တဦးဖြစ်သူ ဦးမြင့်သိဏ်းက “ဆရာဇန်းမော်တင်အောင်ရဲ့ စကားနဲ့ပြောရရင် လူတယောက်ရဲ့တန်ဖိုးဟာ သူဖြတ်သန်းခဲ့တဲ့သမိုင်းက သူ့ပုခုံးပေါ်တင်ပေးလိုက်တဲ့တာဝန်ကို ဘယ်လောက်ကျေပြွန်အောင် ထမ်းဆောင်သွားသလဲဆိုတာနဲ့ပဲ တိုင်းရမှာပဲ။ ဗိုလ်ချုပ်ကြီးမြဟာ သူဖြတ်သန်းခဲ့တဲ့သမိုင်းက သူ့ပုခုံးပေါ်တင်ပေးလိုက်တဲ့ သမိုင်းတာဝန်ကိုကျေပြွန်အောင် ထမ်းဆောင်သွားတဲ့ တော်လှန်ရေးသမားကြီးဖြစ်တယ်”ဟုပြောသည်။

စစ်မှန်သော ငြိမ်းချမ်းရေးလိုလားသူ ဗိုလ်ချုပ်ကြီးမြသည် ကရင့်အမျိုးသားခေါင်းဆောင်ကြီးစောဘဦးကြီး၏ တော်လှန်ရေးလမ်းစဉ်ကို ယုံယုံကြည်ကြည်ဆက်ခံသူဖြစ်သည်။

“ကရင့်တော်လှန်ရေးဟာ လက်နက်ချဖို့မပြောနဲ့ လက်နက်ချစကားတောင် မပြောရဘူး”ဟု သူ၏ယုံကြည်ချက်ကို နောက်ဆုံးထွက်သက်အထိ သစ္စာတည်ခဲ့သည်။

သူ့အားအငြိုးထားသော ရန်သူစစ်တပ်အုပ်စိုးသူအဆက်ဆက်က “သောင်းကျန်းသူငမြ”ဟု မည်သို့ပင် နာမည်ဖျက်ခေါ်သော်လည်း၊ တော်လှန်ရေးအင်အားစုများက “ဗိုလ်ချုပ်မြ”အဖြစ် ချစ်ခင်လေးစားသော၊ ကျောင်းသားတပ်မတော်ရဲဘော်များ၏ “အဘိုး”သည် ကရင့်တော်လှန်ရေး၏ သက်တမ်းအရှည်ကြာဆုံးခေါင်းဆောင်အဖြစ်သာမက မြန်မာပြည်လက်နက်ကိုင်တော်လှန်ရေး၏ သင်္ကေတ၊ တန်းတူရေး၊ ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် လူမျိုးစုအခွင့်အရေးတိုက်ပွဲဝင်မှု၏ နိမိတ်ပုံအဖြစ် သမိုင်းတွင်မှတ်ကျောက်တင်ရစ်ပြီဖြစ်သည်။

❖

# လက်နက်ကိုင်ခုခံတော်လှန်စစ်ကို ထောက်ခံကြရန် ပလောင်အမျိုးသားနေ့ ကတိုက်တွန်း




(၄၄) နှစ်မြောက် ပလောင်အမျိုးသားတော်လှန်ရေးနေ့အခမ်းအနား

ဇန်နဝါရီလ (၁၂) ရက်နေ့ (၄၄) နှစ်မြောက် ပလောင်အမျိုးသားတော်လှန်ရေးနေ့အခမ်းအနားကို ထိုင်းမြန်မာနယ်စပ်တနေရာရှိ ပလောင်လူငယ်များရုံးတွင် ကျင်းပပြီး တိုင်းရင်းသားတို့၏ တရားသောခုခံစစ်ကိုထောက်ခံရန် တိုက်တွန်းလိုက်သည်။

ပလောင်အမျိုးသားအလံအား အလေးပြုခြင်း၊ အမျိုးသားသီချင်းကို သီဆိုခြင်းဖြင့် နံနက် (၉) နာရီတွင်စတင်သော အခမ်းအနားတွင် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး၏ အထွေထွေအတွင်းရေးမှူး မိုင်အိုက်ဖုန်းက တိုင်းရင်းသားတန်းတူခွင့်ကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းမရသဖြင့် လက်နက်ကိုင်တိုက်ပွဲဆင်နွှဲနေကြသော တိုင်းရင်းသားများ၏ ခုခံတော်လှန်စစ်ကို နားလည်လက်ခံရန် တိုက်တွန်းသည်။

ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦးအနေဖြင့် အခြားမဟာမိတ်များ ဒီမိုကရေစီအင်းအားစုများနှင့်အတူ မြန်မာပြည်တွင် တိုင်းရင်းသားအခွင့်အရေးအပြည့်အဝရရှိရေးနှင့် ဒီမိုကရေစီစနစ်ထွန်းကားရေးအတွက် နည်းလမ်းပေါင်းစုံဖြင့်ကြိုးစားသွားမည်ဖြစ်ကြောင်း သူက ကတိပြုသည်။

အခမ်းအနားသို့ ထိုင်းနိုင်ငံရောက် ပလောင်တိုင်းရင်းသားနှင့် ဒီမိုကရေစီအင်အားစုများ အင်အား (၂၀၀) ခန့် တက်ရောက်ခဲ့ကြသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ရဟန်းပျိုများ သမဂ္ဂဥက္ကဋ္ဌ ဦးခေမာစာရ၊ NDF တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးအိုက်လွန်း၊ NLD-LA ဒုဥက္ကဋ္ဌ ဦးတင်အောင်၊ DPNS တွဲဖက်အတွင်းရေးမှူး ဦးငွေလင်း၊ NCUB တွဲ ဖက်အတွင်းရေးမှူး (၁) ဦးမြင့်သိန်းတို့ကလည်း တရားသော တော်လှန်ခုခံစစ်ကို ထောက်ခံကြောင်းနှင့် တိုင်းရင်းသားအခွင့်အရေးများ အပြည့်အဝအာမခံမည့် စစ်မှန်သည့်ပြည်ထောင်စု အမြန်ဆုံးပေါ်ပေါက်ရန် ဒီမိုကရေစီအင်အားစုများအားလုံး ညီညွတ်စွာကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြသည်။

ပလောင်ပြည်နယ်လွတ်မြောက်ရေး တပ်ဦး၏ ပလောင်အမျိုးသားနေ့ထုတ်ပြန်ကြေညာချက်တွင် ငြိမ်းချမ်းရေးရယူခဲ့သည့်ပလောင်ပြည်နယ်လွတ် မြောက်ရေးတပ်မတော် လက်နက်အပ်လိုက်ရပြီးနောက်ပိုင်း ပလောင်နယ်မြေများတွင် စစ်တပ်ကြီးစိုးမှုများလာပြီး ဘိန်းစိုက်ပျိုးခြင်းလည်း ပိုမိုများပြားလာကြောင်း ဖော်ပြထားသည်။

နေလည် (၁၂) နာရီတွင် ပလောင်ရိုးရာအက သီချင်းများဖြင့်အဆုံးသတ်ခဲ့သော ပလောင်အမျိုးသားနေ့အခမ်းအနားသို့ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ၊ အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (မဒတ)၊ မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက်၊ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု၊ လားဟူဒီမိုကရက်တစ်တပ်ဦး၊ ပအို့ဝ်ပြည်သူ့လွတ်မြောက်ရေးအဖွဲ့နှင့် မဟာမိတ်အဖွဲ့အစည်းတို့မှ သဝဏ်လွှာများပေးပို့ခဲ့ကြသည်။ ❖

# လွတ်မြောက်နယ်မြေတနေရာတွင် နိုင်ငံတကာကလေးများနေ့ အခမ်းအနားကျင်းပ၊ အဲန်စီယူဘီ တွဲဘက်အထွေထွေအတွင်းရေးမှူးမှ အမှာစကားပြော




နိုင်ငံတကာ ကလေးများနေ့ကို ဇန်နဝါရီလ (၂၀) ရက်နေ့က လွတ်မြောက်နယ်မြေတနေရာ၌ကျင်းပရာ အဲန်စီယူဘီ အတွင်းရေးမှူးအဖွဲ့ကိုယ်စား တွဲဘက်အထွေထွေအတွင်းရေးမှူး (၁) ဦးမြင့်သိန်းက အမှာစကား ပြောကြားခဲ့သည်။

ဦးမြင့်သိန်း၏ အမှာစကားတွင် လွတ်မြောက်နယ်မြေရောက်ကလေးများ၏ ချမ်းမြေ့ပျော်ရွှင်စေရေးအတွက် နိုင်ငံတကာကလေးများနေ့အခမ်းအနားကျင်းပပေးသည့်အဖွဲ့အစည်းများအား ကျေးဇူးတင်ကြောင်း၊ တိုင်းပြည်၏ အညွန့်အဖူးကလေးများအား ယခုကဲ့သို့ တာဝန်ရှိသူများက ပြုစုစောင့်ရှောက်လျက် အနာဂတ်မျိုးဆက်ခေါင်းဆောင်များအဖြစ် လေ့ကျင့်မွေးမြူသွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာရှိ ခေတ်ပြိုင်မျိုးဆက်များနှင့် ရင်ဘောင်တန်း၍ ဂုဏ်သိက္ခာရှိသော နိုင်ငံထူထောင်ရေးမှ ယခုကာလ ကလေးများအား မည်သို့ မည်ပုံ လူကြီးများက ပြုစုပျိုးထောင်ခဲ့သည်ဆိုသည့်အချက်ပေါ်မူတည်ကြောင်း အကျယ်တဝင့် ပြောကြားသွားသည်။

နိုင်ငံတကာကလေးများနေ့ကို ရွှေ့ပြောင်းအလုပ်သမားများ၏ ကလေးများစောင့်ရှောက်ရေးကော်မတီ၊ ဆရာများသမဂ္ဂ၊ ကလေးမွေးစာရင်းဌာနနှင့် ဒေါက်တာစင်သီယာမောင်၏ဆေးခန်းတို့က စုပေါင်းကျင်းပခဲ့ခြင်းဖြစ်ပြီး ကျောင်းပေါင်းစုံမှ ကလေးငယ်များ တက်ရောက်ဆင်နွှဲကြကြောင်း သိရှိရသည်။ ❖



အခမ်းနားသို့တက်ရောက်လာကြသော ကလေးငယ်များမှ သီချင်းဖြင့် သီဆိုဖျော်ဖြေစဉ်

# ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ

## NATIONAL COUNCIL OF THE UNION OF BURMA

## ၅၉ နှစ်မြောက် လွတ်လပ်ရေးနေ့ အထူးကြေညာချက်

၁။ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့တွင်ကျရောက်သော (၅၉) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံသားအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းကြပါစေကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီက ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

၂။ မြန်မာနိုင်ငံသည် ကိုလိုနီလက်အောက်ခံဘဝမှလွတ်မြောက်ခဲ့ရသော်လည်း မြန်မာနိုင်ငံသားများအနေဖြင့် လွတ်လပ်ရေး၏အရသာကို တင်းပြည့်ကြပ်ပြည့်မခံစားခဲ့ကြရပေ။ အထူးသဖြင့်၁၉၆၂ ခုနှစ်၊ မတ်လ (၂) ရက်နေ့စစ်တပ်မှအာဏာသိမ်းပိုက်ပြီးချိန်မှစ၍ စစ်အာဏာရှင်စနစ် ဖိနှိပ်မှုဒဏ်ကို နိုင်ငံနှင့်တကွ တိုင်းရင်းသားပေါင်းစုံ၊ ပြည်သူတရပ်လုံး မရှုမလှခံစားခဲ့ကြရသည်။

၃။ လက်ရှိမြန်မာနိုင်ငံ၏အခြေအနေသည် အဖက်ဖက်မှချွတ်ခြုံကျလျှက် အဆိုးဆုံးအဆင့်သို့ရောက်နေပြီဖြစ်သည်။ ယင်းအနေအထားကို ပိုမိုသက်ဆိုးရှည်စေရန်လုပ်ဆောင်နေသည့် နအဖစစ်အုပ်စုသည် ယင်းတို့၏လုပ်ဆောင်မှုများကို တရားဝင်မှုရရှိစေရန်အတွက် အတုအယောင်ညီလာခံကျင်းပပြီး စစ်ဘက်လွှမ်းမိုးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေအတုယောင်ကြီးကိုဖန်တီး၍ အဆုံးသတ်အဆင့်သို့ လုပ်ဆောင်နေပြီဖြစ်သည်။ ဤလုပ်ဆောင်ချက်များသည် ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် ဒီမိုကရေစီအင်အားစုများ၊ တိုင်းရင်းသားအင်အားစုများတောင်းဆိုနေသည့် အဖြေရှာရေးကို ပြတ်ပြတ်သားသားကျောခိုင်းနေခြင်းဖြစ်သည်။

၄။ သို့ဖြစ်၍ နအဖစစ်အာဏာရှင်များက အစွမ်းကြိုးပမ်းလုပ်ဆောင်လျှက်ရှိသည့် အတုအယောင်အမျိုးသားညီလာခံနှင့် ယင်းညီလာခံကချမှတ်ထားသည့် စစ်အာဏာရှင်စနစ်ကို သက်ဆိုးရှည်စေမည့်သဘောတူညီချက်များကို အပြီးတိုင်ချေဖျက်ပစ်ရန်လိုသည်။ ထို့ပြင် မြန်မာနိုင်ငံ၏သာယာဝပြောရေးအတွက် ဒီမိုကရေစီနှင့်လူ့အခွင့်အရေးများကို အခြေခံပြီး စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် အာမခံသည့်ဖွဲ့စည်းပုံအခြေခံဥပဒေတခုကို လက်တွေ့အကောင်အထည်ဖော်သွားရန် လိုအပ်လာပြီဖြစ်ပေသည်။

၅။ သို့ဖြစ်သောကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီအနေဖြင့် ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီ (၁၂) ရက်နေ့တွင် ပြုလုပ်ခဲ့သည့်နိုင်ငံရေးအဖွဲ့အစည်းပေါင်းစုံတို့မှ အတည်ပြုခဲ့သောဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခြေခံသဘောတူညီချက် (၈) ချက်နှင့် အဆိုပါသဘောတူညီချက်အပေါ်တွင် အခြေခံ၍ရေးဆွဲထားသည့် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်ခံကျင့်သုံးပြီး၊ အမျိုးသားကောင်စီအဌမအကြိမ်ညီလာခံကြီးမှ လမ်းညွှန်ချမှတ်ခဲ့သည့် မဟာဗျူဟာရည်မှန်းချက်နှစ်ရပ်နှင့် လိုက်လျောညီထွေစွာ ဆက်လက်တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း ဤလွတ်လပ်ရေးနေ့အထူးကြေညာချက်ကို ထုတ်ပြန်လိုက်ပေသည်။

- မြန်မာနိုင်ငံသားအားလုံး စစ်အာဏာရှင်စနစ်ဆိုးအောက်မှလွတ်မြောက်စေရမည်။
- စစ်မှန်သည့်ဖက်ဒရယ်ပြည်ထောင်စု ထူထောင်နိုင်ရမည်။

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ (NCUB)

၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်။

ဆက်သွယ်ရန်– ဦးမြင့်သိန်း

ဖုန်း– ၆၆ ၀၈၇ ၈၀၈ ၃၅၅၂

# အဲန်စီယူဘီနှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (ကေအဲန်ပီပီ) ခေါင်းဆောင်များ တွေ့ဆုံညှိနှိုင်း”

သတ္တရာဇ် ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ (၁၉)နှင့် (၂၀) ရက်နေ့များတွင် NCUB ၏ သဘာပတိအဖွဲ့ဝင် ခိုင်စိုးနိုင်အောင် အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်နှင့် တွဲဘက်အထွေထွေ အတွင်းရေးမှူး ဦးမြင့်သိန်းတို့သည် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ဥက္ကဋ္ဌ ထဲဘူးဖဲ၊ ဒုဥက္ကဋ္ဌ အေဖယ်ကို၊ ဗိုလ်ချုပ်အောင်သန်းလေး၊ အ တွင်းရေးမှူး (၁) ရီမွန်ထူး၊ အတွင်းရေးမှူး (၂) စောဦးရယ်၊ ဗိုလ်ချုပ်ဗျစ်တူးနှင့် ဦးထီးစောတို့ တက်ရောက်ခဲ့ကြသည်။ ဆွေးနွေးပွဲတွင် လက်ရှိအခြေအနေများအပေါ် အမြင်ခြင်းဖလှယ်ကြပြီး ပူးပေါင်းဆောင်ရွက်နိုင်သည့် လုပ်ငန်းကိစ္စများအပေါ် အခိုင်အမာအတည်ပြုခဲ့ကြသည်ဟုဆိုသည်။ အထူးသဖြင့် မဟာဗျူဟာညှိနှိုင်းဆွေးနွေးပွဲများတွင် ပိုမိုညှိနှိုင်းဆောင်ရွက်သွားရေးအတွက် အလေးထားဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ ❖

# မော်လမြိုင်ထောင်မှလွတ်မြောက်လာသည့် ကဗျာဆရာငြိမ်းသစ်နှင့် ဒီဗွီဘီ ဆက်သွယ်မေးမြန်းချက်



**ပြည်သူလူထုရဲ့ဒီခေတ်ရဲ့ခေတ်ပြိုင်ခံစားမှုတွေကို ကျနော်တို့ စာမျက်နှာထဲမှာ အနုပညာတရပ်အဖြစ်နဲ့ ကျနော်တို့က တင်ဆက်နေကြတယ်ပေါ့လေ။ ခေတ်ပြိုင်ခံစားမှုပါမှသာလျှင် ကျနော်တို့ ဖန်တီးခဲ့တဲ့ အနုပညာတွေက အစွန့်ရှည်မှာပါ။ ဂန္ထဝင်ဖြစ်ပြီး သမိုင်းမှာတင်ကျန်နေခဲ့မှာပါ။**

*ဒီဗွီဘီ ။ ။ ဘယ်တုန်းက ထောင်ကျလဲ။ ဘယ်နှစ်နှစ်ချလဲ။ ဘယ်နှစ်နှစ်နေခဲ့ရတယ်၊ ဘယ်နှစ်ထောင်တွေ၊ အဲဒါလေးကို ကိုငြိမ်းသစ် အကျဉ်းချုပ်ပြန်ပြောလို့ ရမလားခင်ဗျ။*

ငြိမ်းသစ်။ ။ ဟုတ်ကဲ့ ခင်ဗျ။ ကျနော့်ကို ပြီးခဲ့တဲ့ ၉၆ ခုနှစ် လွတ်လပ်ရေးနေ့က ကျနော် ဒေါ်အောင်ဆန်းစုကြည်ရဲ့ခြံ နေအိမ်မှာ ကျနော် ပါပါလေးအငြိမ့်နဲ့ ကျနော် လွတ်လပ်ရေးအောင်ပွဲနေ့ အငြိမ့်ဧည့်ခံတယ်လေ။ ကျနော်က အဲဒီအငြိမ့်ရဲ့ ဇာတ်ဆရာအဖြစ်နဲ့ ကျနော်ပါခဲ့တယ်ပေါ့လေ။ ပါခဲ့တော့ အငြိမ့်တဖွဲ့လုံးကို အဲဒီတုန်းက ဖမ်းလိုက်တယ်ပေါ့ဗျာ။ (၁၃) ယောက်တောင် ဖမ်းလိုက်တယ်။ ဖမ်းပြီးတော့ ပါပါလေး အပါအဝင် (၄) ယောက်ကို ထောင် (၇) နှစ်စီချလိုက်တယ်။ ကျနော့်ကိုတော့ အဲဒီကေ့စ်နဲ့ပဲ အမိန့်ထုတ်ထားတယ်ပေါ့ဗျာ။ ကျနော်က တကယ်ကျတော့ (၉၆) ခု၊ ဇန်နဝါရီ (၄) ရက်ကတည်းက ဝရမ်းပြေးဖြစ်နေခဲ့တယ်။

အောက်တိုဘာ (၄) ရက်နေ့က ၉၉ ခုနှစ်မှာ ကျနော် ဖမ်းမိပါတယ်။ ဟို ဒီမိုကရေစီအင်အားစုတွေကထုတ်ဝေတဲ့စာစောင်မှာ ကျနော်ဆောင်းပါးတွေ၊ ကဗျာတွေ ရေးတယ်။ ဒီလွှတ်တော်ခေါ်ယူရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးဆောင်းပါးတွေ ကျနော်ရေးတယ်။ ဆောင်းပါးတွေရေးမှုနဲ့ပဲ ကျနော့်ကို (၁၇/၁) နဲ့ ကျနော့်ကို ထောင်ချလိုက်တာပါ။ (၈) နှစ် ချပါတယ်။ ကျနော် အခုထောင်ထဲမှာ (၇) နှစ်နဲ့ (၂) လ နေခဲ့ရပါတယ်။ အကယ်၍သာ ကျနော်ဟာ လူသတ်မှု၊ မုဒိမ်းမှုနဲ့ တခြားရာဇဝတ်မှု၊ နိုင်ငံတော်ဘဏ္ဍာ အလွဲသုံးစားလုပ်မှုတို့ဆိုရင်၊ တကယ်လို့ (၈) နှစ် ကျတယ်ဆိုရင်၊ ကျနော် ငါးနှစ်ခွဲလောက်ပဲ နေရမှာပါ။ အဲဒါက ကျနော့်ကို ခံစားခွင့်ရမယ်ပေါ့လေ။ အခုတော့ ကျနော်က နိုင်ငံရေးအကျဉ်းသား ဖြစ်နေတဲ့အတွက် အဲဒီလျှော့ရက်တွေ မရခဲ့ပါဘူး။

*ဒီဗွီဘီ ။ ။ လွတ်လပ်ရေးအကြို လွှတ်ပေးလိုက်တယ်ဆိုတော့ အဲဒီအပေါ်မှာရော ကိုငြိမ်းသစ် ဘယ်လိုခံစားမိလဲ။*

ငြိမ်းသစ် ။ ။ ကျနော်လွတ်မြောက်လာပေမယ့် ကျနော်နဲ့လုပ်ဖော်ကိုင်ဖက်၊ နိုင်ငံရေးလုပ်ဖော်ကိုင်ဖက် နိုင်ငံရေးအကျဉ်းသားတွေက ထောင်ထဲမှာ အများအပြားကျန်ရှိနေပါသေးတယ်။ ဒီအတွက် လွတ်လပ်ရေးရဲ့အရသာကို ပြည်သူလူထုတရပ်လုံး မခံစားရဘူးဆိုရင်တော့ လွတ်လပ်တဲ့ အရသာကို ကျနော်လဲ မရထိုက်ပါဘူး။ ဥပမာပေါ့ဗျာ ....။ ကျနော်တို့ အခု ဒေါ်အောင်ဆန်းစုကြည် ထောင်ထဲမှာရှိနေသေးတယ်။ ဦးတင်ဦး၊ ဦးဝင်းတင်တို့ ထောင်ထဲမှာ ရှိနေသေးတယ်၊ အခု ကိုမင်းကိုနိုင်တို့၊ ကိုမင်းဇေယျာတို့၊ ကိုကိုကြီးတို့၊ ကိုဌေးကြွယ်တို့၊ ကိုပြုံးချိုတို့ကျောင်းသားတွေ ထောင်ထဲမှာ ရှိနေပါသေးတယ်။ အဲဒီလို ဒီမိုကရေစီရေး ကြိုးပမ်းသူတွေကို ထောင်ထဲမှာရှိနေတယ်ဆိုလို့ရှိရင် ဒီနိုင်ငံရဲ့လွတ်လပ်ခွင့်ဆိုတာ ဘာလဲဆိုတာ ကျနော်တို့က မေးခွန်းထုတ်ရမလိုဖြစ်နေပါတယ်။ နောက် အပြင်ရောက်လို့ ကြည့်တယ်ဆိုလဲပဲ ပြည်သူလူထုအများဟာ ဆင်းရဲဒုက္ခတွေကို ကြားသိနေရတယ်ပေါ့လေ။ အဲဒီတော့ ဒီလို ပြည်သူလူထုကြီးက စီးပွားရေးအရ ပြည့်စုံလုံလောက်အောင် မရရှိဘူးဆိုလို့ရှိရင် သူတို့ဟာ ဘယ်လိုလုပ်ပြီးတော့ လူမှုဒုက္ခတွေကနေ လွတ်မြောက်ပါ့မလဲ။ အဲဒီလို စီးပွားရေး၊ လူမှုရေး ဒုက္ခမျိုးစုံ ခံစားနေရတဲ့လူထုကြီးကို ကျနော် ဘွားကနဲ တွေ့လိုက်ရတဲ့အခါကျတော့ ကျနော် လွတ်မြောက်လာတယ်ဆိုတာ ကျနော် ဝမ်းမသာနိုင်အောင် ဖြစ်မိပါတယ်။

*ဒီဗွီဘီ ။ ။ ကိုငြိမ်းသစ် စာပေသမားတယောက်အနေနဲ့ အခုလို နိုင်ငံရေးနယ်ပယ်ထဲကို ဘယ်လိုမျိုးရောက်လာလဲလို့ မေးမယ်ဆိုရင်ရော ကိုငြိမ်းသစ်အနေနဲ့ ဘယ်လိုမျိုးပြောမလဲ။*

ငြိမ်းသစ် ။ ။ ကျနော်ဟာ တကယ်တော့ နိုင်ငံရေးသမားမဟုတ်ပါဘူး။ ကျနော်က စာပေသမားပါပဲ။ ဘဝထက်ဆုံး ကျနော်က စာပေအနုပညာကိုပဲ ဖန်တီးသွားချင်ပါတယ်။ ဒါပေမယ့် ကျနော်တို့ရင်ဆိုင်ကြုံတွေ့နေရတာက အမျိုးသားရေးပြဿနာပါ။ ကနေ့ ပြည်သူလူထုတွေဟာ ဆင်းရဲဒုက္ခရောက်နေကြတယ်။ မတရားဖိနှိပ်မှုတွေနဲ့ ကြုံတွေ့နေရတယ်။ ပြည်သူလူထုတွေ ဒီလောက် ဆင်းရဲဒုက္ခရောက်နေရတာကို ကျနော် မကြည့်နိုင်ပါဘူး။ ကြည့်မနေနိုင်ဘူးပေါ့လေ။ နောက်ပြီးကျတော့ ပြည်သူလူထုတရပ်လုံးက ဒီမိုကရေစီရေးကို တခဲနက်တောင်းဆိုခဲ့တာပါ။ နောက် (၁၉၉၀) ကျတော့လဲပဲ ဒီရွေးကောက်ပွဲမှာ ပြည်သူလူထုကနေပြီးတော့ ဒီမိုကရေစီရေးကို ရှေ့တန်းကနေပြီးတော့ ကြိုးပမ်းတည်ဆောက်နိုင်ဖို့ဆိုပြီးတော့ လွှတ်တော်ကိုယ်စားလှယ်တွေကို မဲပေးရွေးချယ်ခဲ့တာပါ။ ဒါပေမယ့် ကနေ့ ပြည်သူလူထုက ဒီမိုကရေစီနဲ့ဝေးနေပါတယ်။ မတရား ဖမ်းဆီးခံရမှုတွေနဲ့ပဲ ပြည်သူလူထုက ကြုံတွေ့နေရတယ်။ အဲဒါတွေကို ဒီအမျိုးသားရေးပြဿနာတွေကို ကျနော်မျက်ကွယ်ပြုပြီးတော့ ကျနော့်ရဲ့စာပေအနုပညာ သီးသန့်နဲ့ ကျနော်ဖန်တီးနေဖို့ အလွန်အင်မတန် ဝန်လေးတယ်ပေါ့လေ။ ကျနော်တို့ စာပေသမားတွေ၊ အနုပညာသမားတွေဆိုတာလဲပဲ လောကရဲ့အလှသစ္စာကို ရှာဖွေနေကြတာပါ၊ လူထုထဲကဘဝတွေကို ကူးစက်ခံစားပြီးတော့ ကျနော်တို့က ရေးဖွဲ့နေကြတာပါ။

*ဒီဗွီဘီ ။ ။ စာပေအနုပညာရှင်တယောက်အနေနဲ့ နိုင်ငံရေးလောကကြီးကိုရော၊ စာပေလောကကြီးကိုရော ထောင်တွင်းအခြေအနေတွေ ဘယ်လိုမြင်ရလဲ၊ စာပေအနုပညာရှင်တယောက်အနေနဲ့ ဘယ်လိုခံစားခဲ့လဲခင်ဗျ။*

ငြိမ်းသစ် ။ ။ စာပေအနုပညာသမားတွေက ပြည်သူလူထုတွေရဲ့ခံစားမှုတွေကို ရေးဖွဲ့နေကြတယ်ပေါ့ဗျာနော်။ ကျနော်တို့ အနုပညာ ဖန်တီးကြတယ်။ ပြည်သူလူထုရဲ့ ဒီခေတ်ရဲ့ ခေတ်ပြိုင်ခံစားမှုတွေကို ကျနော်တို့ စာမျက်နှာထဲမှာ အနုပညာတရပ်အဖြစ်နဲ့ ကျနော်တို့က တင်ဆက်နေကြတယ်ပေါ့လေ။ ခေတ်ပြိုင်ခံစားမှုပါမှသာလျှင် ကျနော်တို့ ဖန်တီးခဲ့တဲ့ အနုပညာတွေက အစွန့်ရှည်မှာပါ။ ဂန္ထဝင်ဖြစ်ပြီး သမိုင်းမှာတင်ကျန်နေခဲ့မှာပါ။ ဒီပြည်သူလူထုတွေရဲ့ဘဝ၊ ကိုယ်ဖြတ်သန်းနေတဲ့ခေတ်ကြီးရဲ့ ခံစားမှုတွေကို ကျနော်တို့က မရေးဖွဲ့နိုင်ဘူး၊ မတင်ပြနိုင်ဘူးဆိုရင် ကျနော်တို့ အနုပညာတွေက ကျန်နေဖို့ မရှိပါဘူး။ ဒါကြောင့်မို့လို့ ကျနော်တို့ အနုပညာသမားတွေကလဲပဲ ကနေ့ ပြည်သူတွေ၊ ကနေ့ ဘယ်လိုခံစားနေရသလဲ ဘာတွေ ရင်ဆိုင်ကြုံတွေ့နေရသလဲဆိုတာကို ကျနော်တို့က လေ့လာဖို့၊ စူးစမ်းဖို့လိုပါတယ်။ ဒီအကျဉ်းထောင်ထဲက ဘဝတွေဆိုလို့ရှိရင်လဲပဲ အလွန်အင်မတန် ခါးသီးပါတယ်။ ဒီအကျဉ်းထောင်ထဲကို သူတို့ဘာကြောင့်ရောက်လာရသလဲ ကျနော် စူးစမ်းလေ့လာတဲ့အခါမှာ ဒါတွေက ခေတ်စနစ် ယိုယွင်းပျက်စီးမှုတွေ၊ တိုင်းပြည်ကြီးရဲ့ အဖက်ဖက်က ယိုယွင်းကျဆင်းမှုတွေကြောင့် ဒီထောင်ထဲမှာ အကျဉ်းသားတွေက ပြည့်လျှံလာတယ်။ ဥပမာ သူတို့ဟာ အပြစ်ရှိလို့ ထောင်ထဲကျလာကြတာ တချို့ရှိသလို အပြစ်မရှိဘဲနဲ့ ထောင်ထဲကို ရောက်လာတာလဲ အများအပြားတွေ့ရပါတယ်။ ဥပမာ ဆိုကြပါစို့ဗျာ။ မှောင်ရိပ်ခိုဆိုပြီးတော့ ဖမ်းတယ်။ နောက် သာတီးဒီပေါ့ဗျာ။ အခြေမဲ့လူတန်းစားတွေ ဖမ်းပြီးတော့ ထောင်ထဲထည့်တယ်။ အလုပ်အကိုင်မရှိဘူး။ မှတ်ပုံတင်မရှိဘူး။ မရှိတဲ့အခါ ဖမ်းပြီးတော့ ထောင်ထဲကို သုံးလထည့်တယ်။ ဒီနည်းနဲ့ဖြေရှင်းလို့ ရမလားဆိုတာကို ကျနော်တို့စဉ်းစားရမှာ ဖြစ်ပါတယ်။ ကျနော်တို့ အခြေခံလူတန်းစားတွေ၊ လက်လုပ်လက်စားတွေက မှတ်ပုံတင်မရှိတာနဲ့ မယ်မယ်ရရ အလုပ်အကိုင်မပြနိုင်တာနဲ့ မြန်မာနိုင်ငံမှာရှိတဲ့ ဥပဒေတွေနဲ့ ငြိစွန်းနေပြီလား၊ ကျနော်တို့ဟာ လွတ်လပ်စွာရှင်သန်ရပ်တည်ခွင့်တွေ မရှိတော့ဘူးလား။

*ဒီဗွီဘီ ။ ။ ကိုငြိမ်းသစ် လောကသစ္စာတရားရှာဖွေဖို့အတွက် နိုင်ငံရေးနယ်ပယ်ထဲကို ခြေစုံပစ်ဝင်မှာလား။*

ငြိမ်းသစ် ။ ။ ကျနော်က စာပေအနုပညာသမားတယောက်ဖြစ်ပါတယ်။ ဒါပေမယ့် ကျနော့်ကို စာရေးခွင့်ပိတ်ထားပါတယ်။ ကျနော် ထောင်မကျခင်ကပေါ့လေ။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ခင်ပွန်း ဒေါက်တာမိုက်ကယ်အဲရစ်ကွယ်လွန်တုန်းက ကျနော်တို့က ဒီမှာ ဝမ်းနည်းအမှတ်တရအဖြစ် ကဗျာစာစောင် ထုတ်တယ်ပေါ့လေ။ အဲဒါ ကဗျာစာစောင်မှာ ရေးတာက ဆရာကြီးမင်းသုဝဏ်ရယ်၊ ဆရာဦးတင်ဦးရယ်၊ မုံရွာအောင်ရှင်တို့၊ ကျနော်ရယ်၊ ဖျာပုံနီလုံဦးရယ် ကျန်တဲ့ကဗျာဆရာနှစ်ဦးရယ်ပေါ့လေ။ ကဗျာဆရာတွေအားလုံးကို မဂ္ဂဇင်းကနေပြီးမဖော်ပြဖို့ စာစောင်တွေကနေမဖော်ပြဖို့ ထောက်လှမ်းရေးအဖွဲ့အစည်းကနေ စာပေစိစစ်ရေးကို ညွှန်ကြားထားပါတယ်။ အဲဒီတော့ ကျနော်က အဲဒီကတည်းက စာရေးခွင့်ပိတ်ထားတယ်ပေါ့လေ။ ဆက်လက်ပြီးတော့ စာရေးခွင့်ရ မရတော့ မသိသေးပါဘူး။ ရမယ်ဆိုရင်တော့ ကျနော်က စာပေအနုပညာကိုပဲ ကျနော် ဆက်လက်ပြီးတော့ ရေးသားသွားဖို့ပဲ အစီအစဉ်ရှိပါတယ်။ ဒါပေမယ့် ကျနော် အဲဒီ ပြည်သူလူထုရဲ့ဘဝတွေ၊ ဒီဒုက္ခဆင်းရဲ ကြုံတွေ့နေရတာတွေ၊ ပညာရေး၊ ကျန်းမာရေး၊ ချို့တဲ့မှုတွေကို ကျနော် စာပေအနုပညာ ဖန်တီးနေရင်းနဲ့တော့၊ နိုင်ငံရေးကို မလုပ်လိုသော်လဲဘဲ ဒါဟာ အမျိုးသားရေးဖြစ်နေတဲ့အတွက် ဆက်လက်ပြီးတော့ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ❖

# မြန်မာနိုင်ငံအရေး လုံခြုံရေးကောင်စီဆွေးနွေးပွဲမြင်ကွင်း [အပိုင်း ၁]

**ဟတ်ဆင်မြစ်ကမ်းနဘေး ကုလသမဂ္ဂဌာနချုပ်ရုံးကို ဦးတည်နေတဲ့လမ်းသွယ်တွေထဲက တခုသောလမ်းသွယ်ရဲ့ (၅) ထပ်အဆောက်အအုံတခုထဲမှာရှိနေတဲ့ မြန်မာတစုကတော့ စိတ်လှုပ်ရှားစွာနဲ့ ပဲငြိမ်သက်စွာထိုင်နေကြပါတယ်။ သူတို့ကတော့ ...**

**ဇီဝရိုး**



သက္ကရာဇ် ၂၀၀၇ ခုနှစ်၊
ဇန်နဝါရီလ (၁၂) ရက်နေ့
ညနေ (၄) နာရီ။

နှစ်သစ်ကူးအားလပ်ရက်များက မနေ့တနေ့ကမှ ပုံမှန်လုပ်ငန်းခွင်တွေထဲကို ပြန်ရောက်လာကြတဲ့ နယူးရော့သားများ (New-yourker) များအဖို့တော့ အလုပ်လုပ်ရတာ စိတ်မပါတပါနဲ့ ပျင်းရိလေးတွဲဆဲပါပဲ။ ဒါပေမယ့် ဟတ်ဆင်မြစ်ကမ်းနံဘေး ကုလသမဂ္ဂဌာနချုပ်ရုံးကို ဦးတည်နေတဲ့လမ်းသွယ်တွေထဲက တခုသောလမ်းသွယ်ရဲ့ (၅) ထပ်အဆောက်အအုံတခုထဲမှာရှိနေတဲ့ မြန်မာတစုကတော့ စိတ်လှုပ်ရှားစွာနဲ့ပဲ ငြိမ်သက်စွာထိုင်နေကြပါတယ်။ သူတို့ကတော့ အမျိုးသားညွန့်ပေါင်းအစိုးရခေါ် NCGUB နဲ့ ကုလသမဂ္ဂဆိုင်ရာအဖွဲ့တဖွဲ့ပါ။ နယူးယောက်ဆောင်းက အခုနှစ်အအေးပိုတာမို့ ညနေခင်းသာရှိနေသေးပေမယ့် မှောင်စပျိုးနေပါပြီ။

သည်မြန်မာလူမျိုးတစု စိတ်လှုပ်ရှားခြင်းကြီးစွာနဲ့ ထိုင်စောင့်နေတာကတော့ မလှမ်းမကမ်းက ကုလသမဂ္ဂဌာနချုပ် လုံခြုံရေးကောင်စီအစည်းအဝေးက ဘယ်လိုဆုံးဖြတ်ချက်များချလာမလဲဆိုတာကိုပါ။ ကုလသမဂ္ဂရဲ့ (၆၂) နှစ်တာသက်တမ်းအတွင်းမှာ မြန်မာအရေးကို လုံခြုံရေးကောင်စီမှာဆွေးနွေးတာ ဒါဟာ ပထမဆုံးအကြိမ်ဖြစ်ပါတယ်။

ဒီလုံခြုံရေးကောင်စီအစည်းအဝေး ၅၆၁၉ မှာ လုံခြုံရေးကောင်စီအဖွဲ့ဝင် (၁၅) နိုင်ငံကကိုယ်စားလှယ်များ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းက Mr. churkin က သဘာပတိအဖြစ်ဆောင်ရွက်ပါတယ်။ အစည်းအဝေးနဲ့ ဆွေးနွေးမယ့်ခေါင်းစဉ်က မြန်မာနိုင်ငံအခြေအနေပါ။

အစည်းအဝေးစစချင်း သဘာပတိက (ရုရှားလိုပြောပါတယ်။ ရုရှားဘာသာက ကုလသမဂ္ဂရဲ့ တရားဝင်ဘာသာစကား (၅) မျိုးထဲက တမျိုးပါ) မြန်မာကိုယ်စားလှယ်ထံက ဤဆွေးနွေးပွဲမှာပါရှိတဲ့ခေါင်းစဉ်ကို စဉ်းစားရာမှာ ပါဝင်ခွင့်ရစေဖို့အတွက် သူ့ကိုဖိတ်ခေါ်ဖို့ ပန်ကြားလွှာစာတစောင်ရောက်နေကြောင်း အစဉ်အလာအရသော်လည်းကောင်း၊ ကောင်ဆယ်ရဲ့ချာတာ (၃၇) အရလည်းကောင်း၊ သည်အဆိုပြုချက်က ကျိုးကြောင်းဆီလျော်ညီညွတ်တာမို့ သဘာပတိရဲ့ဖိတ်ခေါ်ချက်အရ မြန်မာသံအမတ်ကြီး ဦးကျော်တင့်ဆွေက အစည်းအဝေးခမ်းမှာ နေရာယူပါတယ်။

သဘာပတိက ရုရှားဘာသာနဲ့ပဲ အာဂျင်တာမှာပါရှိတဲ့ ခေါင်းစဉ်စဉ်းစားမှုကို ကောင်စီကစတင်မှာဖြစ်ကြောင်း၊ ကြိုတင်ညှိနှိုင်းမှုနဲ့ရယူထားတဲ့ နားလည်မှုများနဲ့အညီ အစည်းအဝေးကို စီစဉ်မှာဖြစ်ကြောင်း ပြောပါတယ်။

ကောင်စီအဖွဲ့ဝင်တွေရဲ့ရှေ့မှာ ဗြိတိန်နဲ့ အမေရိကန်တို့က တင်သွင်းထားတဲ့ အဆိုပြုမူကြမ်းပါ ၈၊ ၂၀၀၇၊ ၁၄ စာရွက်စာတမ်းများရှိနေပါတယ်။ မူကြမ်းအပေါ်မှာပဲ မဲခွဲဆုံးဖြတ်ဖို့ သဘာပတိကအဆိုပြုတဲ့အခါမှာ ကန့်ကွက်မည့်သူ မရှိတာမို့ အတည်ပြုလိုက်ပါတယ်။

သဘာပတိကပဲ မဲမပေးမှီ ကောင်စီအဖွဲ့ဝင်များထဲက ပြောကြားချင်တာရှိရင် ပြောကြားဖို့ခွင့်ပြုတော့ စပြောသူကတော့ တရုတ်သံအမတ်ကြီး Mr. Wang Guangya ပါ။

သူက တရုတ်လိုပြောပါတယ်။ တရုတ်ဘာသာစကားကလည်း ရုရှားဘာသာလိုပဲ ကုလသမဂ္ဂရုံးသုံးဘာသာစကားထဲက တခုမို့ပါ။ တရုတ်နိုင်ငံဟာ မြန်မာအရေးနဲ့ စပ်လျဉ်းတဲ့ ကုလသမဂ္ဂရဲ့ဆုံးဖြတ်ချက်ကို စွဲမြဲစွာဆန့်ကျင်ခဲ့ကြောင်း၊ ကောင်စီအဖွဲ့ဝင်တွေ အထူးသဖြင့် မူကြမ်းကိုတင်သွင်းတဲ့သူများနဲ့ မဲပေးဖို့ရာကို တားဆီးနိုင်ဖို့ရာ ဆွေးနွေးညှိနှိုင်းတိုင်ပင်မှုများလုပ်ခဲ့ကြောင်း၊ စိတ်မကောင်းဖြစ်ရတာကတော့ သူတို့ရဲ့ အကြံပေးချက်နဲ့ ကောင်းမွန်တဲ့သဘောထားများဟာ ပြန့်နှံ့သွားစေဖို့အတွက် မအောင်မမြင်ဖြစ်ခဲ့ရကြောင်း၊ မဲမပေးမှီ အဖွဲ့ဝင်တဦးရဲ့ အခြေခံရပ်တည်ချက်ကို ထပ်လောင်းအတည်ပြုလိုကြောင်း စသည်ဖြင့် နိဒါန်းပျိုးပါတယ်။

ပဌမအချက်အနေနဲ့ မြန်မာနိုင်ငံမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူမှုရေးဟန်ချက်ညီမှုနဲ့ တရားဥပဒေစိုးမိုးမှု ဒီမိုကရေစီဖြစ်ထွန်းမှုတို့ကို တွေ့မြင်လိုကြောင်း၊ ယနေ့မြန်မာနိုင်ငံမှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစိန်ခေါ်မှုများနဲ့ အခြားပြဿနာများ စိုးရိမ်ဖွယ်ရာဖြစ်ပွားနေတာ မငြင်းနိုင်ကြောင်း၊ ဒါပေမဲ့ ဘယ်တိုင်းပြည်မှ ပြည်စုံတယ်ဆိုတာ မရှိပဲ တိုင်းပြည်တိုင်းဟာ ထပ်ခါထပ်ခါ တိုးတက်မှုဖြစ်စဉ် ဖြတ်သန်းရတာဖြစ်ကြောင်း၊ ဒါကြောင့် တရုတ်ပြည်ဟာ မြန်မာအစိုးရနဲ့ တိုင်းပြည်ရဲ့ပါတီအားလုံး ရည်မှန်းချက်ထားတဲ့ တွေ့ဆုံဆွေးနွေးအဖြေရှာရေးနဲ့ အမျိုးသားရင်ကြားစေ့ရေးကြိုးပမ်းမှုကို ထောက်ခံတာဖြစ်ကြောင်းပြောပါတယ်။ တရုတ်ပြည်ဟာ မြန်မာအစိုးရအနေနဲ့ အာဆီယံအပါအဝင် အခြားနိုင်ငံများရဲ့ အကြံပြုချက်များ၊ မြန်မာပြည်သူတွေ တောင်းဆိုချက်များ အခြားနိုင်ငံများရဲ့ ကောင်းမွန်တဲ့ဆောင်ရွက်ချက်များကို အလေးထားစဉ်စားမယ်လို့ ယုံကြည်ကြောင်းပြောပါတယ်။

ဒုတိယအချက်အနေနဲ့ ကုလသမဂ္ဂအထွေထွေညီလာခံရဲ့ အခွင့်အာဏာကိုကျင့်သုံးပြီး အတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး ဖြေရှင်းကိုင်တွယ်မှုကို ထောက်ခံတယ်လို့ဆိုပါတယ်။ ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ် Gambari ဟာ မြန်မာနိုင်ငံကို (၂) ကြိမ်သွားရောက်ခဲ့ပြီး မြန်မာခေါင်းဆောင်များနဲ့တွေ့ဆုံညှိနှိုင်းကာ တစုံတရာသောအတိုင်းအတာအထိ တိုးတက်မှုရခဲ့တယ်လို့ဆိုပါတယ်။ ကုလသမဂ္ဂအတွင်းရေးမှူးအဖွဲ့ဟာ အသွင်ကူးပြောင်းရေးဖြစ်စဉ်မှာရှိနေတုန်းဆိုရင်လည်း မြန်မာအတွက် အထူးသံတမန်တဦးကို အတွင်းရေးမှူးချုပ်က အလျှင်အမြန်ခန့်ထားနိုင်ရေးကို တရုတ်ကထောက်ခံမယ်ဖြစ်တယ်။ မစ္စတာဂမ်ဘာရီ အမြန်ဆုံး မြန်မာပြည်သွားရောက်နိုင်ရေးအတွက် မျှော်လင့်တယ်။ ပြီးခဲ့တဲ့နိုဝင်ဘာလက လုံခြုံရေးကောင်စီမှာ ဂမ်ဘာရီပြောခဲ့သလိုပဲ အတွင်းရေးမှူးချုပ်ရဲ့ မြန်မာပြည်နဲ့ ပတ်သက်တဲ့လုပ်ငန်းများဟာ တွေ့ဆုံဆွေးနွေးအဖြေရှာရေးနဲ့ ဖြစ်စဉ်ရဲ့အစိတ်အပိုင်းပါ။ ဒါပေမဲ့ အချိန်နဲ့သည်းခံမှုတော့ လိုသေးတာပေါ့လို့ ပြောပါတယ်။ Asean ရဲ့ (၁၀) ကြိမ်မြောက် ထိပ်သီးညီလာခံလာတော့မယ်။ ခါတိုင်းလိုပဲ တရုတ်ဟာ မြန်မာကိစ္စမှာ အာဆီယံအနေနဲ့ ဦးဆောင်မှုကဏ္ဍဖြစ်ထွန်းပါဝင်လာစေဖို့ ကူညီဆောင်ရွက်သွားမှာပါလို့လဲ ကတိပေးပါတယ်။

တတိယအချက်အနေနဲ့ တရုတ်သံအမတ် ထောက်ပြတာက မြန်မာအရေးဟာ အချုပ်အခြာအာဏာပိုင်နိုင်ငံတနိုင်ငံရဲ့ ပြည်တွင်းရေးသာဖြစ်တယ်။ လက်ရှိပြည်တွင်းအခြေအနေဟာ နိုင်ငံတကာ ဒါမှမဟုတ် ဒေသရဲ့ငြိမ်းချမ်းရေးနဲ့လုံခြုံရေးကို ခြိမ်းခြောက်မှာမဟုတ်ဘူး။ မြန်မာနိုင်ငံမှာ စိုးရိမ်ဖွယ်ရာကောင်းတဲ့ ဒုက္ခသည်ကိစ္စ၊ ကလေးအလုပ်သမားပြဿနာ HIV ၊ AIDS လူ့အခွင့်အရေးနဲ့ မူးယစ်ဆေးဝါးနဲ့စပ်ဆိုင်တဲ့ စိန်ခေါ်မှုများကိုတွေ့နေရတာ ဘယ်သူမှ အငြင်းမပွားနိုင်ကြပါ။ ဒါပေမဲ့ အမျိုးသားပြဿနာတွေဟာ အခြားနိုင်ငံတွေမှာလဲရှိနေကြတာပါပဲလို့တင်ပြပါတယ်။ ဒီပြဿနာတွေဟာ အခြားနိုင်ငံတွေမှာရှိတဲ့ အလားတူပြဿနာတွေထက် ပိုအရေးမကြီးပါဘူးလို့ ဆိုပါတယ်။ ပြည်တွင်းနိုင်ငံရေးဖြစ်စဉ် ဟာလည်း မျှော်လင့်ထားသလောက် အဖြေမထွက်လာသေးပေမဲ့လဲ ဖြေးဖြေးမှန်မှန်နဲ့သွားနေတာပဲလို့ ထောက်ပြပါတယ်။ မြန်မာအစိုးရဟာ တဆင့်ပြီးတဆင့် သူ့ရဲ့ပြဿနာများကို ဖြေရှင်းကိုင်တွယ်သွားရေးအတွက် တရုတ်ပြည်ဟာ အားထုတ်ကြိုးပမ်းသွားမယ်လို့ ဆိုပြန်ပါတယ်။

ဒုတိယပြောကြားသူကတော့ တောင်အာဖရိက သံအမတ်ကြီး Mr. Kumalo ပါ။ မြန်မာပြည်ဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်းကို ဆန့်ကျင်မဲပေးရမှာမို့ စိတ်မကောင်းပါဘူးကွယ်လို့ သံတမန်ပီပီ ယဉ်ယဉ်ကျေးကျေး အစချီပါတယ်။ သူ့အစိုးရက ဒီလိုဆန့်ကျင်မဲပေးရတာဟာ အကြောင်းအချက် (၃) ချက်အပေါ်အခြေခံကြောင်း ပထမအချက်ကတော့ ဒီဆုံးဖြတ်ချက်မူကြမ်းဟာ အတွင်းရေးမှူးချုပ်ရဲ့လုပ်ရပ်များအပေါ် အပေးအယူလုပ်ထားတာဖြစ်ပြီး ဒုတိယအချက်အနေနဲ့တော့ ဒီပြဿနာဟာ လူ့အခွင့်အရေးကောင်စီမှာ ဖြေရှင်းရင်ပိုကောင်းမှာ ဖြစ်ကြောင်း၊ တတိယအချက်ကတော့ နိုင်ငံတကာငြိမ်းချမ်းရေးနဲ့လုံခြုံရေးကို ခြိမ်းခြောက်နေတဲ့ကိစ္စရပ်များကို ဖြေရှင်းရန်ဆိုတဲ့ လုံခြုံရေးကောင်စီကိုအပ်နှင်းထားတဲ့ ချာတာနဲ့ သည်အဆိုပြုချက်မူကြမ်းဟာ လျော်ကန်မှု မရှိကြောင်း ဆွေးနွေးသွားပါတယ်။ ဒါတွေကြောင့် တောင်အာဖရိကနိုင်ငံတွေဟာ ဆုံးဖြတ်ချက်မူကြမ်းကို ထောက်ခံမဲပေးဖို့ မဖြစ်နိုင်ဘူးဆိုပြီး အထောက်အထားတွေ၊ အကိုးအကားတွေနဲ့ ပြောဆိုသွားပါတယ်။

တတိယတင်ပြသူကတော့ အင်ဒိုနီးရှားက ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ် Mr. Jenie. ပါ။ မြန်မာနိုင်ငံရဲ့ အဓိကရည်မှန်းချက်ဖြစ်တဲ့ တရားမျှတမှုနဲ့ အမျိုးသားပြန်လည် ရင်ကြားစေ့ရေးကို အခုတင်ပြထားတဲ့ဆုံးဖြတ်ချက်မူကြမ်းက ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ပါ့မလားဆိုတဲ့မေးခွန်းနဲ့ စတင်ပါတယ်။ တကယ်လို့ ဗမာပြည်ဟာ စွဲချက်တင်ထားတဲ့အတိုင်း အပြစ်ဒဏ်ခံလိုက်ရင်တောင်မှ အခြား ကမ္ဘာ့နေရာအသီးသီးမှာ အလားတူဖြစ်နေတာတွေနဲ့ နှိုင်းယှဉ်ပြီးကြည့်ရင် ဒီဆုံးဖြတ်ချက်မူကြမ်းဟာ သင့်တော်လျော်ကန်ပါရဲ့လားလို့လဲ မေးခွန်းထုတ်ပါတယ်။ လူ့အခွင့်အရေးကောင်စီတို့လို မြန်မာကိစ္စဖြေရှင်းဖို့အတွက် ပိုသင့်တော်တဲ့နေရာများ ကုလသမဂ္ဂမှာရှိပါတယ်လို့လဲ ဆိုပါတယ်။

ဒါပေမဲ့သူက မြန်မာပြည်မှာ ဒီမိုကရေစီနဲ့လူ့အခွင့် အရေးထွန်းကားမှုကို အာဆီယံနိုင်ငံတခုအနေနဲ့မြင်ချင်ပါသတဲ့။ ဒီဆုံးဖြတ်ချက်မူကြမ်းဟာ သည်ရည်ရွယ်ချက်ကို ပေါက်မြောက်အောင် စွမ်းဆောင်နိုင်ပါ့မလားလို့လဲ စဉ်းစားမိတယ်လို့ဆိုပါတယ်။ အင်ဒိုနီးရှားဟာ မြန်မာနိုင်ငံကို အာဆီယံမိသားစုအဖြစ်တွေထဲကနေ ကူညီခဲ့တယ်။ ဒါပေမဲ့ ဖြစ်မလာခဲ့ဘူးလို့ပြောပြီး ချုပ်ပြီးပြောရရင်တော့ ဘယ်လိုနှစ်ဘက်စဉ်းစားချက်တွေအပေါ်အခြေခံပြီး အဆိုပြုချက်မူကြမ်းကို မဲပေးရာမှာ သူကတော့ ကြားနေမဲပေးမယ်လို့ ဆိုပါတယ်။

စတုတ္ထတင်ပြသူကတော့ ကာတာနိုင်ငံကိုယ်စားလှယ် Mr. Al-Nass ပါ။ သူက အာရေဗျဘာသာနဲ့ ပြောပါတယ်။ သူက မြန်မာနိုင်ငံနဲ့စပ်လျဉ်းပြီး အာဆီယံ Group of 77၊ တရုတ်နဲ့ ဘက်မလိုက်လှုပ်ရှားမှုက ပြောနေတဲ့ မြန်မာအရေးဟာ ပြည်တွင်းရေးပြဿနာသာဖြစ်ပြီး နိုင်ငံတကာငြိမ်းချမ်းရေးနဲ့လုံခြုံရေးကို ခြိမ်းခြောက်တာမဟုတ်ဘူးဆိုတဲ့အမြင်ကို လျစ်လျူမရှုနိုင်သလို ဆုံးဖြတ်ချက်မူကြမ်းကိုတင်ပြလာတဲ့နိုင်ငံများရဲ့ ကြိုတင်ကာကွယ်မှုလုပ်ငန်းများကို နားလည်သဘောပေါက်ပါကြောင်း၊ ဒါကြောင့် ကြားနေမည်ဖြစ်ကြောင်း အတိုချုပ်ပြောကြားသွားပါတယ်။

နောက်တကြိမ် သူ့တိုင်းပြည်ရဲ့သဘောထားကိုတင်ပြသူကတော့ သဘာပတိအဖြစ်

စာမျက်နှာ (၁၅) ကော်လံ (၁) သို့

## တွဲဘက်အထွေထွေအတွင်းရေးမှူး (၁) ဦးမြင့်သိက်နှင့် ဆက်သွယ်မေးမြန်းခန်းမှ

(၁၂) ရက်နေ့မှာ ပင်လုံစာချုပ်နည်းတူ ကျနော်တို့ သဘောတူညီထားပြီးဖြစ်ပါတယ်။ ဒီသဘောတူညီချက်ကိုအခြေခံပြီး အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းတခုကို ရေးဆွဲပြင်ဆင်နေပါတယ်။ အခုဆိုရင် ပထမမူကြမ်းအဆင့်ကိုရရှိပြီးဖြစ်ပါတယ်။ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်မှာဖြစ်လို့ ပြည်ထောင်စုနဲ့ သက်ဆိုင်ရာပြည်နယ်များအကြား အာဏာခွဲဝေရေးဆိုင်ရာနဲ့ ခိုင်မာတဲ့ပြည်ထောင်စုတည်ဆောက်ရေးကိစ္စများ ဆက်လက်ညှိနှိုင်းဆောင်ရွက်နေဆဲဖြစ်ပါတယ်။ ဒီမူကြမ်းကတဆင့် ပြည်ထောင်စုတခုလုံးမှာ လက်တွေ့လက်ခံကျင့်သုံးနိုင်အောင် လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။

ဒီနေ့မြန်မာနိုင်ငံမှာ နအဖစစ်အုပ်စုအနေနဲ့ ပြည်သူတရပ်လုံးရဲ့ လိုလားတောင့်တထားတဲ့ စစ်မှန်တဲ့ဒီမိုကရေစီလမ်းကြောင်းကို သွေဖည်သွားဖို့ပြင်ဆင်နေမှုကို ကျနော်တို့အမျိုးသားကောင်စီအနေနဲ့ ဘယ်လိုမှ လက်ခံနိုင်မှာမဟုတ်ပါဘူး။ ဒါ့ကြောင့် ပြည်သူတရပ်လုံးရဲ့ လိုအပ်ချက်နဲ့လည်းကိုက်ညီ၊ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီရဲ့ နိုင်ငံရေးရည်မှန်းချက်ကိုလည်း ရောက်နိုင်ပြီး၊ ဖြစ်ပေါ်နေတဲ့နိုင်ငံရေးအခြေအနေများရဲ့ လိုအပ်ချက်နဲ့လိုက်လျောညီထွေဖြစ်စေမဲ့အပြင် တော်လှန်တိုက်ပွဲဝင်အင်အားစုများအားလုံး ပူးပေါင်းပါဝင်ပေါင်းစပ်လုပ်ဆောင်သွားနိုင်မယ့် တိုက်ပွဲဝင်နိုင်ငံရေးလုပ်ငန်းစဉ်တခုကိုချမှတ်ပြီး တိုက်ပွဲဝင်သွားဖို့ အမျိုးသားကောင်စီမှာ လေးနက်တဲ့တာဝန်တရပ်ဖြစ်လာနေပြီဖြစ်ပါတယ်။ ဒီအတွက် လိုအပ်တဲ့ပြင်ဆင်မှုတွေကို စနစ်တကျနဲ့စတင်အကောင်အထည်ဖော် လုပ်ဆောင်နေပြီဆိုတာပြောလိုပါတယ်။

*၆။ ပြီးခဲ့တဲ့နှစ်က အမျိုးသားကောင်စီက နိုင်ငံရေးအရ ထူးထူးခြားခြား အောင်မြင်ခဲ့တာတွေ သိချင်ပါတယ်။ ရှေ့လုပ်ငန်းစဉ်အကျဉ်းချုပ်လည်း သိချင်ပါတယ်။*

ပြီးခဲ့တဲ့ သက္ကရာဇ် ၂၀၀၆ ခုနှစ်ဟာ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအလှည့်အပြောင်းအတွက် အရေးကြီးတဲ့ကာလတခုဖြစ်တယ်လို့ ကျနော်တို့သုံးသပ်ခဲ့ပါတယ်။ ဒီအတွက်လည်း လိုအပ်တဲ့ လတ်တလောနဲ့ရေရှည်ဆိုင်ရာ နိုင်ငံရေးသဘောထားရပ်တည်ချက်များ၊ တိုက်ပွဲလုပ်ငန်းစဉ်များကို ချမှတ်ခဲ့ပါတယ်။ အထူးသဖြင့် လတ်တလောတိုက်ပွဲဝင် နိုင်ငံရေးလုပ်ငန်းစဉ် (၈) ရပ် ချမှတ်ခဲ့ပါတယ်။ ဒီတိုက်ပွဲဝင်လုပ်ငန်းစဉ်များအပေါ်မှာ ပြည်တွင်းအပိုင်း၊ နိုင်ငံတကာပိုင်းနဲ့ တော်လှန်ရေးနယ်မြေဒေသတွင်း လုပ်ငန်းစဉ်အပိုင်းဆိုပြီး ကဏ္ဍသုံးရပ် ခွဲခြားထားရှိပြင်ဆင်ခဲ့ပါတယ်။ ဒီတိုက်ပွဲလုပ်ငန်းစဉ်များကို ပြန်သုံးသပ်ရရင်တော့ .... နိုင်ငံတကာတိုက်ပွဲပိုင်းမှာ ထူးခြားတဲ့အောင်မြင်မှုများ ရရှိခဲ့တယ်လို့ဆိုနိုင်ပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီအထိ မြန်မာနိုင်ငံအရေးဟာ ပေါက်ရောက်နိုင်ခဲ့တယ်။ ဒေသဆိုင်ရာနဲ့ နိုင်ငံတကာနယ်ပယ်က အတိုက်အခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ရဲ့ မြန်မာ့နိုင်ငံရေးအပေါ် တက်ကြွလှုပ်ရှားမှုကို ကျယ်ပြန့်အောင်အရှိန်မြှင့်တင်နိုင်ခဲ့တယ်။ ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ်ကြီးက နအဖစစ်အုပ်စုကို နိုင်ငံတကာတရားရုံးမှာ တရားတင်စွဲနိုင်အောင် ပြင်ဆင်လုပ်ဆောင်မှုတွေရှိလာခဲ့တယ်။ သတင်းမီဒီယာများရဲ့ စနစ်တကျနဲ့ ပြည်တွင်းက နိုင်ငံသားများရဲ့ အခြေခံအခွင့်အရေးချိုးဖောက်ခံနေရမှုများကို ကမ္ဘာကသိအောင်လုပ်ဆောင်နိုင်ခဲ့တယ်။ နအဖစစ်အုပ်စုတွင်း သဘောထားကွဲလွဲမှုတွေ၊ အကျင့်ပျက်ခြစားမှုအခြေအနေတွေ၊ ပြည်သူလူထုအပေါ် အနိုင်ကျင့်ဗိုလ်ကျမှုတွေ၊ သူတို့အတွင်း မတည်မငြိမ်ဖြစ်မှုတွေကို ကမ္ဘာက သိရှိနားလည်လာအောင် လုပ်ဆောင်နိုင်ခဲ့တယ်။ ပြည်တွင်းက ပြည်သူတွေအားလုံးသိအောင်လည်း လုပ်ဆောင်နိုင်ခဲ့တယ်။ အဲဒီလိုဘဲ တော်လှန်ရေးနယ်မြေဒေသအတွင်းမှာရှိကြတဲ့ အတိုက်ခံတော်လှန်ရေးအင်အားစုများကြားမှာလည်း စုစည်းညီညွတ်မှုတွေတည်ဆောက်နိုင်ခဲ့တယ်။ အမျိုးသားကောင်စီ အတွင်း–အပြင် ညီညွတ်မှုများကို တည်ဆောက်နိုင်ခဲ့တယ်လို့ဆိုနိုင်ပါတယ်။ မတူကွဲပြားခြားနားတဲ့ အသွင်သဏ္ဍာန်မျိုးစုံနဲ့တိုက်ပွဲဝင်နေမှုတွေအပေါ် စုစည်းမှုမရှိဘူး၊ စည်းလုံးမှုမရှိဘူး။ တထပ်တည်းမဖြစ်ဘူးလို့ ပြောလို့မရပါဘူး။ အခြေခံနိုင်ငံရေးရပ်တည်ချက်နဲ့ ဦးတည်မျှော်မှန်းချက်များအားလုံးတထပ်တည်းဖြစ်ပါတယ်။ ဒီအခြေအနေတွေကို အမျိုးသားကောင်စီအနေနဲ့ အားလုံးနဲ့ပူးပေါင်းဆောင်ရွက်ခဲ့မှုတွေဖြစ်ပါတယ်။ နောက် ပြည်တွင်းပိုင်းလုပ်ငန်းစဉ်များနဲ့ပတ်သက်လို့လည်း အမျိုးသားကောင်စီရဲ့ နိုင်ငံရေးအံတုမှုကော်မတီက ဦးဆောင်ပြီး လုပ်ငန်းတူအဖွဲ့အစည်းအားလုံးနဲ့ပူးပေါင်းပြီး အမျိုးသားကောင်စီရဲ့ နိုင်ငံရေးရည်မှန်းချက်များကို အထောက်အကူပြုစေမဲ့ လက်တွေ့လုပ်ငန်းစဉ်များကိုလုပ်ဆောင်နိုင်ခဲ့တယ်ဆိုတာ၊ ပြီးခဲ့တဲ့ ၂၀၀၆ ခုနှစ်ကုန်ပိုင်းမှာပြီးစီးခဲ့တဲ့ သတ္တမအကြိမ်ညီလာခံကြီးမှာ အခိုင်အမာသုံးသပ်နိုင်ခဲ့ပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီအနေနဲ့ ၂၀၀၇ ခုနှစ်ဆိုင်ရာ လုပ်ငန်းစီမံချက်များကို ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်းက ကျင်းပပြီးစီးခဲ့တဲ့ သဘာပတိအဖွဲ့နဲ့ အတွင်းရေးမှူးများအဖွဲ့ ပူးတွဲအစည်းအဝေးကနေ အခိုင်အမာ လမ်းညွှန်ချမှတ်ခဲ့ပြီးဖြစ်ပါတယ်။ လတ်တလောနိုင်ငံရေးသဘောထားရပ်တည်ချက် (၄) ရပ်နဲ့ တိုက်ပွဲဝင်လုပ်ငန်းစဉ် (၈) ရပ်ဖြစ်ပါတယ်။ အဲဒီအတွက် အသေးစိတ်တိုက်ပွဲဝင်လုပ်ငန်းစီမံချက်များလည်း ရေးဆွဲချမှတ်ထားပြီးဖြစ်ပါတယ်။ စနစ်တကျနဲ့ အကောင်အထည်ဖော်ဆောင်သွားနိုင်ဖို့ ပြင်ဆင်လုပ်ဆောင်နေပါတယ်။

*၇။ ဖြည့်စွက်ပြောချင်တာတွေရှိရင်။*

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီအနေနဲ့ အထူးအလေးအနက်တင်ပြလိုတာကတော့ ဒီနေ့ကာလနိုင်ငံရေးအခြေအနေတွေဟာ သိပ်ကိုအရေးကြီးလာနေပြီဖြစ်လို့၊ ဒီမိုကရေစီရေးကို လေးစားတန်ဖိုးထားကြတဲ့ တိုင်းချစ်ပြည်ချစ် နိုင်ငံသားများအားလုံးအနေနဲ့ စုစည်းညီညွတ်စွာနဲ့ ပူးပေါင်းတိုက်ပွဲဝင်နိုင်ဖို့ အင်မတန်မှ လိုအပ်လာနေပြီဖြစ်ပါတယ်။ အမျိုးသားကောင်စီရဲ့ တိုက်ပွဲလုပ်ငန်းစဉ်များ အဆင့်လိုက်အောင်မြင်ဖို့ဆိုတာ ပြည်တွင်း၊ ပြည်ပနဲ့ နိုင်ငံတကာမှာရှိကြတယ်။ မျိုးချစ်နိုင်ငံသားများအားလုံးရဲ့ထောက်ခံမှု၊ ပူးပေါင်းပါဝင်လုပ်ဆောင်မှုတွေ အထူးလိုအပ်ပါတယ်။ ဒီအတွက် အားလုံးပူးပေါင်းဆောင်ရွက်ပေးကြဖို့ အလေးအနက်မေတ္တာရပ်ခံချင်ပါတယ်။ ❖

## စစ်အာဏာရှင်များနှင့်ဝေးဝေးနေကြ

### စွမ်းအားမြှင့်စစ်သည်တော်များက ပြည်သူများသို့ ပန်ကြား



စစ်အာဏာရှင်များနှင့် ၎င်းတို့၏ လက်ပါးစေများကို အဓိကပစ်မှတ်ထားသော တိုက်ခိုက်မှုများအတွင်း ပြည်သူလူထုထိခိုက်မှုမရှိအောင် သတိပေးသည့်အနေဖြင့် စစ်အာဏာရှင်များနှင့်နီးနီးကပ်ကပ်မနေကြရန် စွမ်းအားမြှင့်စစ်သည်တော်များက ပြည်သူလူထုသို့ပန်ကြားလိုက်သည်။

ရန်ကုန်မြို့၊ ဗဟန်းစာတိုက်တွင် စာအိတ်ဗုံးတလုံးပေါက်ကွဲအပြီး (၂) ရက်အကြာ၊ ဇန်နဝါရီလ (၁၇) ရက်နေ့တွင် ထုတ်ပြန်သော စွမ်းအားမြှင့်စစ်သည်တော်အဖွဲ့၏ ကြေညာချက်တွင် ၂၀၀၇ ခုနှစ်နှစ်ဆန်းပိုင်းမှစတင်သော ဗုံးဖောက်ခွဲမှုများသည် မိမိတို့လက်ချက်ဖြစ်ကြောင်း ဝန်ခံထားသည်။

ဇန်နဝါရီလ (၁၅) ရက်နေ့က ဗဟန်းစာတိုက်တွင် နအဖရဲချုပ်ရုံးသို့ လိပ်မူထားသော ဗဟန်းစာတိုက်ဗုံးပေါက်မှုတွင် အသက် (၅၈) နှစ် အတွင်းစာတိုက်ဝန်ထမ်းတဦး ထိခိုက်ဒဏ်ရာရခဲ့ပြီး၊ ရန်ကုန် ဗဟိုစာတိုက်ကြီးတွင်လည်း ကြံ့ဖွံ့အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်စိန်ဌေးနှင့် တရုတ်သံရုံးသို့ လိပ်မူထားသော စာအိတ်ဗုံးများထပ်မံတွေ့ရှိသည်ဟု သတင်းများကဆိုသည်။

"၂၀၀၇ ခုနှစ် နှစ်ဆန်းပိုင်းမှစတင်၍ ပဲခူးမြို့ ရွှေမော်တောဘုရားလမ်းရှိ ကြံ့ခိုင်ဖွံ့ဖြိုးရေးရုံးအတွင်း ဗုံးထောင်ဖောက်ခွဲရန် လုပ်ဆောင်ခဲ့ခြင်း၊ ရန်ကုန်မြို့နယ်အတွင်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရုံးချုပ်၊ ကြံ့ဖွံ့ရုံးချုပ်နှင့် မြန်မာနိုင်ငံအခြေစိုက် တရုတ်သံရုံးအားပေးပို့သော စာအိတ်ဗုံးများသည် မိမိတို့စစ်သည်တော်များ၏တိုက်ပွဲဝင်မှုဖြစ်ကြောင်း အသိပေးလိုက်သည်"ဟု အဖွဲ့၏ ၁/၂၀၀၇ ကြေညာချက်တွင် ရေးသားထားသည်။

ဆက်လက်၍ "ကြံ့ဖွံ့၊ ရဲ၊ မီးသတ်နှင့် စစ်ဖက်လုံခြုံရေးတို့သည် တိုင်းပြည်လူထုအားနည်းမျိုးစုံဖြင့် နှိပ်စက်ဖျက်ဆီးနေသူများဖြစ်သည်။ တရုတ်နှင့် ရုရှနိုင်ငံတို့သည်လည်း ကိုယ်ကျိုးစီးပွားကိုသာမြင်၍ စစ်အုပ်စုအားလက်နက်နှင့်နည်းပညာများ အကူအညီပေးနေရုံမျှမက ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာ့အရေးဆုံးဖြတ်ချက်မချနိုင်အောင် ဗီတိုအာဏာသုံး၍ ကန့်ကွက်ခဲ့သည့်အတွက်ကြောင့် မိမိတို့စစ်သည်တော်များသည် လုပ်သင့်လုပ်ထိုက်သည့်နည်းလမ်းပေါင်းစုံသုံး၍ တိုက်ပွဲဝင်ရန် မြန်မာပြည်တွင်းရောက်ရှိနေကြပြီဖြစ်သည်" ကြေညာချက်ကဆိုသည်။

ကြေညာချက်၏နိဂုံးပိုင်းတွင် စစ်သည်တော်များသည် မိမိတို့ယုံကြည်သည့်နည်းလမ်းဖြင့် စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေးလုပ်ဆောင်နေကြသော အဖွဲ့အစည်းများကို ဝေဖန်ခြင်းပြုလုပ်မည်မဟုတ်သလို မိမိတို့၏လုပ်ငန်းများအပေါ် ဝေဖန်အပြစ်တင်မှုများကိုလည်း ဂရုစိုက်လိမ့်မည်မဟုတ်ဟု ရေးသားထားသည်။

စွမ်းအားမြှင့်စစ်သည်တော်အဖွဲ့သည် ၁၉၉၉ ခုနှစ် အောက်တိုဘာလအတွင်းက သေနတ်များလက်ပစ်ဗုံးများကိုင်ဆောင်ကာ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ မြန်မာသံရုံးကို စီးနင်းဝင်ရောက်ပြီး ဒီမိုကရေစီစနစ်သို့ အသွင်ပြောင်း လုပ်ဆောင်ရန်တိုက်တွန်းခဲ့သည်။ ပြည်တွင်းပြည်ပ ဒီမိုကရေစီအင်အားစုများနှင့် နိုင်ငံတကာ၏စာနာမှုရရှိခဲ့သော ၎င်းသံရုံးစီးနင်းမှုသည် ထိုင်းအာဏာပိုင်များ၏ ကြားဝင်ညှိနှိုင်းပေးမှုဖြင့် အဆုံးသတ်ခဲ့သည်။ ❖

## လုံခြုံရေးကောင်စီဆွေးနွေးပွဲဆောင်းပါးမှ

တာဝန်ယူနေတဲ့ ရုရှားသံအမတ်ဖြစ်ပါတယ်။ သူက လုံခြုံရေးကောင်စီမှာ မြန်မာကိစ္စဆွေးနွေးဖို့ကို အစဉ်တစိုက်ဆန့်ကျင်ခဲ့ကြောင်း မြန်မာပြည်မှာ အထူးသဖြင့် လူမှုရေးစီးပွားရေးနဲ့ လူ့အခွင့်အရေးပြဿနာများ ဆိုးဆိုးဝါးဝါးဖြစ်နေတာ ငြင်းစရာမရှိပေမယ့် သည်ပြဿနာများဟာ နိုင်ငံတကာ သို့မဟုတ် ဒေသဆိုင်ရာပြဿနာများဖြစ်လာမယ်လို့ မယူဆခဲ့ကြောင်း။ မြန်မာပြဿနာတွေကို လူ့အခွင့်အရေးကောင်စီ နိုင်ငံတကာအဖွဲ့အစည်းများနဲ့ အခြားသင့်လျော်တဲ့အဖွဲ့အစည်းများစွာ ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ဒါတွေကို လုံခြုံရေးကောင်စီကလိုက်လုပ်ရင် ဘေးထွက်ဆိုးကျိုးများသာ ဖြစ်လာမှာဖြစ်ကြောင်း၊ ဒါတွေကြောင့် ရုရှားက ဆန့်ကျင်မဲပေးမှာဖြစ်ကြောင်း ပြောပါတယ်။

သဘာပတိက ရုရှားနိုင်ငံကိုယ်စားလှယ်ပြောကြားပြီးနောက်မှာ လုံခြုံရေးကောင်စီရဲ့ သဘာပတိအနေနဲ့ ၈၊ ၂၀၀၇၊ ၁၄ ကို အစီအစဉ်လုပ်ပါတယ်။

မဲခွဲတာကတော့ ကိုယ်စားလှယ်တွေက လက်ညှိုးထောင်ပြပြီး မဲခွဲတဲ့ပုံစံပါ။

ဆုံးဖြတ်ချက်မူကြမ်းကို ထောက်ခံတဲ့ နိုင်ငံ (၉) နိုင်ငံက ဘယ်လ်ဂျီယံ၊ ပြင်သစ်၊ ဂါနာ၊ ပနားမား၊ ပီရူး၊ ဆလိုဗားကီးယား၊ ဂရိတ်ဗြိတိန်နဲ့ မြောက်ပိုင်းအိုင်ယာလန် အမေရိကန်ပြည်ထောင်စုတို့ဖြစ်ပြီး၊ ဆန့်ကျင်မဲပေးတဲ့ နိုင်ငံ (၃) နိုင်ငံက တရုတ်၊ ရုရှားဖက်ဒရေးရှင်းနဲ့တောင်အာဖရိကတို့ပါ။

မဲမပေးတဲ့ သုံးနိုင်ငံက ကွန်ဂို၊ အင်ဒိုနီးရှား၊ ကာတာတို့ဖြစ်ပါတယ်။

လုံခြုံရေးကောင်စီ သဘာပတိက မဲပေးမှုရလဒ်ကို ကြေညာပါတယ်။ တပြိုင်ထဲမှာပဲ "ဆုံးဖြတ်ချက်မူကြမ်းကို အတည်မပြုပါဘူး။ ဘာကြောင့်လဲဆိုတော့ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နှစ်နိုင်ငံက ဆန့်ကျင်မဲပေးလို့ပါပဲ"လို့ သူကကြေညာပါတယ်။

မဲခွဲပြီးပေမဲ့ ပွဲမပြီးသေးပါဘူး။ အစဉ်အလာသဘောအရ လုံခြုံရေးကောင်စီသဘာပတိကမဲပေးပြီးတဲ့အခါမှာ အဖွဲ့ဝင်တွေအနေနဲ့ပြောစရာရှိရင်ပြောပါလို့ ဖိတ်ခေါ်ပါတယ်။

သည်တခါစပြောတာက သည်ဆုံးဖြတ်ချက်မူကြမ်းကို ရှေ့ဆောင်ရှေ့ရွက်ပြုပြီး လုံခြုံရေးကောင်စီကိုတင်သွင်းခဲ့သူ အမေရိကန်ပြည်ထောင်စုရဲ့ ကုလသမဂ္ဂဆိုင်ရာအမြဲတမ်းကိုယ်စားလှယ် Mr. wolff. ဖြစ်ပါတယ်။ သူက ....။

(အပိုင်း (၂) ဆက်လက်ဖတ်ရှုပါရန်)

**ကိုယ့်အခွင့်အရေးအတွက် ကိုယ်တိုင်တိုက်ပွဲဝင်ကြ။**
**ကောင်းတဲ့ကိစ္စ၊ တရားတဲ့ကိစ္စမှန်သမျှ ရဲရဲလုပ်ကြ။**
**မတရားတဲ့အမိန့် အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ။**

နိုင်ငံတကာ

# နန်းကျအာဏာရှင် ဆက်ဒမ်ဟူစိန်အလောင်းကို သူ့ဇာတိရွာလေးတွင်မြေမြှုပ်

ဇန်နဝါရီ (၁)၊ အေပီ

အီရတ်နိုင်ငံသားရာပေါင်းများစွာသည် တနင်္ဂနွေနေ့ကပြုလုပ်သော ဆက်ဒမ်ဟူစိန်၏ဇာတိရွာလေးတွင် ပြုလုပ်သော အာဏာရှင်၏ဈာပနအခမ်းအနားသို့ တက်ရောက်ငိုကြွေးခဲ့ကြသည်။ ဆက်ဒမ်ဟူစိန်၏အလောင်းကို ကဘူးနှင့် ကီလိုမီတာ (၈၀) အကွာရှိ (Tikrit) မြို့တွင်တပ်စွဲထားသော အမေရိကန်စစ်ရဟတ်ယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့သည်။

အလောင်းကို Tikrit မြို့တောင်ဘက် မိုင်အနည်းငယ်ဝေးသော သူ၏ဇာတိရွာကလေး (Ouja) ရှိ သူ့ခြံဝင်းတွင်မြှုပ်နှံထားသည်။ ဆက်ဒမ်ဟူစိန်သည် ကွယ်လွန်ချိန်တွင် (၆၉) နှစ်နှင့် (၈) လရှိပြီဖြစ်သည်။

Tigris မြစ်ကမ်းဘေး၊ Salahudin ခရိုင်အတွင်းရှိ Tikrit မြို့သည် (၂၅) နှစ်ကြာ အာဏာရှင်ကြီး၏ တန်းခိုးထွားခဲ့ရာ ဘူမိနက်သန်အမှန်ဖြစ်ခဲ့သည်။ ဆက်ဒမ်၏ ဆွေတော်မျိုးတော်များနှင့် သူ့အားထောက်ခံသူရာပေါင်းများစွာသည် အာရုံမကျင်းခင်ကျင်းပသော နန်းကျအာဏာရှင်၏ဈာပနသို့ ရောက်လာကြပြီး ပူဆွေးငိုကြွေးခဲ့ကြသည်။

ဆက်ဒမ်ကွပ်မျက်ခံရခြင်းအပေါ် မကျေနပ်သော အသက် (၄၅) နှစ်အရွယ် Salam Hassan က "ဒီကိစ္စဟာ ရာဇဝတ်မှုဖြစ်တယ်"ဟု ပြောသည်။ အသက် (၂၄) နှစ်အရွယ် ကောလိပ်ကျောင်းသားတဦးကလည်း အာရပ်အမျိုးသားရေးဝါဒ၏လမ်း ကို သွေးနှင့်ခင်းကြရမည်ဟု ကြုံးဝါးသည်။

"ဘုရားသခင်က သူ့ကိုဒီလိုပဲ ဘဝနိဂုံးချုပ်ခိုင်းခဲ့ပေမယ့် သူဖောက်ခဲ့တဲ့လမ်း၊ သူ လျှောက်ခဲ့တဲ့လမ်းစဉ်ကတော့ နိဂုံးချုပ်သွားမှာမဟုတ်ပါဘူး"ဟု Natiq က ပြောသည်။

Tikrit မြို့အာဏာပိုင်များသည် စနေ့နေ့မှစ၍ မြို့ဝင်၊ မြို့ထွက်ကို (၄) ရက် ပိတ်ပင်ထားမည်ဟု ကြေညာထားသည်။ သို့သော် ဆက်ဒမ်ဓာတ်ပုံကိုကိုင်ဆောင်ဆန္ဒပြနေသော သူ့အားထောက်ခံသူ လူအုပ်ကြီးသည် လုံခြုံရေးတင်းကြပ်ထားသောမြို့လမ်းမပေါ်သို့ထွက်လာကြပြီး လက်စားချေရေးအတွက် ကြွေးကြော်နေကြသည်။

ဆက်ဒမ်ဟူစိန်သည် ၁၉၈၂ ပြည့်နှစ်တွင် သူ့အားလုပ်ကြံရန်ကြိုးစားသော ဒူဂျေးလ်ရွာရှိ ရှီယိုက်ရွာသား (၁၄၈) ဦးကို သတ်ဖြတ်ခဲ့သောအမှုဖြင့် နိုဝင်ဘာလ (၅) ရက်နေ့တွင် သေဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ပြီး ယခုလ (၃၀) ရက်နေ့ အာရုံမတိုင်ခင်က ကြိုးပေးကွပ်မျက်ခံခဲ့ရသည်။ အီရတ်ဒေသစံတော်ချိန် (၆) နာရီမတိုင်မီက ပြုလုပ်ခဲ့သော ဟိုးလေးတကျော်ကွပ်မျက်ခံရမှုတွင် ဆက်ဒမ်နှင့်အတူ သူ၏ဖအေတူမအေကွဲ ညီတော်သူနှင့် အီရတ်တရားသူကြီးချုပ်ဟောင်းလည်း ပါဝင်ခဲ့သည်။

ဆက်ဒမ်အားမြေမြှုပ်ထားရာနေရာ



နန်းကျအာဏာရှင် ဆက်ဒမ်ဟူစိန်

သည် သူ၏သားနှစ်ဦးအားမြှုပ်နှံထားရာနေရာနှင့် (၂) မိုင်ခန့်သာကွာဝေးသည်။ ဆက်ဒမ်၏သားနှစ်ဦးနှင့် မြေးတဦးသည် ၂၀၀၃ ခုနှစ် ဇူလိုင်လက အမေရိကန်တပ်များအား ခုခံရင်း ကျဆုံးခဲ့သည်။

အမေရိကန်တပ်များသည် အီရတ်အာဏာရှင်ကြီးအား ၂၀၀၃ ခုနှစ်က Tikrit မြို့အနီးရှိ လယ်တဲတခု၏ မြေအောက်ခန်းကျင်းငယ်လေးတခုမှ ဖမ်းဆီးနိုင်ခဲ့သည်။ ❖

# ဗြိတိသျှတပ်ဖွဲ့က အီရတ်နိုင်ငံ၊ ဘာဆရာမြို့ရှိ ရဲစခန်းအား ဖြိုချဖျက်ဆီး



ဖြိုချဖျက်ဆီးမှုများအပြီးတွင် တွေ့ရသော ဘာဆရာမြို့ရှိ ရဲစခန်းအပျက်အစီးမြင်ကွင်း

Bangkok Post ၊ ဒီဇင်ဘာ ၂၆

ဒီဇင်ဘာ (၂၅) ရက်နေ့က အီရတ်နိုင်ငံ ဘာဆရာမြို့ (ဘက်ကဒက်အရှေ့ဘက် ၅၅၀ ကီလိုမီတာ) ရှိ အီရတ်ရဲစခန်းတခုအား ဖြိုချဖျက်ဆီးခံခဲ့ရသည်ဟု သတင်းများအရသိရှိရသည်။

ဗြိတိသျှစစ်တပ်၏ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူး Charlie Burbridge က ဘာဆာရာ၏ နာမည်ဆိုးဖြင့်ကျော်ကြားနေသော ရာဇဝတ်နှိမ်နှင်းရေးယူနစ်မှ ဖမ်းဆီးခံထားရသူ လူ (၁၂၇) ဦးမှ အပြင်းအထန်နှိပ်စက်ညှဉ်းပမ်းခံထားရပြီး မကြာမီ သတ်ဖြတ်ခံရတော့မည်ဖြစ်သည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

တင့်ကားများအကာအကွယ်ဖြင့် ရယူထားသော ဗြိတိသျှတပ်ဖွဲ့က ဘာဆရာမြို့တွင် အရပ်သားများနှင့် အလုပ်သမားများအား ရက်စက်ယုတ်မာစွာ ဖိနှိပ်ညှင်းပန်းခဲ့သော ဘာဆာရာ ရာဇဝတ်နှိမ်နှင်းရေးယူနစ်အား ဖျက်သိမ်းခဲ့သည်ဟု ပြောရေးဆိုခွင့်ရှိသူကဆိုသည်။

သို့ရာတွင် ဘာဆရာရဲတပ်ဖွဲ့အကြီးအကဲ General Mohamedal Musauwi က ယင်းတိုက်ခိုက်မှုအား ပြစ်တင်ရှုံ့ချလိုက်ပြီး ယင်းရာဇဝတ်မှုနှိမ်နှင်းရေးယူနစ်ရွှေ့ပြောင်းရေးနှင့်စပ်လျဉ်း၍ နှစ်ရက်ကြာဆွေးနွေးအပြီးတွင် မည်သည့်ကြိုတင်သတိပေးချက်မျှမရှိပဲ ဗြိတိသျှတပ်ဖွဲ့က ၎င်းတို့၏ ရဲစခန်းအားဖျက်သိမ်းခဲ့ခြင်းဖြစ်သည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

မကြာမီအတောအတွင်းကလည်း အီရတ်အစိုးရအရာရှိ အများအပြားအား အမေရိကန်စစ်တပ်မှ ဖမ်းဆီးခဲ့ခြင်းနှင့် စပ်လျဉ်း၍ အီရတ်အစိုးရက ကန့်ကွက်ခဲ့သည်။ မတ်လ ၂၀၀၃ ခုနှစ်တွင် အမေရိကန်က အီရတ်တွင် ကျူးကျော်ဝင်ရောက်ခဲ့ချိန်မှစ၍ အီရတ်ရဲတပ်ဖွဲ့ဝင်ပေါင်း တသိန်းရှစ်သောင်းကို လေ့ကျင့်တာဝန်ပေးခဲ့သည်။ လက်နက်အပြည့်အစုံ တပ်ဆင်ပေးခဲ့သည်။ သို့ရာတွင် အမေရိကန်ကျောထောက်နောက်ခံပြုထားသည့် အီရတ်အစိုးရအား ဆန့်ကျင်သူများ၊ ဘာသာရေးအုပ်စုများ၊ ရာဇဝတ်သားများက အီရတ်ရဲတပ်ဖွဲ့များအား အပြင်းအထန်တိုက်ခိုက်မှုများကြောင့် ရဲတပ်ဖွဲ့ဝင်အမြောက်အများ သေဆုံးလျက်ရှိသည်။ ❖

## သတင်းတိုထွာ

# ချက်ငြိမ်းချမ်းရေးသဘောတူညီချက် လက်မှတ်ရေးထိုး

Bangkok Post ၊ ဒီဇင်ဘာ ၂၆

၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာ (၂၄) ရက်နေ့က၊ ချက်စ်သမတနှင့် သူ့အားဖြုတ်ချရန်ကြိုးပမ်းသူ သူပုန်အုပ်စုခေါင်းဆောင်များက လစ်ဗျားနိုင်ငံ တရီပိုလီမြို့တော်တွင် ငြိမ်းချမ်းရေးသဘောတူညီချက်တရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။

သမတ Idriss deky အားဖြုတ်ချရန် ကြိုးပမ်းနေသည့် သူပုန်စစ်ခေါင်းဆောင် Mahamat Nour Abdelkerim က အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် အရှိန်အဟုန်မြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ချက်စ်သမတနှင့် လစ်ဗျားခေါင်းဆောင် ကဒါဖီရှေ့မှောက်တွင် ပြောကြားခဲ့သည်။

ချက်အစိုးရ၏ ထုတ်ဖော်ပြောကြားချက်အရ ဘက်နှစ်ဘက်စလုံးမှ စစ်ရေးလှုပ်ရှားမှုများကို ရပ်တန့်ပစ်ရန်၊ အကျဉ်းသားများလွှတ်ပေးရန်နှင့် လွတ်ငြိမ်းချမ်းသာခွင့် ထုတ်ပြန်ရန် သဘောတူညီခဲ့ကြသည်ဟု သိရှိရသည်။

တရီပိုလီငြိမ်းချမ်းရေးဆွေးနွေးပွဲ ပေါ်ပေါက်လာရေးကို လစ်ဗျားခေါင်းဆောင် ဗိုလ်မှူးကြီးကဒါဖီက စတင်လှုပ်ရှားခဲ့ခြင်းဖြစ်ပြီး၊ ဆူဒန်နှင့်ချက်တို့အား ဖိအားပေးခဲ့သည်။ ဆူဒန်နိုင်ငံမှာ ချက်သူပုန်တို့အား အားပေးကူညီသည်ဟု ချက်အစိုးရက စွပ်စွဲခြင်းခံနေရသည်။

ချက်အစိုးရအား ဆန့်ကျင်တိုက်ခိုက်နေသော အခြားသူပုန်အုပ်စုများကမူ တရီပိုလီငြိမ်းချမ်းရေးစာချုပ်အားပယ်ချလိုက်ပြီး သူပုန်ခေါင်းဆောင် Nour အား အကြီးအကျယ်ပြောဆိုလုပ်ကိုင်ပြီးမှ အဖျားရှူးသူတဦးအဖြစ် ရှုံ့ချပြောဆိုလျက်ရှိသည်။ ❖

# ရုရှားက ရေနံပိုက်လိုင်းကိုပိတ်လိုက်၍ ဥရောပနိုင်ငံများအခက်ကြုံ

ရုရှားနှင့်ဘီလာရုပ်စ် နိုင်ငံခြားရေနံဈေးနှုန်းတိုးမြှင့်မှုအပေါ် ကတောက်ကဆတ်ဖြစ်လာပြီးနောက်ပိုင်း အကျိုးဆက်အဖြစ်၊ ရုရှားသမတပူတင်က ဇန်နဝါရီလ (၈) ရက်နေ့တွင် ဘီလာရုပ်စ်နိုင်ငံအားဖြတ်လျက် ဥရောပသို့ တလလျှင် ရေနံစည်ပေါင်း (၁ ဒဿမ ၂) သန်းပို့ဆောင်နေသော ရေနံပိုက်လိုင်းအား ပိတ်ဆို့ထားလိုက်သဖြင့် ဥရောပအသီးသီးမှ နိုင်ငံအချို့ အခက်ကြုံနေသည်။ အထူးသဖြင့် ရေနံစိမ်းတင်သွင်းမှု၏ သုံးပုံတပုံနှင့် (၉၆) ရာခိုင်နှုန်းအထိ ရုရှားအပေါ်မှီခိုနေရသော ဂျာမဏီနိုင်ငံနှင့်ပိုလန်နိုင်ငံတို့မှာ အကျပ်အတည်းတွေ့နေရသည်။ ဥရောပတတိုက်လုံးအနေဖြင့်ဆိုလျှင် ၎င်းတို့ရေနံလိုအပ်ချက်၏ (၃၀) ရာခိုင်နှုန်းကို ရုရှားရေနံအပေါ်တွင် မှီခိုနေရသည်။ အီးယူ၏ ဥက္ကဋ္ဌ Merkel နှင့် အီးယူ၏ ကော်မရှင်ဥက္ကဋ္ဌ Jose Manuel Barroso တို့က ရုရှား၏လုပ်ရပ်အပေါ် လုံးဝလက်ခံနိုင်ဖွယ်မရှိသော အပြုအမူအဖြစ် ထုတ်ဖော်ပြောကြားခဲ့သည်။ ❖

# ကျူးဘားခေါင်းဆောင် ကက်စရိုမှာ ကင်ဆာရောဂါမရှိဟု ဟူဂိုချေဗက်စ်ကထုတ်ဖော်ပြောကြား

ကျူးဘားခေါင်းဆောင် ဖီဒယ်ကက်စရိုတွင် ကင်ဆာရောဂါမရှိကြောင်း၊ သို့ရာတွင် အကြီးအကျယ်ဖျားနာမှုကို တိုက်ခိုက်တော်လှန်နေရကြောင်း ဗင်နီဇွဲလားသမတကြီး ဟူဂိုချေဗက်စ်က ထုတ်ဖော်ပြောကြားသည်။

ပြီးခဲ့သည့်ဂျူလိုင်လအတွင်းက အူပိုင်းဆိုင်ရာခွဲစိတ်ကုသမှုအပြီးတွင် ယာယီအနားယူနေသော ကျူးဘားသမတ ဖီဒယ်ကက်စရိုသည်သူ၏ (၈၀) နှစ်မြောက်မွေးနေ့ကျင်းပရေးကိုလည်း ရွှေ့ဆိုင်းခဲ့ရသည်။ ဟူဂိုချေဗက်စ်က ကျူးဘားသမတ၏ကျန်းမာရေးအခြေအနေ ကောင်းမွန်လာပြီဟု မပြောကြားသော်လည်း သူ့အနေနှင့် စဉ်းစား၍ အကောင်းဘက်ကရှုမြင်ကြောင်း၊ မကြာမီကောင်းမွန်လာမည်ဟု မျှော်လင့်ကြောင်း ထပ်မံပြောကြားသွားသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်ကမူ "ကျူးဘားခေါင်းဆောင်သေဆုံးမယ်ဆိုရင် ကျူးဘားလူထုဟာလွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲများကျင်းပဖို့နဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းဖို့အတွက် သူတို့အစိုးရကို ဖိအားပေးမည်" ဟု မျှော်လင့်ကြောင်းပြောကြားခဲ့သည်။ အမေရိကန်ထောက်လှမ်းရေးအကြီးအကဲ John Negroponte ကမူ ကက်ထရိုဟာ လပိုင်းပဲခံတော့မည်ဟု ဟောကိန်းထုတ်ခဲ့သည်။

ဖီဒယ်ကက်စရိုကွယ်လွန်ခဲ့လျှင် ၎င်း၏ညီဖြစ်သူ ဂျောက်က်စထရိုက သမတဖြစ်လာမည်ဖြစ်သည်။ အမေရိကန်အစိုးရကမူ ကက်စရိုအလွန် ကျူးဘားနှင့် မည်သို့မည်ပုံဆက်ဆံရေးထူထောင်ရမည်ကို စဉ်စားလျက်ရှိသည်ဟုသိရသည်။ ❖

# နိုင်ငံတကာ

## ထိုင်းနိုင်ငံ၏ နှစ်သစ်ကူးဗုံး ပေါက်မှုတွင် (၃) ဦးသေ၊ (၃၀) ကျော်ဒဏ်ရာရ

ဒီဇင်ဘာ (၃၁)

လွန်ခဲ့သော (၃) က ဖယ်ရှားခံလိုက်ရသော မစ္စတာသက်ဆင်အစိုးရအဖွဲ့ကို ထောက်ခံသူများသည် နှစ်သစ်ကူးညဦးပိုင်းအချိန်တွင် ဘန်ကောက်၌ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှု၏ လက်သည်တရားခံများဖြစ်သည်ဟု ကြားဖြတ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ဆူရာယွတ်ချူလာနေ့က ပြောသည်။

ဒီဇင်ဘာလ (၃၁) ရက်နေ့ညက ဘန်ကောက်မြို့နှင့် ချင်းမိုင်မြို့များတွင် ကျင်းပရန်စီစဉ်နေသော နှစ်သစ်ကူးပွဲတော်ကျင်းပရေး အစီအစဉ်အားလုံးကို ဖျက်သိမ်းပစ်ခဲ့သော ဘန်ကောက်မြို့အနှံ့ အသေးစားဗုံး (၉) လုံးပေါက်ကွဲအပြီး နောက်တနေ့တွင် ချင်းမိုင်မြို့ရှိ မွတ်စလင်ဗလီတခုတွင်လည်း ဗုံး (၂) လုံးပေါက်ကွဲခဲ့သည်။ အာဏာပိုင်ကပြောသည်။

အခြားထိုင်းအစိုးရအရာရှိများကလည်း ယခုဗုံးပေါက်ကွဲမှုသည် လွန်ခဲ့သော (၂) နှစ်အတွင်း လူ့အသက်ပေါင်း (၁,၉၀၀) ကျော်သေဆုံးခဲ့ရသော ထိုင်းတောင်ပိုင်းက အကြမ်းဖက်မှုများနှင့် ဆက်စပ်ခြင်းမရှိဟု ယူဆနေကြသည်။

စက်တင်ဘာလ (၁၉) ရက်နေ့က သွေးထွက်သံယိုမှုမရှိသော စစ်အာဏာသိမ်းမှုနှင့် ရာထူးမှဖြုတ်ချခံရပြီး ယခုအခါပြည်ပတွင် ခိုလှုံနေသော ဝန်ကြီးချုပ်ဟောင်း မစ္စတာသက်ဆင်နှင့် သူ့ကိုထောက်ခံသူများက ဗုံးပေါက်မှုသည် မိမိတို့နှင့် လုံးဝမသက်ဆိုင်ကြောင်းငြင်းဆိုသည်။

နှစ်သစ်ကူးဗုံးပေါက်မှု၏ နောက်ဆက်တွဲ ဗုံးပေါက်မှုများရှိလာနိုင်သဖြင့် ဩစတြေးလျ၊ ဗြိတိန်၊ ကနေဒါ၊ နယူးဇီလန်နှင့် အမေရိကန်နိုင်ငံအစိုးရများက ထိုင်းနိုင်ငံရောက် မိမိတို့နိုင်ငံသားများကို အိမ်အပြင်မထွက်ကြရန် သတိပေးထားသည်။



ဗုံးပေါက်ကွဲမှုအတွင်းက ထိခိုက်ဒဏ်ရာရခဲ့သူ ထိုင်းပြည်သူတဦး

များက မြို့ကြီးနှစ်မြို့တွင်ဖြစ်ပွားသော ဗုံးပေါက်မှုများကြားတွင် ဆက်နွယ်မှုမရှိဟု ဆိုသည်။

ဘန်ကောက်ဗုံးပေါက်ကွဲမှုတွင် လူ (၃) ဦးသေဆုံးပြီး (၃၀) ထက်မနည်း ဒဏ်ရာရရှိကာ၊ ချင်းမိုင်ဗုံးပေါက်ကွဲမှုတွင် ဗလီအတွင်းသန့်ရှင်းရေးလုပ်နေသော မြန်မာလူမျိုးအလုပ်သမားတဦး ဒဏ်ရာရခဲ့သည်။

"ကျနော်တို့ရရှိထားတဲ့ အချက်အလက်တွေအရဆိုရင် ဒီဗုံးပေါက်ကွဲမှုတွေမှာ ထိုင်းတောင်ပိုင်းက သူပုန်တွေရဲ့လက်ချက်ဖြစ်နိုင်ခြေအင်မတန်နည်းတယ်။ ဗုံးဖောက်တဲ့သူတွေဟာ မကောင်းတဲ့နိုင်ငံရေးရည်ရွယ်ချက်ရှိသူတွေပဲဖြစ်တယ်"ဟု ဆူရာယွတ်

ထိုင်းခရီးသွားလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဆူဗစ်ယွတ်မာနီက ဗုံးပေါက်ကွဲမှုကြောင့် ဆူနာမီနောက်ပိုင်း ခြောက်ကပ်ကပ်ဖြစ်ရာမှ ပြန်လည်အသက်ဝင်စပြုနေသော ထိုင်းနိုင်ငံ၏ ခရီးသွားလုပ်ငန်းတွင် အကြီးအကျယ် ထိခိုက်နိုင်သည်ဟုပြောသည်။

အာဏာပိုင်များသည် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက်တွင် ဘန်ကောက်နှင့်ချင်းမိုင်မြို့ လယ်ခေါင်ရှိ အထင်ကရနေရာများတွင် လုံခြုံရေးများ တင်းတင်းကြပ်ကြပ်ချထားလိုက်သည်။ ❖

## ဒီဇင်ဘာလအတွင်းအီရတ်၌ အမေရိကန်စစ်သည် (၉၈) ဦးကျဆုံး

သက္ကရာဇ် ၂၀၀၆ ခုနှစ် ဒီဇင်ဘာလတွင် အီရတ်၌ကျဆုံးသော အမေရိကန်စစ်သည် စုစုပေါင်း (၉၈) ဦးရှိသဖြင့် ယင်းနှစ်အတွင်း ဒုတိယအများဆုံးလအဖြစ် သတ်မှတ်ခံရသည်။ ပြီးခဲ့သည့်အောက်တိုဘာလတွင် အမေရိကန်စစ်သည် (၁၀၅) ဦးကျဆုံးခဲ့သဖြင့် အကျဆုံးအများဆုံးလဖြစ်သည်။

အမေရိကန်တပ်ဖွဲ့များ၏ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ် lvilion caloewel က အခုအချိန်ဟာ ညွန့်ပေါင်းတပ်ဖွဲ့များအတွက် အခက်အခဲနဲ့ရင်ဆိုင်နေရချိန်ပါပဲဟု ထုတ်ဖော်ပြောကြားခဲ့သည်။ ဒီဇင်ဘာလ (၂၈) ရက်နေ့က ဗုံးပေါက်ကွဲမှု (၃) ကြိမ်ဖြစ်ပွားရာ အီရတ် (၂) ဦးသေဆုံးပြီး အမေရိကန်စစ်သားသုံးဦးကျဆုံးခဲ့ရသည်။ ❖

## အီသီယိုပီးယားတိုက်လေယာဉ်များက ဆိုမာလီယားလေဆိပ်နှစ်ခုအား ဗုံးကျဲတိုက်ခိုက်



အီသီယိုပီးယားဝန်ကြီးချုပ် Meles zenawi

အီသီယိုပီးယား ဂျက်တိုက်လေယာဉ်များက မိုဂါဒစ်ဝူး နိုင်ငံတကာလေဆိပ်အပါအဝင် ဆိုမာလီယား၏ အဓိကလေဆိပ် (၂) ခုအား ဒီဇင်ဘာလ (၂၅) ရက်နေ့က ဗုံးကျဲတိုက်ခိုက်ခဲ့သည်။ အခြားတိုက်ခိုက်ခံရသည့်လေဆိပ်များမှာ မြို့တော်၏အပြင်ဘက် ကီလို (၁၀၀) အကွာရှိ ဘလီဒွေါဂယ်လေဆိပ်ဖြစ်သည်။

အရပ်သားပစ်မှတ်များကို ရှောင်ကွင်းပြီး တိုက်ခိုက်ခဲ့ခြင်းသာဖြစ်ကြောင်း အစ္စလန်မစ်တရားရုံး အာဏာသိမ်းအဖွဲ့အား စစ်ရေးအကူအညီများ မထောက်ပံ့နိုင်ရန်အတွက်သာ ရည်ရွယ်၍ ဗုံးကျဲခြင်းဖြစ်ကြောင်း အီသီယိုပီးယားဝန်ကြီးချုပ် Meles zenawi ၏ အကြံပေးပုဂ္ဂိုလ် Bereket Simon က ထုတ်ဖော်ပြောကြားခဲ့သည်။

အီသီယိုပီးယားဝန်ကြီးချုပ်က (၂၄) ရက်နေ့တွင် သူ၏တိုင်းပြည်သည် ဆိုမာလီယား၏ အစ္စလန်မစ်တရားရုံးကောင်စီနှင့် စစ်ဆင်ရတော့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယင်းကောင်စီက အီသီယိုပီးယားအား မြင့်မြတ်သောစစ်ပွဲဆင်နွှဲမည်ဟု ကြေညာပြီးတွင် ဝန်ကြီးချုပ်က ယင်းကဲ့သို့ပြောကြားခဲ့ခြင်းဖြစ်သည်။

အစ္စလန်မစ်တရားရုံးခေါင်းဆောင်များက အီသီယိုပီယားအရှေ့ပိုင်းတွင် နေထိုင်ကြသူ ဆိုမာလီတိုင်းရင်းသားများ၊ မြောက်ပိုင်းကင်ညာနှင့် အက်ဂျီဗူတိုင်တွင်နေထိုင်ကြသူများအား ပိုမိုကျယ်ပြန့်သော ဆိုမာလီနိုင်ငံအတွင်း ဖြည့်သွင်းပေါင်းစပ်လိုကြောင်း ပြောကြားခဲ့သည်။

သို့ရာတွင် ဆိုမာလီအစိုးရသည် အိမ်နီးချင်းနိုင်ငံများ၏ စစ်ရေးနှင့်စွမ်းပကားအပေါ်တွင် အခြေပြုနေရသည်။ ခရစ်ယာန်အများစုရှိနေကြသော အီသီယိုပီးယားနိုင်ငံကလည်း အစ္စလန်နိုင်ငံဖြစ်သွားမည့်အရေးကို စိုးရိမ်လျက်ရှိသည်။

နှစ်နိုင်ငံနယ်စပ်တွင်လည်း အမြောက်ကြီးများဖြင့် အပြန်အလှန်ပစ်ခတ်လျက်ရှိပြီး ကျူးကျော်ဝင်ရောက်လာသော အစ္စလန်စစ်သွေးကြွများအား အီသီယိုပီးယားစစ်တပ်က ပြန်လည်တိုက်ထုတ်လျက်ရှိသည်ဟု သတင်းများအရ သိရှိရသည်။

❖

## ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ အရေးယူမှုအား အီရန်က လှောင်ပြောင်သရော် နျူးကလီးယားပိုင်ဆိုင်မှုကို ဆက်လက်ကြိုးပမ်းမည်



နျူးကလီးယားပိုင်ဆိုင်မှုကို ဆက်လက်ကြိုးပမ်းနေဦးမည့် အီရန်နိုင်ငံ၏ သမတ

အီရန်သမတ Mahomoud Ahmadinejad က ကုလသမဂ္ဂက အီရန်အပေါ် Sanction ချမှတ်ရန် ထောက်ခံနေမှုအပေါ် နောင်တရလိမ့်မည်ဟု လှောင်ပြောင်သရော်လိုက်ပြီး အနောက်နိုင်ငံများသည် အီရန်နှင့်မိတ်ဆွေဖြစ်ရေးအခွင့်အရေးကို လက်လွတ်ဆုံးရှုံးရပြီဖြစ်ပြီး အနောက်နိုင်ငံများသည် အီရန်နိုင်ငံအားဖျက်ဆီး၍မရနိုင်ဟု ပြောကြားကြောင်း အစိုးရသတင်းအေဂျင်စီမှ သတင်းများကို ကိုးကား၍ ဒီဇင်ဘာလ (၂၅) ရက်နေ့ထုတ်သတင်းများတွင် ဖော်ပြထားသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ အီရန်လွှတ်တော်အမတ် ၂၀၀ ကျော်က ထုတ်ပြန်သော ကြေညာချက်တွင် "အီရန်အစိုးရသည် အမြော်အမြင်ရှိစွာ နိုင်းချိန်တွေးဆလျှက် ငြိမ်းချမ်းရေးအတွက် နျူးကလီးယားနည်းပညာများနှင့်စပ်လျဉ်းသော အရေးပါမှုကို ဆက်လက်၍ ခွန်အားအပြည့်အဝဖြင့် ဖော်ဆောင်သွားသင့်သည်။ ယုတ္တိမရှိသော၊ အဓိပ္ပါယ်မရှိသော ဖိအားများလက်ခံရန်မသင့်"ဟု ဖော်ပြထားသည်။

အီရန်နျူးကလီးယားနှင့် ဒုံးပျံထုတ်လုပ်ရေးစီမံချက်အား အထောက်အကူပြုပံ့ပိုးစေနိုင်သော နည်းပညာနှင့် ရုပ်ဝတ္ထုပစ္စည်းများ ပေးပို့ခြင်းမှရပ်ဆိုင်းရန် ကုလသမဂ္ဂမှ ၎င်းအဖွဲ့ဝင်နိုင်ငံအားလုံးသို့ အမိန့်ထုတ်ပြန်ခဲ့သည်။ အလားတူပင် ယင်းကုလသမဂ္ဂ ဆုံးဖြတ်ချက်တွင် အီရန်၏ ယင်းစီမံချက်နှင့်ဆက်နွယ်နေသော ကုမ္ပဏီ (၁၀) ခုနှင့် နိုင်ငံ (၁၂) နိုင်ငံတို့ထံမှ အီရန်၏ ဓနဥစ္စာပစ္စည်းများ ပြန်လည်ထုတ်လုပ်ခွင့်ကိုပါ တားမြစ်ပိတ်ပင်ခဲ့သည်။

ဘုရှ်အစိုးရအနေဖြင့် ပိုမိုပြင်းထန်သော အရေးယူမှုအတွက် ကြိုးပမ်းသော်လည်း အီရန်နှင့် ဆက်ဆံရေးကောင်းမွန်သည့် ရုရှား၊ တရုတ်တို့က တုံ့ဆိုင်းနေခဲ့သည်ဟု သိရှိရသည်။ အီရန်သည် IAEA ၏တောင်းဆိုချက်ကို လိုက်နာမှုရှိမရှိနှင့် ယူရေနီယံစုဆောင်းမှုကို ရပ်တန့်ခြင်းရှိမရှိ၊ ရက်ပေါင်း (၆၀) အတွင်းတင်ပြလာမည့် IAEA အကြီးအကဲ၏ အစီရင်ခံစာအပေါ်မူတည်၍ အီရန်အပေါ် ချမှတ်ထားသော Sanction အား ပြန်လည်သုံးသပ်မည်ဖြစ်သည်ဟုဆိုသည်။ အထူးသဖြင့် IAEA က အီရန်သည် ၎င်း၏ လိုက်နာဆောင်ရွက်ရန်တာဝန်ဝတ္တရားအားလုံးကို လိုက်နာဆောင်ရွက်သည်ဟု IAEA ဘုတ်အဖွဲ့ကအတည်ပြုပါက Sanction သည် ပြီးဆုံးမည်ဖြစ်သည်။

အီရန်အား ၎င်း၏နျူးကလီးယား ပရိုဂရမ်ကို စွန့်လွှတ်ရန်ကြိုးပမ်းနေသည့် ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီ၊ ရုရှား၊ တရုတ်နှင့် အမေရိကန်တို့က အကယ်၍ အီရန်က ၎င်း၏ ယူရေနီယံစုဆောင်းနေမှုကို ရပ်ဆိုင်းမည်ဆိုပါက စီးပွားရေးစီမံချက်များနှင့် နိုင်ငံရေးမက်လုံးများ ပေးအပ်ရန် ကမ်းလှမ်းသော်လည်း အီရန်ကပယ်ချခဲ့သည်။ ❖

# လုံခြုံရေးကောင်စီဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုကိုကြီး၏ သဘောထားအမြင်



"ဒီကုလသမဂ္ဂလုံခြုံရေးကောင်စီအထိ ဖြစ်လာတယ်ဆိုတာက မြန်မာနိုင်ငံနဲ့ ပတ်သက်တဲ့အရေးကိစ္စဟာ နိုင်ငံတကာမိသားစုရဲ့ စိုးရိမ်ပူပန်မှုတွေ မြင့်လာတယ်ဆိုတာကို ပြသတဲ့သင်္ကေတပါပဲ။ အဲတော့ အခု ဒီလုံခြုံရေးကောင်စီမှာ ဆွေးနွေးနေကြတဲ့ ဆုံးဖြတ်ချက်မူကြမ်းဟာလည်း အရေးယူဖို့တွေ၊ ပြစ်ဒဏ်ခတ်ဖို့တွေ မပါပဲနဲ့ ကုလသမဂ္ဂ အထွေထွေညီလာခံကြီးကနေပြီးတော့ နှစ်စဉ်ဆုံးဖြတ်ချက်တွေချပြီးတော့ အကောင်အထည်ပေါ် မလာတဲ့နောက်ဆုံး ကုလသမဂ္ဂရဲ့ ပါဝင်ဆောင်ရွက်မှုအခန်းကဏ္ဍကို မြှင့် တင်ဖို့ကြိုးစားတဲ့ ကြိုးပမ်းမှုလို့ ကျနော်တို့ကယူဆတဲ့အတွက်ကြောင့် ကျနော်တို့ကိုယ်၌ကလည်း ထောက်ခံခဲ့တာဖြစ်ပါတယ်။ အဲတော့ ဒီဟာကိုလည်း နိုင်ငံကြီးတွေ အာလုံးက မိမိရဲ့ဂုဏ်သိက္ခာ၊ မိမိရဲ့နိုင်ငံတကာမှာ ပါဝင်နေရာယူနေရတဲ့ အခန်းကဏ္ဍအပေါ် မှာမူတည်ပြီးတော့ နိုင်ငံတနိုင်ငံရဲ့ လူ့အခွင့်အရေးချိုးဖောက်မှုကိစ္စတွေ၊ နိုင်ငံသားတွေရဲ့ အထွေထွေအကျပ်အတည်းကိစ္စတွေမှာ ပါဝင်ဆောင်ရွက်ဖို့ သူတို့ကိုယ်၌ကလည်း ပူးပေါင်းဆောင်ရွက်သင့်တယ်လို့ ကျနော်တိုက်တွန်းလိုပါတယ်။"

"ကုလသမဂ္ဂရဲ့လုံခြုံရေးကောင်စီမှာတင်သွင်းပြီးတော့ ဆုံးဖြတ်နိုင်ဖို့ကြိုးစားနေတာဟာ တကယ်တော့နည်းလမ်းပါ။ ပန်းတိုင်မဟုတ်ပါဘူး။ ကျနော်တို့ ပန်းတိုင်က ကျနော်တို့နိုင်ငံတွင်းမှာ ပြေလည်မှုရရှိဖို့၊ အမျိုးသားပြန်လည် သင့်မြတ်ရေးရရှိဖို့ဖြစ်ပါတယ်။ အဲတော့ သူတို့အနေနဲ့ ဆွေးနွေးခွင့်လည်းရှိပါတယ်။ တကယ်လို့ ဒီနည်းလမ်းကို မကြိုက်ဘူးဆိုရင် သူတို့မှာ လုံးလုံးလျားလျား တာဝန်ရှိသွားပါလိမ့်မယ်။ ဒီလုံခြုံရေးကောင်စီမှာ တင်ထားတဲ့နည်းလမ်းကိုတော့ မကြိုက်ဘူးဆိုရင် အခြား နည်းလမ်းတခုခုနဲ့ ကျနော်တို့ရှိနေတဲ့ အမျိုးသားရေးအကျပ်အတည်းကို ဖြေရှင်းဖို့အတွက်ကို သူတို့တာဝန်ယူရပါလိမ့်မယ်။ အဲသလိုမဟုတ်ဘဲနဲ့ ဒီနည်းလမ်းကို မကြိုက် ဘူး။ တခြားနည်းကိုလ်း သူတို့ကဦးဆောင်ပြီး တာဝန်ယူဖော်ဆောင်နိုင်ခြင်း မရှိဘူးဆိုရင် ဒါဟာ တာဝန်မဲ့တဲ့ကန့်ကွက်မှုပဲလို့ ကျနော်တို့သုံးသပ်ရမှာ ဖြစ်ပါတယ်။"

# တိုင်းရင်းသားလူမျိုးစုများ ဒီမိုကရေစီအဖွဲ့ချုပ်၏ ဥက္ကဋ္ဌ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် သဘာပတိအဖွဲ့ဝင် ဦးရွှေအုန်းမှ ဗိုလ်ချုပ်ကြီးသန်းရွှေနှင့် ဦးအောင်ရွှေထံ စာရေးသားပေးပို့



ဖျက်သိမ်းခံအဖွဲ့များဖြစ်သော ရှမ်းပြည်တိုင်းရင်းသားလူမျိုးစုများ ဒီမိုကရေစီအဖွဲ့ချုပ်၏ ဥက္ကဋ္ဌနှင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးစုများ ဒီမိုကရေစီအဖွဲ့ချုပ် သဘာပတိအဖွဲ့ဝင် ဦးရွှေအုန်းမှ ဇန်နဝါရီလ (၇) ရက်နေ့ နေ့စွဲဖြင့် နအဖဥက္ကဋ္ဌ ဗိုလ်သန်းရွှေနှင့် အဲန်အယ်လ်ဒီဥက္ကဋ္ဌ ဦးအောင်ရွှေတို့ထံ လုံခြုံရေးကောင်စီဆုံးဖြတ်ချက်များနှင့် စပ်လျဉ်း၍ စာမျက်နှာ (၅) မျက်နှာပါ အကြံပြုချက်တချို့ပေးပို့ခဲ့ကြောင်း သိရှိရသည်။

ယင်းအကြံပြုချက်တွင် အဲန်အယ်လ်ဒီပါတီသည် ပါတီဖျက်သိမ်းခံရမည်ကို စိုးရိမ်နေကြောင်း၊ ထို့ကြောင့် အလျှော့ပေးလမ်းစဉ်ကိုကျင့်သုံးခဲ့ကြောင်း၊ အဲန်အယ်လ်ဒီရှင်သန်ရေးသည် ပထမ၊ တိုင်းပြည်အရေးသည် ဒုတိယဟုဆိုရမလောက်ဖြစ်သည်ဟု ဝေဖန်ထားသည်။ ကျန်ခေါင်းဆောင်များအနေဖြင့် မိမိတို့အားကိုမသုံးဘဲ ဒေါ် အောင်ဆန်းစုကြည်ကိုသာ အလွန်အကျွံစောင့်မျှော်အားကိုနေမှု၊ ပြည်ပအားကိုသာ လိုသည်ထက်ပို၍ အားကိုးခဲ့မှု၊ လွယ်ကူသည့်အချိန်တွင် စ၍ မရှန်းကန်ခဲ့သောအကျိုးဆက်ဟု ဝေဖန်ထောက်ပြထားသည်။

ဦးရွှေအုန်းက ထပ်မံ၍ လုပ်သင့်သည်များကို အကြံပြုရာတွင် အဲန်အယ်လ်ဒီမှ တဦးတည်းဆုံးဖြတ်ချက်များမချမိ၊ ကျန်မဟာမိတ်ပါတီများနှင့် တိုင်ပင်စေလိုကြောင်း၊ ထို့အတွက် အတိုင်ပင်ခံကောင်စီတရပ်ကို သဘောထားတူညီမှုများနှင့် ဖွဲ့စည်းစေလိုကြောင်း၊ ယင်းအတိုင်ပင်ခံကောင်စီနှင့် ညှိနှိုင်းရန်၊ မူဝါဒလမ်းစဉ်၊ ရေတိုရေရှည်လုပ်ငန်းစဉ်များ၊ အချိန်ဇယားများ ချမှတ်သင့်ကြောင်း၊ ယင်းပေးစာတွင်ဖော်ပြထားသည်။

ယင်းစာအား ထင်ရှားသောနိုင်ငံရေးသမားကြီးဖြစ်သည့် သခင်သိန်းဖေ၊ ဦးပုကျင့်ရှင်းထန်၊ ဦးသုဝေ၊ ဦးဝင်းနိုင်၊ ဦးမင်းကိုနိုင် စသည့် ပုဂ္ဂိုလ်များအား မိတ္တူပေးပို့ထားသည်။


ပြည်သူများအားရှင်းပြလေ့မရှိသော ကျနော်တို့နိုင်ငံတွင် ပြည်သူတို့သည် ပိုလို့ပူပင်သောကရောက်ကြရပါတယ်။ အကောက်ခွန်ဌာနထက် ပို၍များပြားသော အခွန်အကောက်များကို စည်းကြပ်ကောက်ခံနေရတယ်။ ဝင်ငွေခွန်၊ ကုန်သွယ်စီးပွားခွန်များ၊ သစ်တော၊ လယ်ယာ၊ သားငါးအခွန်အကောက်များ၊ ရေလမ်း၊ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းထဲမှ အခွန်များအပြင် မြို့တော်ကြီးများနှင့် အခြားမြို့ပြများရှိ စည်ပင်သာယာဆိုင်ရာ အခွန်အကောက်၊ ရောင်းဝယ်ခွန် မှတ်ပုံတင်လိုင်စင်စသည့် အခွန်အကောက်လုပ်ငန်းများကို တာဝန်ခံဆောင်ရွက်နေပါတယ်။

သဘာပတိမိန့်ခွန်းကောက်နုတ်ချက်မှ

၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်။

# လက်တွေ့လုပ်ငန်းများအတွက် ပြင်ရမယ့်အချိန်ဖြစ်တယ်



ဗညြ

**နည်းလမ်းသစ်များရှာကြရမယ်။ အစွဲအလမ်းဟောင်းများစွန့်ကြရမယ်။ အတိုက်အခံအချင်းချင်း အာဃာတတွေပယ်ဖျောက်ရမယ်။ အခုအခါမှာ ကိုယ်မျက်နှာရဖို့အတွက် တခြားအတိုက်အခံအင်အားကို တိုက်ပြနေတာတောင်ရှိနေတယ်။**

နှစ်လကျော်ကြာ ကျင်းပကြပြီးနောက် ညောင်နှစ်ပင်ညီလာခံကို ရွှေ့ဆိုင်းလိုက်ပြန်ပြီ ....

ဗိုလ်သန်းရွှေတယောက် ပြည်ပမှာ နိုင်ငံတကာခေါင်းဆောင်တွေအကြား မျက်နှာမပြရဲတဲ့အခါတုန်းက ဒီညီလာခံမှာအရေးကြီးတဲ့ကိစ္စတွေရှိနေလို့ အကြောင်းပြပြီး ခေါင်းရှောင်တယ်။ အခုညီလာခံကိုရွှေ့တာကရော ဘယ်လိုအကြောင်းပြအုန်းမှာလဲ။

ဒါဟာ ကောင်းတဲ့အလားအလာတော့ မဟုတ်ဘူး။ နအဖအနေနဲ့ နိုင်ငံတကာကိုပါ မထီကြောင်းပြလိုက်တာဖြစ်တယ်။ နောက်ပြီး ပြည်တွင်းမှာ ဖိထောင်းမယ့်အလားအလာလည်းဖြစ်တယ်။

သူတို့ ဘယ်လိုမှထုတ်မပြောတဲ့အကြောင်းရင်းတွေ အများကြီးရှိတယ်။ ဒီအထဲမှာ ပြည်တွင်းမှာရှိတဲ့ ငြိမ်းအဖွဲ့တွေအပါ တခြားအင်အားစုတွေကို နှိမ်နင်းဖို့ပြင်ဆင်နေရတာ စိတ်ချရတဲ့အဆင့်မရောက်သေးလို့ဆိုတာနဲ့ သူတို့ချင်းတိုက်ပွဲတွေ မအေးငြိမ်းနိုင်သေးလို့ဆိုတဲ့ အချက်တွေပါဝင်တယ်။ စစ်အုပ်စုဟာ ပြည်ပကိုမျက်နှာပြောင်တိုက်ပြီဆိုရင် ပြည်တွင်းမှာပတ်ကြမ်းတိုက်တဲ့အလေ့ရှိတယ်ဆိုတာ မမေ့သင့်ဘူး။ သူတို့ချင်းတိုက်ပွဲတခုဖြစ်တဲ့ အကောက်ခွန်ဌာနကလူတွေကို ဖမ်းနေပုံကိုပဲကြည့်။ သူတို့ဟာ အကြမ်းကိုင်တဲ့နည်းကို မနှမြောတမ်း၊ အားမနာတမ်း ထုတ်သုံးပါလိမ့်မယ်။ ဒါဟာ သူတို့လက်အယဉ်ဆုံးနည်းဖြစ်တယ်ဆိုတာ အငြင်းပွားစရာမရှိ။ ကြံ့ဖွံ့လား၊ ရဲလား၊ စစ်တပ်လား၊ ဒါလောက်ပဲကွာလိမ့်မယ်။

သူတို့အခုကတည်းက ပြင်ဆင်နေတာတွေကို အထင်အရှားတွေ့နေရတယ်။ နိုင်ငံရေး၊ စစ်ရေး၊ အုပ်ချုပ်ရေး၊ အာဘော်ဖန်တီးရေး (မီဒီယာအပါ)၊ ပြည်ပဆက်ဆံရေး၊ ဘက်စုံမှာပြင်နေပြီ။ နိုင်ငံရေးအရ သူတို့ဘက်သား အင်အားသစ်တွေမွေးတာ လုပ်သလိုရှိနေတဲ့ အတိုက်အခံအင်အားတွေကို ဖြိုခွဲနေတယ်။ မြန်မာ့အလင်းသတင်းစာမှာ ပေါက်စဆိုတဲ့ကလောင်နာမည်နဲ့ လက်ရှိဒီချုပ်တွေကို အဲန်အယ်လ်ဒီလက်ကျန်တွေလို့ရေးသလို ပြည်ပကိုလည်း ဒီသဘောမျိုးပဲပြောနေတယ်။ ဒေါ်အောင်ဆန်းစုကြည်ရော၊ ဒီချုပ်ပါပြည်တွင်းမှာ ထောက်ခံတဲ့လူမရှိတော့ဘူးလို့ပြောနေတယ်။ ဒါတွေရဲ့တဘက်မှာတော့ ဒီချုပ်ကနုတ်ထွက်သူတွေကို စင်ထိုးပေးနေတယ်။ မန္တလေးက အဲန်အယ်လ်ဒီ (ဝံသာနု)၊ ရန်ကုန်က အေးလွင်ရဲ့ ရှစ်လေးလုံးမျိုးဆက်ဟောင်းဆိုတာတွေဟာ စစ်အုပ်စုကတမင် ပွဲထုတ်ပေးနေတာတွေပဲ။ တချိန်တည်းမှာ မင်းကိုနိုင်တို့တတွေကို ကြိုးရှည်ရှည်လှန်ထားရာက ကသောကမျော ပြန်ရုပ်သိမ်းလိုက်တယ်။ ရွှေတိဂုံဘုရားပေါ်ကနေ မောင်းချနေတယ်။ ဒါ့အပြင် ရဲရဲပြတ်ပြတ် ပြန်ဖမ်းဆီးပြနေတယ်။ ခုကာလမှာ ချော့တာမတွေ့ရ။ ခြောက်တာချည်းလို့ပြောလို့ရတယ်။

စစ်ရေးဘက်မှာတော့ ငြိမ်းအဖွဲ့တွေကို လက်နက်စွန့်ရတော့မယ်လို့ ဖြောင်နီးပါးပြောပြီးဖြစ်နေသလို သူတို့မြင်သာအောင် စစ်အင်အားတွေလည်း တမင်ပြသနေတယ်။ ကေအိုင်အိုဌာနချုပ်နားမှာ စစ်ရေးလေ့ကျင့်တာဟာ အရက်ကိုမူးအောင်သောက်ပြီး "ဘယ်ကောင်ချရဲသလဲ၊ ထွက်ခဲ့" လို့ အရပ်ထဲမှာ လှည့်ကြိမ်းနေတာမျိုးဖြစ်တယ်။ တဆက်တည်းမှာ အမြီးရှိသူတိုင်း ရိပ်မိကြလို့လည်း မျက်စောင်းထိုးပြနေတယ်။ ဒီလိုအချိန်မှာ ငြိမ်းအဖွဲ့ခေါင်းဆောင်တွေရဲ့လှုပ်ရှားမှုတွေကို ပိုသိနိုင်အောင် အဲဒီဒေသတွေထဲကို ထောက်လှမ်းရေးတွေ ပိုလွှတ်နေတယ်။

မီဒီယာနယ်ပယ်မှာကြည့်လိုက်ရင် မင်းလွင်ရဲ့အရှေ့ရှာဂျာနယ်နဲ့ မြတ်ခိုင်ရဲ့လျှပ်တပြက်ဂျာနယ်တို့လိုဟာတွေအပြင် ဝက်ဘ်ဆိုက်တွေမှာလည်း ခံစစ်ကနေ ထိုးစစ်ပြန်ရအောင်ကြိုးစားနေတာတွေ တွေ့ရတယ်။ တချို့ဟာဆိုရင် သူတို့ရဲ့ ရေရှည်မြှုပ်ထားတဲ့အင်အားတွေကို အဆုံးရှုံးခံပြီး ဖြောင်ထွက်လာလေတာလားလို့တောင် စဥ်းစားစရာရှိနေတယ်။ ဒီတလော ဖန်တီးထုတ်လိုက်တဲ့ စဥ့်ကူးစိုးဝင်းတို့လို နအဖမွေးစားသား ကလောင်သစ်တွေကလည်း အိုင်စီအာစီကိုပြန်ချေပတဲ့အနေနဲ့ ထောင်တွင်းဘဝဟာ နတ်ဘုံနတ်နန်းတမျှ သာယာကောင်းမွန်ကြောင်းတွေ လျှာအရိုးမရှိ ရေးနေတယ်။ သူတို့ရဲ့ ဒီလိုမီဒီယာဖန်တီးချက်တွေရဲ့ ထောင်ချောက်ထဲကို "ဘက်မလိုက်မီဒီယာ"သမားတချို့က "မျှမျှတတ"ဖော်ပြနေလို့ စာဖတ်သူတွေက ဒေါပွနေကြတယ်။

ဒါတွေကပြနေတဲ့နောက် အဓိပ္ပာယ်တခုကတော့ နအဖဟာ ပြည်ပကိုရင်ဆိုင်ဖို့လည်း ပြင်ဆင်နေတယ်ဆိုတာပဲ။ အိန္ဒိယကို ဗိုလ်ချုပ်တွေ ချောင်းပေါက်အောင်သွားနေတာကို သတိပြုသင့်တယ်။ ဒီနေ့အခါမှာ အိန္ဒိယကို တံခါးပေါက်ရင် ဘယ်အထိဆက်လျှောက်လို့ရတယ်ဆိုတာ နိုင်ငံရေးနည်းနည်းနားလည်သူတိုင်းသိတယ်။ နိုင်ငံတကာရေးရာတွေဟာ မပြောင်းမလဲ တည်ငြိမ်နေမယ်ဆိုတဲ့ စဥ်းစားမှုမျိုးမထားသင့်တော့ဘူး။ ပြည်ပနိုင်ငံတခုဟာ ကိုယ့်တိုင်းပြည် နိုင်ငံရေးလုပ်ဖို့အတွက် အမြဲပဲ ကိုယ့်အတွက်မှီခိုအားထားနိုင်တဲ့ နိုင်ငံတခုဖြစ်နေမယ်လို့တွက်နေရင် မိုက်မဲရာပဲကျမယ်။ ကိုယ့်တိုင်းပြည်အရေးလုပ်ချင်ရင် ကိုယ့်ပြည်သူမှတပါး တခြားအားကိုးစရာမရှိဘူး။

ဒီလိုအချိန်မှာ ကိုယ့်ဘက်က ဘာလုပ်မှာလဲ။ ကတုတ်ကျင်းကို ပိုနက်အောင်တူး၊ ဘန်ကာကို ခိုင်မာအောင်ထပ်လုပ်နေရုံနဲ့ ပြီးတော့မှာလား။ ကုလသမဂ္ဂ၊ အိုင်စီအာရ်စီ စတာတွေကမြင်အောင်လို့ အက်စ်အိုအက်စ် (SOS) သတင်းတွေ ထိုင်ထုတ်လွှတ်နေတာနဲ့ချည်း ပြီးတော့မှာလား။ အဲဒီလိုထုတ်လွှင့်နေခဲ့ကြတာ (၁၈) နှစ်ပဲရှိခဲ့ပြီပဲ။ သူတို့မမြင်တာ၊ မသိတာမဟုတ်ဘူး။ သူတို့မြင်တယ်။ သိတယ်။ "နိုင်ငံတွေမှာ ကိုယ့်နိုင်ငံ၊ ကိုယ့်အစိုးရရဲ့ အကျိုးစီးပွားအထက်မှာ တခြား ဘာအကျိုးစီးပွားမှမရှိဘူး"ဆိုတဲ့တရားကို ကိုယ်ကကောသိရဲ့လား။ ဒီလိုနဲ့ပဲ "မျှော်တော်ယောင်"၊ "လာလုလုငေး" သံသရာထဲက ထွက်နိုင်တော့မှာမဟုတ်ဘူး။ ၈၈ မျိုးဆက်ထဲက ခေါင်းဆောင်တွေကတော့ ထောင်အကျခံပြီး ထွက်လှုပ်ရှားနေကြပြီ။ အသံလွှင့်ဌာနတွေကနေ အထဲကလူထုကို မေးလိုက်တယ်ဆိုတိုင်း ပြန်ပြောနေတဲ့လူထုတွေရဲ့ အသံကိုနားလည် ကြည့်စမ်းပါ။ သူတို့အသံတွေကိုကြားတိုင်း ကိုယ့်တာဝန်မကျေတာအတွက် ကိုယ့်ကိုယ်ကို ဒေါသဖြစ်ရတယ်။

နည်းလမ်းသစ်များရှာကြရမယ်။ အစွဲအလမ်းဟောင်းများစွန့်ကြရမယ်။ အတိုက်အခံအချင်းချင်း အာဃာတတွေ ပယ်ဖျောက်ရမယ်။ အခုအခါမှာ ကိုယ်မျက်နှာရဖို့အတွက် တခြားအတိုက်အခံအင်အားကို တိုက်ပြနေတာတောင်ရှိနေတယ်။ တချို့ကတော့ ဘေးထိုင်ဘုပြောတောင် လုပ်နေတယ်။ ကိုယ့်အတွက် ဘဝလုံခြုံမှုလေးရှိသွားပြီဆိုပြီး နိုင်ငံရေးလုပ်နေသူတွေကို သရော်နေတာလည်းတွေ့ရတယ်။ စစ်အစိုးရကို စာနာပြနေတာတွေတောင် တွေ့ရတယ်။

နောက်တမျိုးက တတိယလိုင်း။ တတိယလိုင်း တတိယအစုတွေ ပေါ်ထွက်ဖို့ပြင်နေတာများလည်း တွေ့ရတယ်။ ပြည်သူတွေက နအဖစစ်အုပ်စုလိုဟာမျိုးနဲ့ ရှင်းရှင်းပြတ်ပြတ်ကြီး ရင်ဆိုင်နေကြချိန်မှာ ကိုယ့်ကိုယ်ကို ပုဏ္ဏားတိုင်လုပ်နိုင်မယ်လို့ တွက်နေသူများလောက် မိုက်မဲတဲ့လူရှိမယ် မထင်ဘူး။ မဆလတက်လာတုန်းကလည်း ပူးသတ်မယ်ပြောလို့တမျိုး၊ လောလောဆယ် သူတို့အထဲအောက်ကြို့ဝင်ပြီး နောင်မှာ သူတို့ရဲ့ဆိုရှယ်လစ်လမ်းစဥ်ကို တဖြည်းဖြည်း ပိုပြီးတည့်မှန်အောင်လုပ်ပေးမယ်လို့ဆိုပြီးတဖုံ၊ ပါတီဝင်သွားကြတဲ့ ပထစ၊ ဖဆပလနဲ့ ပမညတကလူတွေ၊ နောက်ဆုံးဘာဖြစ်သွားသလဲ ပြန်လေ့လာကြည့်ပါ။ မဝေးလှတဲ့သမိုင်းမို့ အထောက်အထားမရှားပါဘူး။ လူတွေဟာ အခက်အခဲကြီးလာလေ ကိုယ့်အရောင် အသွေးကို ဖော်ပြလေဖြစ်တယ်ဆိုတာ ရှင်းနေတယ်။

ဒီနေ့အခြေအနေမှာ အတိုက်အခံအင်အားစုတွေမှာ တပ်ပေါင်းစုတခုရှိဖို့ လိုနေတယ်ဆိုတာကို လူတိုင်းလိုလိုပြောကြတယ်။ ပြည်တွင်းရော ပြည်ပပဲ။ ပြည်ပမှာဖွဲ့တာတွေတော့ မကြာခဏဆိုသလိုကြားရတယ်။ ဒါပေမဲ့ထိထိရောက်ရောက် စွမ်းစွမ်းတမံ မလုပ်နိုင်တာကိုလည်း အထင်အရှားတွေ့နေရတယ်။ ဒီလိုဖြစ်ရတာရဲ့ အဓိကအကြောင်းရင်းဟာ ပြည်တွင်းကအင်အားစုတွေ မပါလို့ပဲ။ ဒီနေ့ ဗမာပြည်ရဲ့အသွင်အပြင်ကို ပြောင်းလဲစေနိုင်တာဟာ ပြည်တွင်းအကြောင်းရင်းပဲဖြစ်တယ်။ ပြည်တွင်းလုပ်ငန်းကို ဦးစားပေး အဓိကထားလုပ်ကြရမယ်ဆိုတာ အများစုကြီးက သဘောပေါက်ပြောဆိုနေကြပြီ (အရင်က ဒီအသံမျိုး သိပ်မကြားဖူးတာအမှန်ပဲ)။ အဲတော့ ဒီတပ်ပေါင်းစုဆိုတာလည်း ပြည်တွင်းလုပ်ငန်းကို အဓိကအခြေခံတဲ့၊ ပြည်တွင်းအင်အားစုတွေက အဓိကအခန်းမှာပါဝင်တဲ့ တပ်ပေါင်းစုမျိုး ဖြစ်ရမယ်။

ဒါဆိုရင်ရှင်းတယ်။ ဒီတပ်ပေါင်းစုဟာ လျှို့ဝှက်တပ်ပေါင်းစုဖြစ်ရမယ်။ မြေအောက်သဏ္ဌာန်နဲ့ဖွဲ့စည်းထားတဲ့၊ မြေအောက်စည်းကမ်းအတိုင်း အပြည့်အဝလိုက်နာကျင့်သုံးတဲ့ တပ်ပေါင်းစုမျိုးပဲဖြစ်ရမယ်။

ဖက်ဆစ်ဂျပန်ကို တော်လှန်ဖို့အတွက် ဖွဲ့စည်းခဲ့တဲ့တပ်ပေါင်းစုဟာ မြေအောက်တပ်ပေါင်းစုပဲ။ ဖတပလပဲ။ အဓိကအားဖြင့် လက်ဝဲသမားတွေကဦးဆောင်ပြီး အင်မတန်ကျစ်ကျစ်လစ်လစ်ဖွဲ့စည်းခဲ့၊ လှုပ်ရှားခဲ့ကြတာဖြစ်တယ်။ တော်လှန်ရေးပြီးမှ ဖဆပလ ရယ်လို့ မြေပေါ်အဖွဲ့အစည်းအဖြစ် ပြောင်းခဲ့ကြတာ။

ကောင်းပြီ။ မြေအောက်လုပ်မယ်ဆိုရင် ဖွဲ့စည်းတည်ဆောက်မှုတွေလည်း မြေအောက်နဲ့ကိုက်ညီအောင်လုပ်ရမယ်။ ဒါဟာပြည်တွင်းရော ပြည်ပကိုပါဆိုလိုတာ။ မြေအောက်လုပ်ငန်းကို အဖွဲ့အစည်းတိုင်းလုပ်ကြရင်လည်း လိုင်းပူးမှာ၊ ရှုပ်မှာတွေစိုးရတယ်။ အရင်တုန်းက ဗကပတခုတည်းလုပ်နေတုန်းကတောင်ကပဲ လိုင်းပူးပြီး ကျဆုံးတာတွေရှိခဲ့တယ်။ မြေအောက်လုပ်ငန်းဆိုတာ လောလို့ရတာလည်းမဟုတ်ဘူး။ ခုရေတွင်းတူး၊ ခုရေကြည်သောက်လုပ်လို့မရဘူး။ တချို့က ဒီလိုလုပ်ချင်နေကြတယ်။ 'လုပ်မယ်'ဆိုတဲ့လူကိုတွေ့ရင် တာဝန်ပေးလိုက်တော့တာပဲ။

တကယ်က မြေအောက်လုပ်တယ်ဆိုတာ စစ်တိုက်တာလိုပဲ။ ကိုယ့်ကိုယ်ကို သေလူလို့သဘောထားလုပ်ရတာ။ အာဏာရနေတဲ့သူကို ကိုယ်က စာပွဲဝိုင်းပေါ်ရောက်အောင် တွန်းပို့နေတာမှန်ပေမဲ့ သူက ကိုယ့်ကို တကယ့်ကျည်ဆံနဲ့ပစ်နေတာဆိုတာ မေ့လို့မဖြစ်ဘူး။ သေမှာကြောက်ရင် မြေအောက်မလုပ်တာကောင်းတယ်။ ဆိုလိုတာ အဓိကကျောရိုးကေဒါတွေ။ သာမာန်ကတော့ ဘယ်သူ့ကိုမဆို စည်းရုံးရမှာပဲ။

လုပ်ရမှာကိုသိရင် လုပ်ရဲသလား၊ လုပ်နိုင်သလားဆိုတဲ့ ပြဿနာကိုဖြေရှင်းဖို့ပဲ။

ရှေ့မှာလှိုင်းလုံးကြီးတွေ လာနေတယ်။ တက်စီးမလား၊ သူတို့ရဲ့ဖုံးအုပ်၊ နှစ်မြှုပ်တာခံမလား .... ....။

ဗညြ

BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ
မှထုတ်ဝေဖြန့်ချိသည်။

**အယ်ဒီတာချုပ်**
ဇီဝဇိုး

**တာဝန်ခံအယ်ဒီတာ**
နေသွင်

**သတင်းအယ်ဒီတာ**
စောမင်းထိုက်ကျော်၊ ကျော်ဦးညို၊
ဘုန်းမြင့်၊ ခွာညီ

**စာမျက်နှာဖွဲ့စည်းမှု**
မိုးဦးဝတ်ရည်၊ အောင်ထက်

**မိုးကြိုးသတင်းစဥ်သို့**
စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်သည်။

P.O.Box (91)
Mae Sod, 63110
Tak , Thailand.
www.binamojo.org
binamojo@cscoms.com

ပြည်တွင်းလှုပ်ရှားမှု ဓာတ်ပုံများကို
အသုံးပြုခွင့်ပေးခဲ့သော
နိုင်ငံရေးအံတုမှုကော်မတီ
နှင့်
နိုင်ငံရေးအကျဉ်းသားများ
ကူညီစောင့်ရှောက်ရေးအသင်း
(မြန်မာနိုင်ငံ)
တို့အား
မိုးကြိုးသတင်းစဥ်မှ
အထူးကျေးဇူးတင်ရှိပါသည်။

အယ်ဒီတာအဖွဲ့

## ၈၈ မျိုးဆက်ကျောင်းသားများမှ ပြည်သူလူထုထံသို့ အကြံပြုတိုက်တွန်း ပန်ကြားစာ

ယနေ့ ကျွန်ုပ်တို့ တိုင်းပြည်တွင် နိုင်ငံသူ၊ နိုင်ငံသားအများစုတို့၏ လူနေမှုဘဝများမှာ များစွာ နိမ့်ပါးကျဆင်းလျက် ရှိနေပေသည်။

လူတဦးချင်း၊ တမိသားစုချင်း၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် အကြောင်းအချက်ပေါင်းစုံတွင် အကျပ်အတည်းများ၊ ဆင်းရဲဒုက္ခများကို နေ့စဉ်နှင့်အမျှ တွေ့ကြုံခံစားနေကြရပါသည်။

ထိုအခြေအနေဆိုးများကို ဖြေရှင်းပေးရန်နှင့် လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ပေးရန် အဓိကတာဝန်ရှိသူမှာ ယနေ့ တိုင်းပြည်ကို အုပ်ချုပ်လျက်ရှိသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသာဖြစ်သည်။

အလားတူပင် တွေ့ကြုံခံစားနေကြရသော အကျပ်အတည်း ဆင်းရဲဒုက္ခများကို ဖြေရှင်းပေးရန်အတွက် ထုတ်ဖော်ဖွင့်ဟပြောဆိုရန်မှာလည်း ကာယကံရှင် ပြည်သူလူထုကိုယ်တိုင်နှင့် လူထုအကျိုးလိုလားသောအင်အားစုများတွင် တာဝန်ရှိပေသည်။

တိုင်းပြည်၏ အခြေအနေဆိုးများကို နိစ္စဓူဝ ခါးသီးစွာ ရင်ဆိုင်နေကြရသည့် ကာယကံရှင်ပြည်သူလူထုမှ ဤကဲ့သို့ ကိုယ်တိုင်ကိုယ်ကျ ဖွင့်ဟပြောဆိုခြင်းသည် မည်သည့်တည်ဆဲဥပဒေကိုမျှ ချိုးဖောက်ခြင်းလည်းမဟုတ်။ မည်သည့်ပြစ်မှုကိုမျှ ကျူးလွန်ခြင်းလည်းမဟုတ်သည့်အတွက် မည်သို့သော ဖိနှိပ်အရေးယူမှု၊ တားဆီးပိတ်ပင်မှုမျိုးကိုမျှ လုပ်နိုင်ခွင့်မရှိပါ။ စင်စစ် ဤသည်မှာ နိုင်ငံသူ၊ နိုင်ငံသားတိုင်း၏ တရားဝင်ရပိုင်ခွင့်သာဖြစ်သည်။

ထို့ကြောင့် နိုင်ငံသူ၊ နိုင်ငံသား လူထုလူတန်းစားအသီးသီးတို့အနေဖြင့် မိမိတို့ နေ့စဉ်ရင်ဆိုင်ကြုံတွေ့နေကြရသော အခက်အခဲ၊ အကျပ်အတည်းများ ( ဥပမာ– အခြခံစားကုန်များ ကုန်ဈေးနှုန်း အဆက်မပြတ် မြင့်တက်နေခြင်း၊ ဝင်ငွေနှင့်ထွက်ငွေ မမျှတခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုစားရိတ်ကြီးမြင့်ခြင်း၊ ပညာရေးစနစ် ချို့တဲ့ အားနည်းနေခြင်း၊ တပ်မတော်သား၊ ပြည်သူ့ရဲနှင့် ဝန်ထမ်းများ၊ ပင်စင်စားများမှာ ရရှိသောလစာနှင့် မိသားစုစားဝတ်နေရေး အသုံးစားရိတ် မလောက်ငှခြင်း၊ လျှပ်စစ်မီးလုံလောက်စွာမရခြင်း၊ ယင်းအကျိုးဆက်အနေဖြင့် သုံးရေ၊ သောက်ရေ ပြတ်တောက်ခြင်း၊ CNG သုံး သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှု ချို့ယွင်းကျဆင်းလာခြင်း၊ အိမ်တွင်းစက်မှုလုပ်ငန်းများ အဆင်မပြေဖြစ်ခြင်း၊ စသည့်အကြောင်းအချက်တို့) ကို ကိုယ်တိုင်ကိုယ်ကျ ရေးသားတင်ပြဖွင့်ဟကြပါရန် ကျွန်ုပ်တို့ ၈၈ မျိုးဆက်ကျောင်းသားများမှ လေးနက်စွာ အကြံပြုတိုက်တွန်း ပန်ကြားအပ်ပါသည်။

**သင်တို့၏ အခွင့်အရေးကို သင်တို့ကိုယ်တိုင် ရယူပိုင်ခွင့်ရှိသည်။**
**သင်တို့၏ ညည်းတွားအော်ဟစ်သံအား ကမ္ဘာမြေကြီး မကြားသမျှ ဤဒုက္ခ**
**ဆင်းရဲအပေါင်းမှ သင်တို့ လွတ်မြောက်ခွင့် ရကြမည်မဟုတ်။**
**မှန်ရာကိုဆိုရန် အချိန်ကျချေပြီ။ မှန်ရာကို ရဲရဲ ဖွင့်ဆိုကြလော့ ...**

၈၈ မျိုးဆက်ကျောင်းသားများ

# ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ မြန်မာအရေးမဲခွဲဆုံးဖြတ်ချက် တရုတ်နှင့် ရုရှားတို့က ဗီတိုအာဏာသုံးပယ်ချ

ဇန်နဝါရီ (၁၃)၊ အေပီ၊ ယူအဲန်

နိုင်ငံရေးအကျဉ်းသားများအားလုံး ပြန်လွှတ်ပေးရန်၊ ဒီမိုကရေစီအရေးလုပ်ငန်းများ အရှိန်မြှင့်လုပ်ဆောင်ရန်နှင့် တိုင်းရင်းသားလူနည်းစုများကို နအဖ၏ထိုးစစ်ဆင်မှုများရပ်တန့်ပေးရန် တောင်းဆိုထားသော လုံခြုံရေးကောင်စီသို့အဆိုပြုချက်ကို တရုတ်နှင့်ရုရှနှစ်နိုင်ငံက ဗီတိုအာဏာဖြင့် ယနေ့ ပယ်ချလိုက်သည်။

| မဲအခြေအနေ | |
|---|---|
| ထောက်ခံမဲ | ကန့်ကွက်မဲ |
| (၁) ဘယ်လဂျီယံ | (၁၀) တရုတ် |
| (၂) ပြင်သစ် | (၁၁) ရုရှ |
| (၃) ဂါနာ | (၁၂) တောင်အာဖရိက |
| (၄) အီတလီ | |
| (၅) ပနာမား | ကြားနေမဲ |
| (၆) ပီရူး | (၁၃) အင်ဒိုနီးရှား |
| (၇) ဆလိုဗီးယား | (၁၄) ကာတာ |
| (၈) ယူနိုက်တက်ကင်းဒမ်း | (၁၅) ကွန်ဂို |
| (၉) အမေရိကန်ပြည်ထောင်စု | |



မြန်မာ့အရေးလုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်ချရေးတွင် အဖွဲ့ဝင် (၁၅) နိုင်ငံအနက် (၉) နိုင်ငံ၏ ထောက်ခံမဲရရှိသဖြင့် အရေးအတွက်အားဖြင့် အောင်ပွဲခံရမည်ဖြစ်သော်လည်း ကန်ကွက်သည့်နိုင်ငံများတွင် ဗီတိုအာဏာပိုင် (၂) နိုင်ငံပါဝင်ခဲ့သဖြင့် လုံခြုံရေးကောင်စီ၏လုပ်ထုံးလုပ်နည်းအရ အရေးနိမ့်သွားရသည်။

ကန့်ကွက်သည့်နိုင်ငံများတွင် တရုတ်၊ ရုရှနှင့်အတူ တောင်အာဖရိကလည်းပါဝင်ပြီး အခြားလုံခြုံရေးကောင်စီအဖွဲ့ဝင် (၃) နိုင်ငံက မဲမပေးဘဲ ကြားနေခဲ့သည်။

ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး Alejandro Wolff က လုံခြုံရေးကောင်စီတွင် မြန်မာအရေးဆုံးဖြတ်ချက်ချရေး မအောင်မမြင်ဖြစ်ရသည့်အပေါ် စိတ်ပျက်မိသည်ဟုပြောသည်။ သို့သော် လုံခြုံရေးကောင်စီ၏ဆုံးဖြတ်ချက်သည် ကောင်စီတွင် အာဏာရှိသောနိုင်ငံများ၏ အမြင်ကွဲပြားမှုများရလဒ်ဖြစ်သဖြင့် မြန်မာပြည်သူပြည်သားများ စိတ်မပျက်ကြရန် သူကအားပေးသည်။

“လုံခြုံရေးကောင်စီဝင် (၁၅) နိုင်ငံစလုံးက မြန်မာပြည်မှာ လူ့အခွင့်အရေး၊ လူမှုရေးမျက်နှာစာနှင့် နိုင်ငံရေးလွတ်လပ်မှုပြဿနာတွေရှိနေတယ်ဆိုတာကို အားလုံးက အသိအမှတ်ကြပါတယ်”ဟု သူကနှစ်သိမ့်သည်။

ကုသမဂ္ဂဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်တင့်ဆွေက တရုတ်၊ ရုရှနှင့် ကြားနေနိုင်ငံများကို ကျေးဇူးစကားဆိုလိုက်သည်။

တရုတ်သံအမတ်ကြီး Wang Guangya က မြန်မာပြည်ကိစ္စသည် အချုပ်အခြာပိုင်နိုင်ငံတခု၏ ပြည်တွင်းရေးကိစ္စသာဖြစ်ပြီး ပြဿနာတွင် ပတ်သက်သူများကိုယ်တိုင် အမျိုးသားပြန်လည်သင့်မြတ်ရေးကို လုပ်ဆောင်ရမည်ဟု ဆင်ခြေပေးသည်။

ရုရှသံအမတ်ကြီး Vitaly Churkin က မြန်မာပြည်ပြဿနာသည် ကုလသမဂ္ဂ၏ လူ့အခွင့်အရေးကောင်စီ၊ အထွေထွေညီလာခံနှင့်နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးတို့ကသာ ဝင်ရောက်ကိုင်တွယ်သင့်သည်ဟု ကာကွယ်ပြောဆိုသည်။

အမေရိကန်ပြည်ထောင်စုသည် နိုင်ငံရေးအကျဉ်းသားများအားလုံးလွတ်မြောက်ရေး၊ စစ်မြေပြင်တွင် တိုင်းရင်းသူများအား မုဒိမ်းကျင့် ခင်းနှင့်အရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်နေသော စစ်ဆင်ရေးများကို ရပ်တန့်ပေးရန်တောင်းဆိုထားသော မူကြမ်းကို ဒီဇင်ဘာလ (၁၃) ရက်နေ့က အဆိုပြုခဲ့သည်။ အမေရိကန်အစိုးရ၏ အဆိုပြုချက်တွင် မြန်မာနိုင်ငံသားများ၏ လွတ်လပ်စွာဆန္ဒထုတ်ဖော်ခွင့်၊ လှုပ်ရှားခွင့်၊ ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေး၊ နိုင်ငံရေးအဖွဲ့အစည်းများနှင့် နိုင်ငံရေးခေါင်းဆောင်များ လွတ်လွတ်လပ်လပ်လှုပ်ရှားခွင့်ရရေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် အခြားအတိုက်အခံပါတီများ၏ အပိတ်ခံထားရသောရုံးများ ပြန်ဖွင့်ခွင့်ရရေးတို့ကိုလည်း ပါဝင်သည်။

လုံခြုံရေးကောင်စီသည် စက်တင်ဘာလအတွင်းက မြန်မာပြည်အရေးကို လုံခြုံရေးကောင်စီ၏အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရန် သဘောတူခဲ့ခြင်းဖြစ်သည်။ ❖

# ကေအဲန်ယူနယ်မြေမှ နအဖတပ်တချို့ပြန်ဆုတ်ပေးမည်ဟု ဆိုသည့်အပေါ် ကရင်ခေါင်းဆောင်များမယုံကြည်



နအဖစစ်အုပ်စုနှင့် ဆွေးနွေးခဲ့သည့်
ဗိုလ်ချုပ် ဌေးမောင်

စစ်အုပ်စုနှင့်ဆွေးနွေးရန် ရန်ကုန်မြို့သို့သွားရောက်ခဲ့သည့် ကရင်အမျိုးသားအစည်းအရုံး (ကေအဲန်ယူ) တပ်မဟာ (၇) မှ ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီလ (၁၁) ရက်နေ့က ကေအဲန်ယူနယ်မြေသို့ ပြန်လည်ရောက်ရှိသည်။

၎င်းအဖွဲ့သည် နအဖအတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဒုဗိုလ်ချုပ်ကြီးရဲမြင့်တို့နှင့်တွေ့ဆုံခဲ့ပြီး ကေအဲန်ယူနယ်မြေမှ နအဖစစ်တပ်တချို့ကိုရုပ်သိမ်းရန် သဘောတူညီမှုရခဲ့ကြောင်း တပ်မဟာ (၇) ထိပ်ပိုင်းခေါင်းဆောင်တဦးကိုကိုးကား၍ သတင်းများက ဆိုသည်။

နအဖတပ်များ ရုပ်သိမ်းပေးမည့် နယ်မြေများမှာ ကေအဲန်ယူ တပ်မဟာ (၇) ထိန်းချုပ်နယ်မြေအပါအဝင် ဗိုလ်ချုပ်မြမွေးဖွားရာ တပ်မဟာ (၁) ဖာပွန်ခရိုင်အတွင်းရှိ ထီးမူခီးကျေးရွာတဝိုက်၊ တပ်မဟာ (၆) ထိန်းချုပ်နယ်မြေအတွင်းရှိ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ကေအဲန်အယ်လ်အေ) ၏ တပ်ရင်း (၂၀၂) အခြေစိုက်ရာ ဝေါ်လေခီးဒေသတို့ဖြစ်သည်ဟုသိရသည်။

ကေအဲန်ယူတပ်မဟာ (၇) တပ်မဟာမှူး ဗိုလ်ချုပ်ဌေးမောင်၊ တပ်ရင်း (၁၀၁) တပ်ရင်းမှူး ဗိုလ်မှူးကြီး ဖောဒို၊ တပ်ရင်း (၂၀၂) ဒုတပ်ရင်းမှူး ဗိုလ်မှူးရွှေရှိ၊ တပ်မဟာ (၁) မှ ခေါင်းဆောင်ဟောင်း စေးပလိုပိုး၊ ကေအဲန်ယူဗဟိုကော်မတီဝင်ဟောင်းတဦးဖြစ်သည့် သင်းအုပ်ဆရာတင်မိုးသီးနှင့် အခြားသင်းအုပ်ဆရာ (၂) ဦးပါဝင်သောအဖွဲ့သည် ကရင်အမျိုးသားအစည်းအရုံးကို ကိုယ်စားမပြုကြောင်း၊ နအဖသည် ကေအဲန်ယူကို နှစ်ခြမ်းကွဲအောင် သပ်လျှိုဖြိုခွဲနေကြောင်း၊ ကေအဲန်ယူက အစောပိုင်းကတည်းက ပြောဆိုထားသည်။

တပ်မဟာ (၇) ခေါင်းဆောင်များ၏ ခရီးစဉ်သည် ကေအဲန်ယူတွင် ဩဇာအရှိန်အဝါကြီးသော ဗိုလ်ချုပ်ကြီးစောဘိုမြ၏ကျန်းမာရေးနှင့် ပတ်သက်သည် ... ပနအပြီး (၂) ပတ်အကြာတွင် ပေါ်ပေါက်လာခြင်းဖြစ်သည်။

ကေအဲန်ယူနှင့် စစ်အုပ်စုသည် အပစ်အခတ်ရပ်စဲရေးအတွက် ဗိုလ်ချုပ်ကြီးခင်ညွန့်ရာထူးမှ ဖယ်ရှားခံရပြီးနောက်ပိုင်း ၂၀၀၅ ခုနှစ်၊ မတ်လအတွင်းက တကြိမ်၊ မေလ (၁၅) ရက်တွင် တကြိမ်၊ တရားဝင်တွေ့ဆုံဆွေးနွေးခဲ့သော်လည်း ထူးထူးခြားခြား သဘောတူညီမှုမရရှိခဲ့ပေ။ စက်တင်ဘာလ (၂၉) မှ အောက်တိုဘာလ (၇) ရက်နေ့အထိသွားရောက်ခဲ့သည့်ခရီးစဉ်တွင် နအဖဗိုလ်ချုပ်ကြီးရဲမြင့်က ဗိုလ်ချုပ်ခင်ညွန့်လက်ထက်ကရှိခဲ့သော နှုတ်ကတိကို ဖျက်သိမ်းပြီး အစီအစဉ်သစ်ဖြင့် ဆက်လက်သွားချင်သည်ဟုပြောသည်။ ၎င်းအစီအစဉ်သစ်ကို ရှင်းရှင်းလင်းလင်းမသိရပါ။

တပ်မဟာ (၇) ကိုယ်စားလှယ်အဖွဲ့၏ ခေါင်းဆောင် ဗိုလ်ချုပ်ဌေးမောင်က သူ၏ခရီးစဉ်မတိုင်မီတွင် ကရင်ပြည်သူများသို့ ရှင်းတမ်းတစောင်ထုတ်ပြန်ခဲ့ပြီး သူ၏ငြိမ်းချမ်းရေးခရီးသည် ကရင်အမျိုးသားများကို ရောင်းစားရန်မရည်ရွယ်ကြောင်း၊ ကရင်ပြည်သူများ၏ဒုက္ခကို အဓိကထားဆွေးနွေးမည်ဖြစ်ကြောင်း ကတိပေးခဲ့သည်။

❖